www.burmeseclassic.com

ညတ်ဝင်းစာပေ

ဆုလေးနွယ်

# အချစ်ပွင့်လေး နောက်တစ်ပွင့်

BURMESE CLASSIC .com



www.burmeseclassic.com

GRAPHIC DESIGNED BY YuWa

www.burmeseclassic.com

စာမူခွင့်ပြုချက် ...... ၅၀၁၁၃၂၀၁၀၉

မျက်နှာဖုံးခွင့်ပြုချက် ... ၅၀၁၂၂၀၀၉၀၉

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၀ ဖေဖော်ဝါရီလ

အုပ်ရေ - ၁၀၀၀-အုပ်

တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ -ယု၀

စီစဉ်သူ -ဒေါ်ငွေးငွေးမော်

၈၉၅.၈၃

ဆုလေးနွယ်

အချစ်ပွင့်လေး နောက်တစ်ပွင့် / ဆုလေးနွယ်။

ရန်ကုန်

ဉာဏ်ဝင်း စာပေ ၂၀၀၉။

၂၄၀- စာ ၊ ၁၂. ၅ X ၁၇. ၅ စင်တီ။

(၁) အချစ်ပွင့်လေး နောက်တစ်ပွင့်

ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)

အမှတ်၇(က)၊ သုခဝတီလမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဦးအောင်ထက် (၀၈၀၀၃)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇) ၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁၃လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

မှန်လုံဖယ်ရီကားလေးတစ်စီးက ဟိုဖက် ဒီဖက် ကန့်ထရိုက်တိုက်မြင့်တွေနှင့် ပြည့်နေသော လမ်းကျယ်ကျယ် တစ်ခုထဲသို့ ချိုးကွေ့ဝင်လာ၏။

ကားလေးမှာ ကုမ္ပဏီစာတမ်း စတစ်ကာတိုကပ်ထားသဖြင့် ဝင့်ကြွားလှပနေပါသည်။

မိတ်ကပ်ရောင်ကြွေပြားတို့ကို မျက်နှာစာအပြည့် ကပ်ထားသော ခြောက်ထပ်တိုက် ခပ်လှလှတစ်ခု ရှေ့နားမှာ ကားက ထိုးပေးသည်။

တံခါးကို ဘေးသို့ တွန်းဖွင့်ကာ ခပ်သွက်သွက်လေး ဆင်းလိုက်သူမှာ ဆံပင်ရှည်ရှည်တို့ ခါးထိရှိသော ချစ်စဖွယ် မိန်းကလေးတစ်ယောက်ဖြစ်၏။ ခလယ်မကျ၊ ဘေးမကျ ဆံပင်ကြောင်းလေးနှင့် သူမ မျက်နှာလေးက ရုံးဆင်းချိန်မှာပင် ရွှင်လန်းဝင်းပနေဆဲ ဖြစ်သည်။ သဘာဝမျက်ခုံးထူထူတန်းတန်း

www.burmeseclassic.com



လေးကပင် အပြားမကြီးဘဲ အနေတော် ဆွဲထားတဲ့ မျက်ခုံးလို ထင်းလင်းလှပနေတာ။

သူမကို ရုတ်တရက်ကြည့်လိုက်လျှင် ဘဲဥပုံဆန်ဆန် မျက်နှာလုံးလုံးလေးမှာ ထိုမျက်ခုံးနှင့် ရှန်းတောက်ပိုင်းစက် သော မျက်လုံးဖလေးကြောင့် အသက်ရှူ မှားအောင် ဖမ်းစား နိုင်သည်။

ပြီးတော့ ပိုပြီး ထူးခြားတာက နှုတ်ခမ်းနီမဆိုးဘဲ ဆေး မသွင်းဘဲ သဘာဝအတိုင်း ပန်းသွေးရောင်နုနု ဖြစ်နေတဲ့ နှုတ်ခမ်းထူထူ အာအာလေးပါ။

"ငါတို့လို ပြင်စရာမလိုတဲ့ နင့်မျက်နှာမျိုးပဲ လိုချ လိုက်တာ သခွားရယ်"

ခရမ်းက ကြည့်ကြည့်ပြီး အားကျသလို ခဏခဏ ပြော တတ်သည်။ ခရမ်းလှိုင်ဆိုတာက သခွားရောင်နှင့် အလယ်တ ကတည်းက အတူတွဲလာ ခင်လာတဲ့ သူငယ်ချင်းအရင်း ခေါ ခေါက်လေ။

ဆယ်တန်းနှစ်ကစပြီး တစ်အိမ်တည်း အတူတူနေခဲ့ ညီအစ်မလို ချစ်ခင်ရသူလည်း ဖြစ်သည်။

အရွယ်တူ သူငယ်ချင်း အလှအပချင်း၊ အရည်အချ ကလည်း မတိမ်းမယိမ်းမို့ တစ်ခါတစ်ခါ တွက်ကပ်ကြ ပြိုင်ဆိုင်ငြင်းခုန်ရတာမျိုးတော့ ရှိသည်။





သို့သော် သူတို့နှစ်ယောက်မှာ တစ်ယောက်ကိုတစ်ယောက် ချစ်လည်း အတော်ချစ်ကြသည်။

"တာ့တာ . . ."

သခွားက ကားထဲက ဘော်ဒါတွေကို လက်ကလေး ဝှေ့ယမ်းပြီး တာ့တာလုပ် နှုတ်ဆက်လိုက်၏။

ပြီးလျှင် သူမ လက်ထဲက ယိုးဒယားအိတ်ကလေးကို ဟန်ပါပါ ယမ်းလျက် တိုက်အောက်ခြေသို့ လှမ်းလိုက်သည်။

သူမ ကိုင်ထားတဲ့ အနီရောင် လက်ဆွဲအိတ်လေးထဲမှာ ရေပူးတို့ ထမင်းချိုင့်တို့ ပါသည်။ မနက်ဆိုလျှင် ဒေါ်ဒေါင်းကြီးက နှစ်ယောက်စလုံးကို ထမင်းချိုင့် ထည့်ပေးသည်လေ။

ခရမ်းလှိုင်သည် ဖယ်ရီလာရပ်ကတည်းက ဝရံတာမှ နေ၍ ငုံ့ကြည့်နေမိသည်။

စကတ်အပြာ၊ ကုတ်အကျီအပြာလေးနှင့် ကုမ္ပဏီ ယူနီ ဖောင်းကို ရိုးရိုးလေး ဝတ်ထားပေမယ့် သခွားရောင်ပုံစံလေးက တခြား ကောင်မလေးတွေနှင့် မတူဘဲ ထူးထူးခြားခြား ကြည့် ကောင်းနေရတာက ဘာကြောင့်လဲ . . ။

မျက်နှာ အမူအရာ ချိုမြမြရှိလို့လား။ ဒါမှမဟုတ် လမ်း လျှောက်ပုံ လက်လွှဲပုံ စတိုင်လ်လေးက နူးညံ့သိမ်မွေ့ပြီး နွဲ့နှောင်း တဲ့ အမူအယာမျိုးပေါက်လို့လား။ ဒါမှမဟုတ် . . . ဆံပင်ရှည်ကြီး ဝဲခါခါ တယမ်းယမ်းနဲ့ စတိုင်လ်ထုတ်တတ်လို့လား၊ ဖိနပ်ကို



www.burmeseclassic.com

www.burmeseclassic.com



နှာချွန်လေးတွေ၊ ကြိုးသိုင်းလေးတွေ၊ ကြိုးချည်လေးတွေ စသဖြင့် တစ်နေ့တစ်မျိုး မရိုးအောင် မထပ်အောင် စီးတတ်လို့လား။

ဘာကြောင့်ရယ်ဟု ခရမ်း အဖြေမရှာတတ်ပေမယ့် ဆံပင်ရှည်ပျော့ပျော့လေး တယမ်းယမ်းနဲ့ သခွား လမ်းလျှောက်သွားတာ မြင်ရင် မကြည့်တဲ့ မငေးတဲ့သူဆိုတာ မရှိ။ မြင်တာနှင့် ထူးထူးခြားခြားကိုပဲ သတိပြု စိတ်ဝင်စားတတ်တာ။

လိုရင်းပြောရရင်တော့ အဲဒီ သခွားရောင်ဆိုတဲ့ မိန်းမက သိပ်ပြီး မျက်နှာပွင့်တာ၊ မနာလို ချစ်စရာကောင်းလောက်အောင် စန်းပွင့်ပြီး ချစ်သူခင်သူ ပေါတာ။

ရုံးမှာဆိုလည်း သူ့ကိုပဲ တစ်ရုံးလုံးက ဝိုင်းချစ်ကြတာ။ ဒါကြောင့်ပဲ ခရမ်းက သူနှင့်အတူ ကုမ္ပဏီတစ်ရုံးထဲ အတူတူ မလုပ်ချင်ဘဲ အလုပ်က ထွက်ခဲ့တာပေါ့။

အခုတော့ ဝါသနာပါတဲ့ ဒီဇိုင်နာကို့စ်တစ်ခုပဲ စိတ်ပါလက်ပါ တက်နေသည်။ ခရမ်းက စက်ချုပ်ကျွမ်းကျင်ပြီး၊ ဖက်ရှင်ထွင်ရရင်ကို ပျော်နေတဲ့သူလေ။ ရည်ရွယ်ချက်က အောင်မြင်တဲ့ ဒီဇိုင်နာတစ်ယောက် ဖြစ်ချင်တာ။

သခွားထက် တစ်နေရာရာ မဟုတ် တစ်နေရာမှာ သာချင်သည်။ ဒီဇိုင်နာ ခရမ်းဆိုပြီး မင်းသမီးတွေ၊ မော်ဒယ်လ်တွေကြားမှာ နာမည်ရ ရေပန်းစားလာတဲ့ တစ်နေ့ကိုလည်း ရောက်တိုရောက်ရဦးမှာပေါ့...။ ဒါကြောင့် ခရမ်း အတူး ကြိုးစားနေသည်။





"တီး ... တောင်"

"ဖွင့်ထားတယ်"

တံခါးဘဲလ်ကို တစ်ချက်ပဲ တီးရသေး၏။ အတွင်းမှ ခရမ်းအသံ ပေါ်ထွက်လာသည်။

သံပန်းကြားက လက်လျှိုပြီး တံခါးကို ဖွင့်တော့ ပွင့်သွားပါသည်။ ဒါပေမယ့် သံပန်းတံခါးမှ မဖွင့်ရသေးတာ။

"ဘယ်မှာ ဖွင့်ထားလို့လဲ"

"နင်တို့ ဖယ်ရီလမ်းထဲ ဝင်လာကတည်းက ကြိုဖွင့်ပြီးသား"

"ဟုတ်လား... အေး အေး၊ ခရမ်း... ငါ နင့်ကို ပြရဦးမယ်၊ ဆော့စ်ရဲ့ဘွားဒေါ်ကလေ ငါ့ကို ပိတ်စတစ်စ လက်ဆောင်ပေးတယ် သိလား၊ ဒီမှာ ကြည့်ဦး၊ မြင်းချေးရောင်လေး ... အရမ်းမိုက်တယ်၊ ငါ့ကို အီးမီးနင်း ဒရက်စ်လေး ချုပ်ပေးဟာ၊ ဟိုတစ်ခါ နင်ဝတ်တဲ့ ပုံမျိုး၊ ပခုံးလေး လှစ်ထား၊ ပြီးတော့လေ"

"အဲဒါမျိုးက မော်ဒယ်လ်တွေ ဝတ်တာ"

"အို ... ဘာဖြစ်လဲ ... သခွားလည်း ဒင်နာတွေ ဘာတွေ ရှိတဲ့အခါ ဝတ်မှာပေါ့"

အဲဒီ ခရမ်းရဲ့ ဖက်ရှင်ထွင်တဲ့လက်က အတော် ဩချဖို့ကောင်းသည်။ သူဝတ်ဖို့ သူချုပ်ရင် အလှဆုံးပဲ၊ သူများဝတ်ဖို့ဆိုရင် ဒီလောက် မလှဟု သခွားထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူမမှာ အိမ်ထဲ မဝင်နိုင်သေးဘဲ ရေပင် မသောက်နိုင်သေးဘဲ အင်္ကျီစကို အရင်ထုတ်ပြပြီး၊ အားတက်သရော ပြောပေမယ့် ခရမ်းပုံစံက အေးတိအေးစက်လေ။ ကြည့်ပါလား။

"ထားလိုက်လေ... သင်တန်းနားရက်ကျ ငါ ညှပ်တာပေါ့"

"ခရမ်းနော် . . . ငါ့ပိတ်စကို ချောင်ထိုးပြီး အမေ့ခံဖို့ မစဉ်းစားနဲ့၊ နင်မြင်သာအောင် ဒီစက်ခုံပေါ်မှာပဲ တင်ထားပေးမယ် . . . ဟွန်း"

သခွားရောင်က ပြောပြောဆိုဆို သူ့ရဲ့ အင်္ကျီပိတ်စထုတ်ကို ခရမ်းချုပ်တဲ့ မော်တာအဖြူလေးနား သွားထားလိုက်သေးသည်။ ပြီးမှ အဝတ်အစားလဲဖို့ အခန်းထဲ ဝင်သွားသည်။

ခရမ်းသည် မြင်နေကျ ဆိုပေမယ့် သခွားရဲ့ နောက်ပိုင်းအလှနှင့် ဆံပင်ပြန့်ပြန့်စင်းစင်းလေးကို မျက်လုံးက အလိုအလျောက် လိုက်လံ ငေးကြည့်မိသည်။ သူ လမ်းလျှောက်သွားဟန်လေးက တေးဂီတသံလေးတစ်ခု နားဆင်ရသလို နှလုံးသားကို လှုပ်ကနဲ ငြိမ့်ညောင်းသွားစေတယ်ဟု သခွားရဲ့ သူငယ်ချင်းကောင်လေးတစ်ယောက်က တင်စားပြောခဲ့ဖူးတာ ပြန်အမှတ်ရသည်။

ဟုတ်မှာပဲ . . .။ သူတို့ရင်ထဲ လှုပ်ကနဲ နွေးဖိုသွားရလို့ ရှိမှာပေါ့။ အမြင်ကပ်စရာကောင်းတဲ့ စန်းတစ်မျိုးလို့ ဆိုရမှာပဲ





ခရမ်းတော့ တစ်ခါတစ်ခါ အမြင်လည်းကပ်၊ မနာလည်းလို့။

သူငယ်ချင်းမို့ သံယောဇဉ်ကြီးရတာ မှန်ပေမယ့်၊ အင်မတန် အစေးကပ်ခဲ့၊ အဖော်ဖြစ်ခဲ့တာ မှန်ပေမယ့်၊ တချို့ကိစ္စတွေက ပြောရခက်သည်။

ခရမ်းနှင့် ဖုန်းပြောနေတာ ကောင်းသား။ အဲဒီ ဘွိုင်းဖရင့်လေးတွေဟာ သခွားကို တစ်ခါလောက်လေး မတွေ့လိုက်နဲ့ တစ်ခွန်းလောက်ကလေး စကားမပြောလိုက်မိနဲ့ ဖုန်းလေး တစ်ချက် ဟဲလို မထူးလိုက်နဲ့၊ သခွား သခွား ဆိုပြီး ဟုပ်ဟပ် ဟပ်ဟပ်နဲ့ ကြွေ မဆယ်နိုင်အောင် ဖြစ်လာပါပြီ။

ဒီလိုဖြစ်အောင် သခွား ဘယ်လို လုပ်လိုက်သလဲတော့ ခရမ်း မသိ။ ဒါပေမယ့် ခရမ်းမသိအောင် တစ်ခုခု လုပ်လိုက်တာတော့ သေချာသည်။ အပြုံးထဲမှာ ဘာထည့် ပြုံးသလဲမှ မသိတာ။ စကားလေးတစ်ခွန်း သာမန်နှုတ်ဆက်ရင်း ဘယ်လို ပညာပြသွားသလဲမှ မသိတာ။ မိန်းမမာယာဆိုတာ လျှော့တွက်လို့မှ မရတာနော်။

ခရမ်းလည်း ဘေးကနေ သတိထား အကဲခတ်နေတာပဲ။ ဒါပေမယ့် သခွားကိုက ပါးပါးလေးနဲ့ မသိမသာ သယ်သယ် သွားတာ။

"သခွား . . . နင် ဘာတွေ ဘယ်လို ဆွဲဆောင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ မင်းမင်းက နင့် မတွေ့ရင် အသည်းအသန် မေးနေတာပဲ''

''ဟင်.. ဘာလဲ၊ ဘာမှ မဆွဲဆောင်ရပါလား၊ ခရမ်း မရှိဘူးလို့ ထွက်ပြောရုံလေးပဲ ပြောတာ၊ ကော်ဖီနဲ့ ညှော်ခံတာတောင် ဒေါ်ဒေါင်းကြီးပဲ ညှော်ခံတာ၊ ငါ လုံးဝ ကြာကြာ စကား မပြောပါဘူး''

''ဒါပေမယ့် ဒီကောင် ဆေးမိထားသလို ဖြစ်နေပြီ''

''အပိုတွေ မပြောစမ်းပါနဲ့ ခရမ်းရယ်၊ နင် နေ့တိုင်း ဖုန်းကြွေပြီး ဆေးခတ်နေတာတောင် သူ ဘယ်မှာ ဆေးမိသေးလို့လဲ''

ရယ်ဟာဟာ သခွား အပြောကို ခရမ်း အတော်လေး မခံချင် ဖြစ်သွားမိခဲ့၏။ ဟုတ်တော့လည်း ဟုတ်သည်။ အဲဒီ မင်းဇော်ကို ခရမ်း အီထားတာ၊ အပျော့လေးဆွဲထားတာ ကြာတော့ ကြာပြီ။ မလှုပ်သာ မရှုန်းသာ ဖြစ်နေရှာပြီ ထင်ပေမယ့် သခွားက ခရမ်း မရှိတုန်း တစ်ခါ ထွက်စကားပြောတာနှင့် အခြေအနေတွေက ပြောင်းပြန်စီးရီး ဖြစ်ကုန်တော့တာ။

ဒါကိုပဲ မကျေနပ်လို့ ပေါ်တင် ဖွင့်ရှင်းတာ။

''ဘာလို့ မမိရမှာလဲ၊ ငါ ဘယ်အချိန် ဘယ်လိုက် ပို့ နိုင်းနိုင်း သူ ရုပ်စလွန်းလေးအောက်မှာ အဆင်သင့် ရောက်လာတာချည်းပဲ၊ နင် မတွေ့ဘူးလား''





''ကားရောက်တာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် လူက သိပ်မနိုင်ဘူး၊ နင် ကြိုးရှည်ရှည်နဲ့ အရစ်ပေးထားတာ သူလည်း သဘောပေါက်မှာပေါ့''

''ဒါက ငါ့ကိစ္စပါနော်၊ ငါသိပါတယ်''

''နင့်ကိစ္စဆိုလည်း နင် ဆက်ထိန်းလေ၊ ဘာလို့ ပျာယာတွေ ခတ်နေတာလဲ''

''မခတ်ပါဘူး... ဒါက ငါ့အတွက် အရံလူတွေပါ။ သိပ်မိန်း,မကျပါဘူး''

ခရမ်းက သူ့ကိုယ်သူတော့ သိပ် အထင်ကြီးနေသည်။ သူ မျှော်မှန်းထားတာက တကယ့်ဂရိတ်ဆိုတာမျိုး၊ သာမန်လောက်ကို ခေါင်းထဲ မထည့်ချင်။ ဒါပေမယ့် လောကကြီးမှာ အရာအားလုံး ကိုယ်မျှော်မှန်းသလို ဖြစ်ဦးမှလေ...။ အထူးသဖြင့် ဖူးစာရေးမှာ ထင်သလို၊ မျှော်လင့်သလို အကြောင်း ပါဦးမှ ဖြစ်မှာ၊ ကိုယ်နှင့် ရေစက်ပါလာတဲ့ သူကိုပဲ ကိုယ် လက်ခံရမှာ မဟုတ်ဘူးလား။

အကောင်းဆုံးကိုပဲ လိုချင်တာကတော့ ဘယ်သူမဆို လိုချင်မှာပဲလို့ သခွားထင်သည်။ ဒါပေမယ့် ကိုယ်နဲ့ ထိုက်တဲ့ သူ့ပဲ ကိုယ်ရမှာမို့လား။

''အရံဆိုတော့လည်း ဘာပူစရာရှိလဲ ခရမ်းရယ်၊ အရေးလုပ်ပြီး ပြောနေရသေးတယ်''

''မင်းမင်း စိတ်ပြောင်းတာ မခံချင်လို့ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သခွားနဲ့ မဆိုင်ဘူးလေ"

ခရမ်းက မလိုတမာ မျက်စောင်းတစ်ချက်သာ ရွယ်လိုက်သည်။ မဆိုင်ဘူးသာ ပြောတာ...။ သူက ပဥ္စပါပီလို တွေ့သမျှ လူတွေ ယစ်မူးတွေပြားအောင် ဆွဲဆောင် ဖမ်းစားနေတာ။

"မဆိုင်ရင် နောက်တစ်ခါ သူနဲ့ စကားလုံးဝမပြောနဲ့"

"ဟယ် . . . ဒါကတော့ လွန်တာပေါ့ ခရမ်းရယ်၊ လူမှုရေးဆိုတာ ရှိသေးတာပဲ၊ ငါက သူ နှုတ်ဆက်လို့မှ ပါးစပ်ကြီးပိတ်ကြီး ပြန်မဖြေရဘူးဆိုတဲ့ သဘောပေါ့"

"သခွားနော်... နင် ကပ်သီးကပ်သပ် မလုပ်နဲ့၊ နင့်ကို မြင်တဲ့လူတိုင်း ချစ်တယ်ဆိုပြီး ဘဝင်မြင့်မနေနဲ့"

"သူတို့ဘာသာ ဝိုင်းချစ်တာတော့ သခွားလည်း ဘယ်တတ်နိုင်မလဲဟယ်"

သခွားက စချင်သလို ပြုံးဖြီးဖြီးလေး တမင်လုပ်ကာ ပြော၏။

"ငါက ကြွက်နှစ်ဖွားမို့လို့ မျက်နှာပွင့်တာ၊ လူချစ် လူခင်ပေါတာလို့ ဗေဒင်ဟောတိုင်း ပြောတာပဲ၊ နင်ကတော့ မိန်းကလေးဖြစ်ပြီး ကျားနှစ်မှာမွေးတော့ ရုပ်က ခက်ထန်နေတော့ ဘယ်သူမှ အနားမကပ်ရဲတဲ့သဘော"

"တော်စမ်းပါ၊ အပိုတွေ လာပြောမနေနဲ့"

"ဟိ... ဟိ...ဟိ"





သခွားသည် စိတ်မဆိုးဘဲ မျက်စောင်းတွင်တွင် ရွယ်နေတဲ့ ခရမ်းကို အဖင်းလိုက်ဖက်ကာ ချော့မော့ နောက်ပြောင်နေတာမို့ တအောင့်ကြာတော့ အဖုအထစ်ပြေကာ နှစ်ယောက်သား လုံးလုံးထွေးထွေး ပြန်ဖြစ်သွားကြတာပဲ။

တကယ်တော့လည်း အပြင်လူတွေကြောင့် သူတို့ သွေးမကွဲနိုင်တာလည်း အမှန်ပါ။

ဘယ်လောက်ပဲ စိတ်ဆိုးဆို၊ နာရီဝက်လောက်ဆို အလိုလို ပြန်ခေါ်မိတာပဲ။ ခရမ်းမှာ အရင်းအချာထဲကဆိုလို့ အဒေါ်တစ်ဦးသာရှိပြီး အဲဒီအဒေါ်နှင့်လည်း အတူမနေပါ။ သခွားဟာ သူငယ်ချင်းဆိုပေမယ့် ခရမ်းအနေနှင့် မိသားစုလိုပဲ ဖြစ်နေပါပြီ။

သခွားအစ်မ မမအင်ကြင်းကိုလည်း အစ်မရင်းလို ချစ်ခင်ခဲ့သည်။ အခု မမအင်ကြင်းက အိမ်ထောင်ကျပြီး၊ သူ့ အိမ်ထောင်နှင့် စင်္ကာပူ လိုက်သွားသည်။

ဟိုကိုရောက်နေတာ သုံးနှစ်လောက်ရှိပြီ။ အင်ကြင်းလည်း ချောမောလှပပေမယ့် အငယ်ဖြစ်တဲ့ သခွားရောင်လောက်တော့ မလှပါ။ ငယ်ငယ်က ဓာတ်ပုံလေးတွေကို ကြည့်ရင်ကိုပဲ သခွားက သိသိသာသာ ပိုထင်ရှား ချောမောနေတာ မြင်သာပါသည်။

ခရမ်းသည် မမအင်ကြင်းအကြောင်း တွေးမိတာနှင့် သခွား နောက်လိုက်မိကာ တံခါးကို တွန်းဖွင့်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"သခွား . . . မမအင်ကြင်း ဖုန်းဆက်တယ်၊ သိလား"

"ဘယ်တုန်းကလဲ"

"ခုနပဲ"

"ဟုတ်လား . . . ဘာတဲ့လဲ"

သခွားသည် အိမ်နေရင်း ချည်သားဂါဝန် လိမ္မော်ရောင် ဖျော့ဖျော့လေးကို လှဲလှယ်ဝတ်ဆင်လိုက်သည်။ ဂါဝန်လေးနှင့်ဆိုတော့ ဆယ်ကျော်သက်ကလေးမလေး တစ်ယောက်နှင့် ပိုတူသွားပါသည်။

ပြီးတော့ ဆံပင်ကို သပ်ရပ်အောင် ပုလဲဆံညှပ် လှလှလေးဖြင့် အသာအယာ ဖွဖွလေး ညှပ်နေသည်။

"ငါ့ကို မပြောဘူး အရေးကြီးတဲ့ ပြောစရာတဲ့၊ ညမှ ဖုန်းပြန်ခေါ်မယ်တဲ့"

"ဟုတ်လား"

သခွားရောင်က မျက်မှောင်လေးကုတ်သွား၏။

"အဲဒါ နင်မေ့ပြီး၊ အောက်မဆင်းသွားနဲ့ဦး"

"အင်းပါ . . . မမအင်ကြင်း ဖုန်းမဆက်တာ ကြာပြီ၊ ငါလည်း စကားပြောချင်နေတာနဲ့ အတော်ပဲ၊ ကဲပါ . . . မောလိုက်တာ၊ ခရမ်း ငါ့ကို ရေတစ်ခွက်လောက်"

"ဩော် . . . ဒါလေး ဖွင့်သောက်ရတာကိုပဲ တစ်ဆင့်နိုင်းနေသေးတယ်"





"ယယ်ကျွန်ကြီး . . . သောက်တော်ရေ ဆက်သစမ်း"

"ငပေါမ"

"ဟီး . . . ဟီး"

ခရမ်းက ရေသန့်စက်ကလေးထဲမှ ရေတစ်ဖန်ခွက် ဖွင့်ထည့်၍ သခွားကို လှမ်းပေးလိုက်၏။ စက်ကလေးထဲက ကျလာတဲ့ ရေက အနေတော် အေးမြမြလေးပါ။

သခွားက တစ်ခွက်လုံး ကုန်အောင် မော့သောက်ပစ်လိုက်သည်။ အခုမှပဲ ရေဆာပြေသွားရ၏။

"တော်ပြီလား"

ခရမ်းက ရွဲ့မေး၏။

"ရေက ဝပြီ၊ ဒါပေမယ့် ဗိုက်ဆာတယ်၊ ထမင်းစားမယ်၊ နေ့လည်က ရုံးမှာ အဆာပြေ မုန့်ထွက်မစားဖြစ်လိုက်ဘူး . . . ခရမ်း . . . ဒေါ်ဒေါ်ငြိမ်းကြီး ဘာချက်လဲ"

"မသိဘူး . . မနက်ကဟင်းပဲ နေမှာပေါ့"

"ဟင် . . . ဘယ်ရမလဲ . . . ညနေစာတော့ တစ်ခုခု ထပ်ချက်မှာပါ"

ခရမ်းက မျက်နှာရှုံ့ပြသည်။

"ဒေါ်ဒေါ်ငြိမ်းရေ . . . ဘာချက်လဲ"

"ဟဲ့ . . . အော်မနေနဲ့၊ သွားကြည့်၊ ငါ့အကျီတွေ မီးပူတိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ငါ့အဝတ်တွေရော ယူမပေးလိုက်ဘူးလား"

"မပေးပါဘူး . . . နင့်အဝတ်တိုက်စေချင်ရင် နင် သွား ပေးပေါ့"

ဒေါ်ဒေါင်းမှာ သခွားတို့ ငယ်စဉ်ကတည်းက ထမင်းချက် အိမ်အကူဆိုပေမယ့် အခုတော့ သခွားကိုသာမက ခရမ်းကိုပါ ချစ်ခင်သံယောဇဉ် ဖြစ်နေပါပြီ။

အတူတူ အဝတ်တွေ ပုံပေးလိုက်ရင်တောင် ခရမ်း အဝတ်အစားတွေပဲ အရင်ဆုံး ဆွဲထုတ်ပြီး မီးပူတိုက်ပေး တတ်သည်။ သခွားဟာတွေဆို ခရမ်း အဝတ်ကုန်မှ တိုက်တာ။

သခွားက လခပဲ ပေးပေမယ့်၊ ခရမ်းက ဒေါ်ဒေါင်းကို လက်ဖက်ရည်ဖိုး၊ ကွမ်းဖိုးဆိုပြီး တစ်ထောင်တန်တစ်ရွက် တစ်ရွက် ခဏခဏ ပေးတော့ သူ့ကို ပိုအရေးသယ်ပြီး မျက်နှာ လုပ်တော့တာပေါ့။

ခရမ်းက နည်းနည်းတော့ လက်ဖွာသည်။ ဖွာလည်း ဖွာမယ်လေ။ သူက မိဘတွေ ထားရစ်ခဲ့တဲ့ ခြံနှင့် တိုက်ကို ငှားပြီး ရတဲ့ပိုက်ဆံ အကြိုက် သုံးစွဲနေရတာကိုး။

သခွားကတော့ မမအင်ကြင်း ပို့ပေးတဲ့ ငွေနဲ့ပဲ အိမ်စား ရိတ်ကို တိုင်းထွာသုံးစွဲရသည်။ အိမ်က ဆယ့်ခုနစ်ပေ၊ ' ပေ ခြောက်ဆယ် နှစ်လွှာမို့ ခရမ်း လာနေလည်း အကျယ်ကြီးပါ။

အောက်ထပ်မှာ အလှူမိနိုယ်နှင့် အခန်းနှစ်ခန်း ကန့်





ထားသည်။ ဒေါ်ဒေါင်းက အပေါ်ထပ် လှေကားခွင်လေး အောက် က စတိုခန်းလို သဘောမျိုး အခန်းလေးထဲမှာပဲ အိပ်သည်။ အပေါ်တစ်ထပ်မှာ ဘယ်သူမှလည်း မနေ၊ ပစ္စည်းလည်း သိပ်မရှိ။

ဒါကြောင့် ဒီတစ်ခါ မမအင်ကြင်း ဖုန်းဆက်ရင် အပေါ် တစ်ထပ်ကို ငှားလိုက်ဖို့ ပြောကြည့်ရမည်။ ကိုယ်လည်း သုံး မှ မသုံးတာလေ။ မမအင်ကြင်းတို့ လင်မယားလည်း လောလော ဆယ် ဒီကို ပြန်လာဖို့မှ မရှိသေးတာ။

သခွားမှာ ခရမ်းလည်း အဖော်ရှိနေတော့ အဆင်ပြေ နေသည်။ ခရမ်းက သူ စားချင်တာရှိလျှင် ဒေါ်ဒေါင်းကို ဈေးဖိုး သပ်သပ် ထပ်ပေးပြီး ဝယ်ခိုင်း၊ ချက်ခိုင်းတတ်သည်။ သူက အကောင်းကြိုက်သူမို့ ဆိုင်ကနေလည်း ဘဲကင်မှာလိုက်၊ ဘဲပေါင်း မှာလိုက်၊ ယိုးဒယားဖာင်းချိမှာလိုက်၊ ကြက်ကင် မှာလိုက် လုပ် တတ်သေးသည်။

သခွားရောင်က မီးပူတိုက်စရာ အဝတ်တွေ ထည့်ထားတဲ့ ပလက်စတစ်ပုံးကို သယ်မသွား၏။

"ဒေါ်ဒေါင်း . . . ဒီမှာ သခွားအဝတ်တွေ"

"ဟယ်တော့ . . . အများကြီး ကျန်နေပါလား"

"ကျန်တာ မဟုတ်ဘူး . . . သခွား အဝတ်က အခုမှ စ,တိုက်ရမှာ"

"လက်အံ့တွေတောင် သေနေပြီ သမီးရေ၊ ညဖက်မှ တစ်သုတ်ခွဲပြီး တိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဒေါင်းကြီးက လုပ်ပြီ... သခွား ယူနီဖောင်းတွေက အရေးကြီးတဲ့ ဥစ္စာ၊ ညကျ မီးပျက်ရင် နောက်နေ့ကို အော်တို မစ်တစ် ရွှေ့လိုက်ဦးမှာမို့လား... သိသားပဲ"

"မရွှေ့ပါဘူး ... ယူနီဖောင်းလေးတော့ တိုက်ပေး ထားမယ် ဟုတ်ပြီလား"

"အခု အရင်တိုက်နော်"

"အေးပါဟယ်"

ခရမ်းသည် သူတို့ ပြောတာတွေ နားထောင်ပြီး ပြုံးစိစိ လေးနှင့် သဘောကျနေပါသည်။ ပြီးလျှင် ဒေါ်ဒေါင်း မီးပူတိုက်ပြီး သား သူ့အဝတ်အစား တစ်ထပ်ကြီးကို သယ်ဆောင်၍ ဗီရိုထဲ သွားသိမ်းသည်။

"ဒေါ်ဒေါင်း ... ဟင်းက ဘာလဲ"

"မနက်က ဟင်းပဲလေ၊ ငါးဖယ် ငါးဆုပ်၊ မရမ်းသီး ထောင်း၊ ပန်းပွင့်ကြော်နဲ့ တို့စရာလေ ..."

"တော်ပါတော့ ... ဒါကြီးပဲ"

"သခွားက ဘာစားချင်လို့လဲ"

"ခရမ်း ... နင်ရော ဒါနဲ့ပဲ စားမှာလား"

"အေးပေါ့"

ခရမ်းအဖြေကြောင့် သခွား မျက်နှာလေး ရှုံ့မဲ့သွား ရသည်။ မနက် တစ်နပ်စားပြီးသားဟင်းတွေ ပြန်မစားချင်ပါဘူး။ ညစာဆို အသစ်ထပ်စားရမှပေါ့ ...။





"ဒါကြီးက မကောင်းပါဘူး ... ဘဲကင်ဝယ်ရင် မိုက် တယ် ... ခရမ်း ဝယ်လိုက်မှာ ..."

"ငါက ခေါက်ဆွဲသုပ်စပ်စပ် စားချင်တာ"

"ဒေါ်ဒေါင်း လုပ်ပေးမယ်လေ ... အိမ်မှာ ခေါက်ဆွဲ ခြောက်တွေ အဆင်သင့်ရှိသားပဲ... ဂေါ်ဖီတို့ ငါးဖယ်တို့ နံနံပင် တို့ အစာပလာတွေလည်း အကုန်ရှိတယ်၊ ဘာမှ ဆင်းဝယ်စရာ တောင် မလိုဘူး။ အခု ထသုပ်လိုက်ရင် ဆယ့်ငါးမိနစ်ပေါ့"

"ဒေါ်ဒေါင်းနော်... ဒီမှာ မီးပူတောင် မတိုက်ရသေးဘူး၊ သူ့အသုပ်ကို ပြေးလုပ်မယ် မစဉ်းစားနဲ့"

"ခဏလေးပါ သမီးရဲ့"

"ဟုတ်သားပဲ ... သခွားရယ်၊ နင်လည်း ဗိုက်ဆာမြန်ဆို မီးပူတိုက်တာက နောက်မှ ဆက်တိုက်လို့ ရတာပဲဥစ္စာ"

"အသုပ်ကြီးက စားရဦးမယ် ... မကြိုက်ပါဘူး"

သခွားက လေသံပျော့နှင့် ရေရွတ်ရင်း မျက်စောင်း ထိုးလိုက်ပါသည်။ နှစ်မဲတစ်မဲမို့ ဒေါ်ဒေါင်းက ပလပ်ဆွဲဖြုတ်ပြီး မီးဖိုချောင်သွားဖို့ လှစ်ခနဲ ပြင်သည်။

ခရမ်းစားချင်တာဆို သူဟာ မြန်မြန် လုပ်ပေးတာ မျက်နှာလိုက်တတ်သည်။ အိမ်မှာတော့ ခရမ်းကို ဦးစားပေး ခံရအောင် ခရမ်းက အစွမ်းကုန် ကြိုးစားဖန်တီးထားတာ ဒေါ်ဒေါင်းကြီးကို သူ့အကြိုက်လိုက်ကာ ပေါင်းထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုနောက်ပိုင်း ကုမ္ပဏီအလုပ်က ထွက်ပြီး၊ တစ်ပတ်ငါးရက် သင်တန်းချိန်လေးသာ အပြင်ထွက်သဖြင့် သူက အိမ်မှာနေချိန် ပိုများလာပြီး ဒေါ်ဒေါ်င်းနှင့် ပိုအဖွဲ့ကျအောင် လုပ်ထားတယ်ဆိုတာ သခွားလည်း ရိပ်မိပါသည်။

ဒေါ်ဒေါ်င်းက ဒူးရင်းသီး စားချင်လိုက်တာဆိုရင် သွားဝယ်သွားဝယ်၊ ရေခဲသုပ်စားချင်လိုက်တာ၊ ဖာလူဒါ သောက်ချင်လိုက်တာ၊ ဒန်ပေါက်စားချင်လိုက်တာဆိုရင်လည်း သွားဝယ် . . . သွားဝယ်ဆိုပြီး ပိုက်ဆံ ချက်ချင်း ထုတ်ပေးတော့ ဟိုကလည်း မသိမသာတော့ ရောင့်တက်ချင်လာပြီပေါ့၊ သခွားဆီကတော့ ဒါမျိုးတွေလည်း မလာ၊ စားချင်တာကိုလည်း မပူဆာ မတောင်းဆိုရဲ။

သခွားနဲ့တော့ မုန့်တန်း ဆက်ဆံပြီး၊ ခရမ်းကိုတော့ ဒေါ်ဒေါ်င်းက ပိုပြီး ပြောရဲဆိုရဲ ရှိ၏။

ဖြစ်နေပုံက ကိုယ့်လူ သူ့ဖက်သား ပုံစံလေ။

သခွားက ထထွက်သွားသော ဒေါ်ဒေါ်င်းကို ဘာရယ်မဟုတ် မကြည့်မလင် လိုက်ကြည့်မိရင်း၊ ခေါင်းပေါ် တပ်ထားတဲ့ ရွှေရောင်ကလစ်လှလှကို သတိပြုမိသည်။

"တယ်ဟုတ်နေပါလား၊ အကောင်းစား ကလစ်ကြီး၊ နင်ပေးလိုက်တာလား ခရမ်း"

"အေး"





"သူနဲ့ လိုက်တာကိုလည်း ပေးဦးမှပေါ့၊ ဒီလောက်ကြီး ဖန်စီကျနေတာတွေဆိုတော့ ကလေးကလားနဲ့"

"သူကြိုက်လို့ သူ တပ်တာပဲ"

"နင်လုပ်ရင်တော့ ဒေါ်ဒေါ်င်း ပျက်စီးမှာပဲ၊ အခု အိမ်နေရင်းလည်း မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနဲ့ ဖြစ်လာပြီး လက်သည်းလည်း အရှည်ထားလာပြီ၊ လက်သည်းနီပုလင်းတွေ နင်ပေးတာဆို"

"အေးလေ . . . ငါ စေတနာရှိလို့ ငါ ပေးတာပဲ"

"သူ တစ်သက်လုံးက သနပ်ခါးပဲ လိမ်းတတ်ခဲ့တဲ့ဥစ္စာ"

အခုနောက်ပိုင်း ဒေါ်ဒေါ်င်းလည်း အလွန် လှချင်လာပါသည်။ အသက်ငါးဆယ်နားရောက်မှ နားကွင်းကြီးကြီး ပန်လိုပန်၊ ခရမ်းပေးတဲ့ တီရှပ်လက်စက ဝတ်လိုဝတ်၊ အိမ်နေရင်းလည်း မိတ်ကပ်တွေ နှို့ရည်တွေ ပြာနှမ်းနေအောင် လိမ်းခြယ်ပြီး၊ နှုတ်ခမ်းနီ တောက်တောက်တွေ ဆိုးလာတာ သခွား သတိထားမိသည်။

ဒီအရွယ်ကြီးကျမှ ခရမ်း မြှောက်မြှောက်ပေးလို့ ပုံပြောင်းလာတာ . . .။

နဂိုက အသားညိုတဲ့ အညာသူဆိုပြီး သူ့ကိုယ်သူ အားငယ်ကာ အလှမပြင်ရဲတဲ့ ဒေါ်ဒေါ်င်းကြီးမှာ အခု တဖြည်းဖြည်း ဆေးဆိုးပန်းရိုက်မျက်နှာ ဖြစ်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"နင်စေတနာရှိလည်း အသစ်ဝယ်ပေးပါလား။ နင် မသုံးတဲ့ ဒိတ်လွန်မိတ်ကပ်တွေကို သူက နေ့နေ့ညည စွပ်လိမ်းတာ။ ဘာမှ မသိဘူး၊ အခု သူ့မျက်နှာမှာ တင်းတိပ်တွေတောင် တော်တော် စွဲလာပြီနော် ... ကြည့်လုပ် ခရမ်းရေ"

"ဟား ... ဟား ... မတတ်နိုင်ဘူး၊ သူက ပါးပေါ်က တင်းတိပ်ကို ကွယ်ချင်လို့ကို ပိုလိမ်းနေတာ"

"သူ့မှာလဲ လှချင်တာ တစ်ဒုက္ခပဲ"

"အပျိုကြီးပဲ ... ပြင်ပစေ"

"ဟဲ့... ပြင်တိုင်းကောင်းမလား၊ အခု ဘယ်လိုပုံပေါက်နေပြီလဲကြည့်ဦး၊ လမ်းထွက်ရင် သူများတွေ ဟားမှာပေါ့"

"အေး... လက်ဖက်ရည်ဆိုင်က စားပွဲထိုးတွေ သူ့ ကို စကြတယ်တဲ့၊ အန်တီက မိုက်တယ်ဆိုလို့ ဟိုနေ့က စိတ်တွေ ဆိုးလာသေးတယ်"

"အေးလေ... စ,ချင်မှာပေါ့၊ တစ်သက်လုံး အေးအေး ချမ်းချမ်း နေလာတဲ့သူကို နင် ဟော့ရှော့ဖြစ်အောင် သွားမလုပ် ပါနဲ့ဟယ်၊ ဒီအရွယ်ကြီးကျမှ ဘာဘာညာညာ စိတ်ကူးရင် ငါ့ကို မမအင်ကြင်းဆူမှာ၊ အခု ဒီပုံကိုတောင် မမအင်ကြင်း မမြင်လို့ သာပေါ့"

ခရမ်းလှိုင်က ပေါ့ပေါ့ပါးပါး သဘောတကျ ရယ်သာ ရယ်နေ၏။





သခွားမှာသာ ပူပူပန်ပန် လိုက်ထိန်း၊ လိုက်သတိပေးနေရတာ။

"နင် မကြိုက်ရင် နင် ပြောထားပေါ့"

"ဩော် ... သခွားက ခုမှ သွားတားရင် သခွားကိုပဲ စိတ်ပုပ်တယ် ထင်မှာပေါ့၊ သူ့ကို တားတာထက် နင့်ကို သတိပေးဖို့က ပိုအရေးကြီးနေပြီ"

"အို ... ဒီအရွယ်ကြီးပဲ ရှိနေပြီ၊ သူ့ ဆုံးဖြတ်ချက်နဲ့ သူ လုပ်တာပါ၊ ငါနဲ့ ဘာမှ မဆိုင်ဘူး"

"နင်မြှောက်ပေးလို့ ပိုဆိုးနေတာ"

"ငါက စိတ်ချမ်းသာစေချင်လို့ပါနော်"

"ဘာစိတ်ချမ်းသာစေချင်တာလဲ၊ မတော်တရော် အင်္ကျီတွေ ဝတ်နိုင်းပြီးတော့"

"သူ လိုချင်တယ် တောင်းလို့ ပေးလိုက်တာပါ"

"အရင်က ဘာမှ မတောင်းတတ်ဘူး၊ ငါ ဆင်ပေးတာ ဝတ်လိုက်တာပဲ"

"ဒါကတော့ ဘာတတ်နိုင်မှာလဲ၊ အိမ်ရှင်ဆင်တာ ဝတ်ရတာပေါ့၊ ဒါပေမယ့် သူလည်း အဘွားကြီးပုံစံ ပုံတုံးတွေ ဘယ် ဝတ်ချင်ပါ့မလဲ၊ မတတ်သာလို့ ကြိတ်မှိတ်ဝတ်နေရတာ၊ ကိုရီးယား ကားထဲက အဒေါ်ကြီးတွေပုံစံ သူလည်း တွေ့နေတာပဲ၊ ငါ့ကိုတောင် ဖိစကာဒ် ချုပ်ပေးပါလို့ နင်မသိအောင် ပူဆာနေတာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . . နင်လုပ်တာနဲ့ ပြဿနာတော့ တက်တော့မယ်နော် ခရမ်း၊ လင်နောက်တွေဘာတွေ လိုက်ပြေးရင် ငါ မရှင်းတတ်ဘူးနော်၊ ဒါပဲ . . . နင် ကိစ္စ နင်ပဲ ရှင်းရမယ် အဲဒီကျမှ ငါ့ခေါင်းပုံမလာနဲ့"

"ဟဲ . . . ဟဲ . . ဒီလောက်တော့ မဆိုးပါဘူးဟယ်၊ ဒီလောက်လည်း မစိုးရိမ်စမ်းပါနဲ့၊ သူ လှချင်တာ ရိုးရိုးလှချင်တာပါ၊ သူ့ကိုယ်သူ ထိန်းတတ်တဲ့ အရွယ်မျိုးပဲ၊ ဘာပူစရာလိုလဲ၊ သူများတွေ ဒီအရွယ်ဆို မြေးတောင် ချီနေပြီပဲဟာ"

"အေး . . . ပြောမရရင်လည်း ဆက်သာလုပ် ခရမ်းရေ စိတ်ညစ်တယ် . . . ကျေးဇူးပြုပြီး လက်သည်းတော့ အရှည်မထားနိုင်းပါနဲ့၊ အိမ်မှာ သူပဲ ချက်ပြုတ်နေတာ၊ နင် သိရဲ့သားနဲ့ နင့်လက်သည်းနီ မသုံးတာရှိရင် ငါ လွှတ်ပစ်ပေးပါ့မယ်၊ ဒေါ်ဒေါင်းကြီးတော့ မပေးစမ်းပါနဲ့ဟယ်"

"အေးပါ . . . အေးပါ အဲဒါတစ်ခုတော့ ငါလည်း မကြိုက်ပါဘူး၊ သူ့ကို ပြောထားမယ်၊ ငါပြောရင် ရပါတယ်"

ခရမ်းက သူပိုင်ကြောင်း ထပ်ကွန့်ပါသေးသည်။ တကယ်ပဲ နားကြားပြင်းကပ်စရာ . . ။

ဒေါ်ဒေါင်းရဲ့ ဆီချက်နံ့ သင်းလာချိန်မှာ သခွားက မီးဖိုထဲ အမြန်ပြေးသည်။ ခေါက်ဆွဲသုပ်ကို ကိုယ့်ဘာသာ နယ်စားမှ ဖြစ်တော့မှာ။



သူများ နယ်ဖတ်ပေးတာ သခွား မကြိုက်။ လက်အိတ်မစွပ်ဘဲများ နယ်လိုက်ရင် လုံးဝ စားလို့ရမှာ မဟုတ်တော့ပါ။ သခွားက အင်မတန် အသန့်ကြိုက်သူ ဖြစ်သည်။

ခရမ်းကတော့ အဲလောက် ချေးမထူ။

သူ့ရှေ့ကို ပန်း ကန်လှလှနှင့် သပ်သပ်ရပ်ရပ် လာချလိုက်ရင် ပြီးပြီ။

တူတစ်စုံဆွဲပြီး ဟန်ပါပါလေး စားလိုက်မှာပင်။

"သခွားရဲ့ အသုပ်ကို မနယ်ဘူးနော်၊ သခွားဘာသာ စိတ်ကြိုက် ထည့်သုပ်မှာ"

"အေးပါ . . . မနယ်ပါဘူး"

ဒေါ်ဒေါင်းက ဘဲဥတွေ၊ ဝါးဖယ်ကြော်တွေ ခရမ်း ပန်းကန်ထဲသို့ ခပ်များများ ညှပ်ထည့်နေ၏။

စေတနာတွေ ပရွှနဲ့လေ . . ။

သခွားလည်း အမြင်ကပ်ကပ်နှင့် သူပြင်ထားတဲ့ ပန်းကန်မောက်မောက်ကြီး အပြည့်ကိုပဲ မသိယောင်ဆောင်၍ ဆွဲယူလိုက်ပါသည်။

"ဟဲ့ . . . ဟဲ့ . . . မှားမယ် . . . အဲဒါ ခရမ်းလေး ပန်းကန်"

ခရမ်းကိုများ ခရမ်းလေးတဲ့။

အခေါ်အဝေါ်ကိုက လာ . . လာချည်သေး . . ။

www.burmeseclassic.com

www.burmeseclassic.com



"အို… မမှားပါဘူး၊ အတူတူပဲဉစ္စာ၊ ဒေါ်ဒေါင်း သူ့ဖို့ နောက်တစ်ပွဲ ပြင်သုတ်လိုက်ပေါ့၊ ဒါလေးများ"

သခွားက ပြုံးစိစိလေးနှင့် အဆင်သင့် နယ်ရုံပဲ ကျန်တဲ့ ပန်းကန်ကို မ,လာပါသည်။

ဒေါ်ဒေါင်းကြီးမှာ ဘာမှ ထပ်မပြောသာ။ သခွားကသာ သဘောတကျ တဟိဟိ ကြိတ်ရယ်လိုက်ပါသည်။

◆◆◆

ညဦးပိုင်းမှာ ခရမ်းက အခွေဆိုင်က ငှားထားတဲ့ မြန်မာကားခွေတွေ သွားအပ်ဖို့ ဆင်းသွားတဲ့အချိန်မှာပဲ စက်ဘ်ပူက ဖုန်းဝင်လာခဲ့သည်။

"ခွားရေ… ဘယ့်လိုလဲ… နေကောင်းတယ်မို့လား"

"အင်း….မမတို့ရော"

"အားလုံး အိုကေပဲ၊ အဆင်လည်း ပြေတယ်၊ အခု မသုံးဖို့ ကားတစ်စီးတောင် ကိုကြီးက ထပ်ဝယ်ထားပေးသေးတယ်"

"ဟယ်… ဒါဆို မိုက်တာပေါ့"

"ခွား… အစ်ကိုကြီးလည်း ကုမ္ပဏီမှာ ရာထူးတိုးသွားပြီ သိလား"

"ဒါကြောင့် မမအင်ကြင်း ပျော်နေတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ပျော်နေတာက ငါ့ကိစ္စ မဟုတ်ဘူး ခွားရေ၊ နှင့်ကိစ္စ နှင့်ကိစ္စ"

"ဟင်"

မမအင်ကြင်း စကားကို နားမလည်။

"စက်ာပူမှာ ကုမ္ပဏီကြီး ဖွင့်ထားတဲ့ အန်ကယ်ဦးကျော်မောင်ကို ခွား သိတယ် မဟုတ်လား"

ဦးကျော်မောင် . . .။

မသိဘဲ ရှိမလား။ မမအင်ကြင်း ယောက်ျား ကိုမြတ်သူရကို စက်ာပူမှာ အလုပ်အကိုင် ကောင်းကောင်းရအောင် စီစဉ်ပေးတဲ့သူ။ ဟိုမှာ အခြေချနိုင်အောင် အစစအရာရာ ကူညီ ပံ့ပိုးပေးခဲ့တဲ့သူပဲ။

မမတို့ ဖနီးမောင်နှံအတွက် ရောမ ကျေးဇူးရှင်တစ်ယောက်ပါ။

"သိတယ်လေ . . . ဘာလို့ မေးတာလဲဟင်"

"နှင်တော့ ပွတာပဲ ခွားရေ၊ အန်ကယ်လ်ကျော်ရဲ့သူ့သားနဲ့ နှင့်ကို သဘောတူတယ်တဲ့၊ ငါ့ဆီမှာ ခွင့်ပြုမှာလားလို့ မေးနေတယ်"

"ဟင်"

မထင်မှတ်သော စကားမို့ သခွား မျက်နှာလေး နွေးကာဖြစ်သွားရသည်။



"လူကောင်းသူကောင်းလေး တွေ့ဖို့ဆိုတာ မလွယ်ဘူးဟဲ့၊ ခွား လင်ကောင်းသားကောင်းရဖို့က မမအင်ကြင်း တာဝန်ပဲလေ၊ တို့ညီအစ်မတွေ ပွင့်ပွင့်လင်းလင်းပဲ ပြောရအောင်၊ ရန်ကုန်မှာ ခွားကို ထားခဲ့ရတာ လုံးဝ စိတ်မချဘူး၊ မတော်တရော်ကောင်တွေနဲ့ မတော်တဆ တွေ့သွားမလား မမမှာ အမြဲတမ်းစိတ်ပူနေရတယ်၊ ကိုယ်ကလည်း မျက်စိ ဒေါက်ထောက် ကြည့်နေပြီး ကိုယ်တိုင် စီမံပေးနိုင်တာ မဟုတ်ဘူးလေ၊ အခုတော့ကောင်းတာပဲ၊ အန်ကယ်ကျော်က အင်ကြင်းညီမကိုပဲ ချွေးမတော်မယ်တဲ့၊ ဟင်း . . . ဟင်း လူကိုတောင် မတွေ့ဘူးပဲ ဓာတ်ပုံလေး မြင်တာနဲ့တင် မမဆီ တောင်းတော့တာ၊ သူ့သားက ဘွဲ့ရပြီး ကုမ္ပဏီ ထောင်ထားပြီ"

"စက်ာပူမှာပဲ မဟုတ်လား၊ သခွားက ဒီမှာပဲ နေမယ့်သူနော်၊ မဖြစ်နိုင်ဘူးလို့ မမ ငြင်းလိုက်တယ်မို့လား"

"အမယ်လေး . . . ဒီအခွင့်အရေးကြီးကို ဘယ်သူက ငြင်းမှာလဲ၊ ခွားနော်၊ စကားတောင် မစရသေးဘူး၊ ပုတ်ထုတ်မယ်မကြံနဲ့၊ နှင်လည်း တစ်သက်လုံး အပျိုကြီး လုပ်သွားမှာ မဟုတ်ဘူး၊ အချိန်တန်ရင် အိမ်ထောင်ပြုမှာပဲ၊ ခွားမှာ အားကိုးအားထား လိုတယ်၊ ခွားက အခုဆို ကျောင်းလည်း ပြီးနေပြီ၊ ဒီက ခွားထက် ငါးနှစ်ခြောက်နှစ်လောက်တော့ ပိုကြီးမယ်၊ အသည်ကလည်း မိုက်တယ် ဖိုးကောင်းကင်တဲ့၊ မန္တလေးမှာပဲ

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ ဒါပေမယ့် သူ့အဖေဆီ လာလိုက် သွားလိုက် လုပ်နေတာ၊ သူ့ကိုတော့ ငါ ကောင်းကောင်းသိပါတယ်၊ သူ့ငွေး သားလို့တောင် မထင်ရဘူး။ မာန်မာနကင်းပြီး ရိုးသားတယ်၊ ပညာလည်း တော်တယ်၊ ဒီလိုလူမျိုး ခွား ရှာလည်း တွေ့မှာကို မဟုတ်ဘူး၊ သိလား မမပြောတာ ယုံ''

သခွားသည် ဒီအစ်မကို ရိုကျိုးလေးစားလို့သာ၊ ပြောသမျှ နာခံခေါင်းညိတ်တတ်မြဲ ရှိခဲ့လို့သာ ဘာမှ သိပ်ဆင်ခြေ မပေးရဲ သော်လည်း ဒီတစ်ခါ အစီအစဉ်ကိုတော့ဖြင့် ဆင်ခြေလေး အတွန့် တက်ချင်တာ အမှန်ပင်ဖြစ်သည်။

ဒါကြောင့် မျက်နှာလေး ရှုံ့မဲ့ရင်း နည်းနည်းပါးပါး အရဲစွန့် လျက် . . .

"မမရယ် . . . မမတို့သာ အန်ကယ်လ်ဦးကျော်မောင် မိသားစုနဲ့ ရင်းနှီးတာ၊ သခွားက သူ့ကို တွေ့ဖူးတာမှ မဟုတ်တာ၊ ပြီးတော့ သခွား အဲဒါတွေ မစဉ်းစားချင်သေးဘူး၊ ဒီလိုပဲ လွတ်လွတ်လပ်လပ် နေချင်သေးတယ်''

သခွားလည်း အချစ်ရေး အိမ်ထောင်ရေး ကိစ္စမှာတော့ ကိုယ့်သဘောကျ ကိုယ့်စိတ်တိုင်းကျ၊ ကိုယ်နှစ်သက်တာမှ လက်တွဲချင်စိတ်ရှိသည်။

အချစ်မပါဘဲနှင့် ဘဝအတွက် အားကိုး အားထား လိုအပ်ချက်တစ်ခုအရတော့ လက်တွဲဖော် မလိုချင်။



"အမယ်လေးနော်၊ ဘာ လွတ်လွတ်လပ်လပ်လဲ၊ ခွား နော်၊ မမက ကောင်းတာစီစဉ်တာ နာခံဖို့ပဲ စဉ်းစား၊ ဘာမှ ဆင်ခြေပေးမနေနဲ့ ဖိုးကောင်းကင်လို ယောက်ျားမျိုးကို လိုချင်တဲ့ မိန်းကလေးတွေမှ အများကြီး၊ ငါ့ညီမလေး ကံကောင်းတာကို ဂုဏ်ယူတတ်စမ်းပါဟယ်၊ စိတ်ကူး မလွဲနဲ့ . . . မမှားနဲ့တော့၊ အခု ကိုဖိုးကြီးက ရန်ကုန်လာရတော့မှာ''

"ဟင် . . . ''

မမ စကားကြောင့် မျက်လုံးပြူးသွားရ၏။

သူမက ဒီကိစ္စ အခုချက်ချင်း အကောင်အထည် ဖော်မှာဟု လုံးဝ မထင်။ စကားအဖြစ် ကမ်းလှမ်းထားရုံလောက်ပဲ ထင်တာ။

"တောင်ဒဂုံက စက်မှုဇုန်မှာ သူတို့ရဲ့ အအေးခန်း စက်ရုံတစ်ခု အသစ် ဆောက်နေတာ၊ အဲဒါကို ကြီးကြပ်ဖို့တဲ့၊ သူ ဟိုတယ်တက်နေမှာစိုးလို့ မမက ကမန်းကတန်း အခန်းပို ရှိတယ် ပြောရတာ၊ ခွားတို့မှာလည်း မိန်းမသားချည်းပဲ ဖြစ်နေတာ မဟုတ်လား။ အပေါ်ထပ် တစ်လွှာမှာ ကိုဖိုးကြီး လာနေ သိမ့်မယ်၊ ကြားလား''

"ဟုတ်ကဲ့''

"ခွားနဲ့ မပတ်သက်ဘူးဆိုရင်တောင် မမတို့က အန်ကယ် ကျော်သားကို ကူညီပေးရမယ့် ဝတ္တရားရှိတယ်၊ သူတို့ကျေးဇူးတွေ

www.burmeseclassic.com

www.burmeseclassic.com



က တို့အပေါ်မှာ အများကြီး၊ စားရေး၊ သောက်ရေးကိုတော့ အိမ်မှာပဲ စီစဉ်ပေးလိုက်၊ ဒေါ်ဒေါ်င်းကို ဖွယ်ဖွယ်ရာရာလေး ချက်နိုင်းနော်၊ ဈေးဖိုးလည်း ပိုထုတ်ပေးလိုက်၊ သိလား''

မမအင်ကြင်းက အိမ်သုံးစားရိတ်အတွက် ဘဏ်မှာလည်း ထည့်ထားပေးခဲ့သည်။

လစဉ်လည်း ဟိုကနေ ပို့ပေးသည်။ သို့ပေမယ့် သခွားက အပိုမသုံးဘဲ ကြပ်ကြပ်မတ်မတ် စီစစ်ကာ လိုတာပဲ သုံးစေသည်။

ပို့ပေးတဲ့ ပိုက်ဆံတွေ အကုန် သုံးပစ်လိုက်တာပဲဟု မဖြစ်စေချင်။

သူမက လစဉ် စုဖို့ သပ်သပ်ဖယ်ထားသည်။

''ဟုတ်ကဲ့ မမ၊ အဲဒါအတွက်တော့ စိတ်ချပါ''

''အဲဒါအတွက် စိတ်ချဆိုတော့ ဘာအတွက် စိတ်မချရဘူးလဲ၊ သခွားနော် . . . နှင့်လေသံကို ငါသိတယ်၊ ကိုဖိုးကြီးကို ကောင်းကောင်းမွန်မွန် ဆက်ဆံနော်၊ သူလည်း လူကြီးလူကောင်း၊ သားတစ်ယောက်ပါပဲဟယ်၊ နှင်တို့ နီးနီးစပ်စပ် နေကြတုန်း တစ်ယောက်ကိုတစ်ယောက် အကဲခတ်လို့လည်း ရတာပေါ့။ သူက မွန်မွန်ရည်ရည် သားသားနားနားပါ။ ရုပ်လည်း မဆိုးပါဘူး။ အိမ်ထောင်ဖက်အဖြစ် စဉ်းစားလို့ရမှာပါ၊ နှင် သူ့ကို တွေ့ရင် ငါပြောတာ လက်ခံရမှာပါ ခွားရယ်၊ ကြည့်လိုက်ဦး၊ နောက်တစ်ပတ်ထဲမှာပဲ သူ ရန်ကုန်လာလိမ့်မယ်၊ ခွားနဲ့ ပြောပြီးရင်



ဒေါ်ဒေါ်င်းကို ခဏပေး၊ မမ ဒေါ်ဒေါ်င်းကိုလည်း မှာစရာတွေ ရှိသေးတယ်၊ ညွှေသည်ကို သေချာ ညွှေခံဖို့၊ တာဝန်ကျေဖို့၊ ခွားလည်း ဘေးကနေ ကြည့်ပေးဦး နော်၊ အဆင်မပြေတာရှိလည်း မမသိ လှမ်းပြောပေါ့၊ ဟုတ်လား''

''အင်း . . . အဆင်ပြေမှာပါ''

သခွားက မမအင်ကြင်းနှင့် ပြောပြီးနောက် ဒေါ်ဒေါ်င်းကို လှမ်းခေါ်လိုက်သည်။

ခရမ်းနှင့်က ညနေတုန်းက ပြောပြီးပြီ။ မမအင်ကြင်း ခရမ်းကိုရော ဒီအကြောင်းတွေ ပြောပြလိုက်သေးသလားမသိ။ သခွားသည် ဖိုးကောင်းကင်ကိစ္စကို ကြားလိုက်ရပြီးကတည်းက စိတ်တွေ ရှုတ်ထွေးနေသည်။

ကိုဖိုးကြီးဆိုတာက ရိုးရိုးတန်းတန်း အသိမိတ်ဆွေ ညွှေသည်တစ်ယောက်ဆိုလျှင် ကိစ္စမရှိ။ သူမ ဝမ်းပန်းတသာ ပျူပျူငှာငှာ ဖော်ရွေဖို့ အသင့်ပါ။

ဒါပေမယ့် အခုဟာက ရိုးရိုးမဟုတ်ဘဲ သခွားနှင့် သဘောတူတာတဲ့။

ပြဿနာပဲ . . .။

ဘယ်လို လုပ်ရပါ့ . . .။

သူက ဒီမှာနေပြီး သခွားကို အကဲခတ်ဦးမှာပဲ။

သခွားရောင်စိတ်တွေ ကျဉ်းကျပ် ညစ်ညူးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ မစဉ်းစားချင် . . . ။

ရည်းစားမထားချင်သေးလို့ စိတ်ဝင်တစား ချဉ်းကပ်နေတဲ့ သူတွေကိုတောင် ဘယ်သူ့မှ လက်မခံဖြစ်သေးတာ ကြည့်လေ။

အခုတော့ ရည်းစားရှိရင် အကောင်းသားဟု တွေးလာမိသည်။ ကိုယ်မသိတဲ့ သူစိမ်းယောက်ျားတစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် စဉ်းစားကြည့်ဖို့ဆိုတာ မလွယ်။ ကုမ္ပဏီရုံးမှာပင် သူမကို စိတ်ဝင်တစား ရွှန်းရွှန်းစားစား ကြည့်နေတဲ့ ယောက်ျားလေး သုံးလေးယောက် ရှိနေသည်။

သန်းထိုက်၊ ဇော်ဝင်း၊ အေးကို . . .။

ဒီသုံးယောက်က အသည်းအသန်။

အင်း . . . အရင်က မသိဟန်ဆောင် လျစ်လျူရှုခဲ့မိတာ မှားပြီလား . . . နောက်ကျသွားပြီလား။

ဒီအချိန်မှာ ရည်းစားရှိပြီးသားဆိုလျှင် မမအောင်ကြင် ခုလို စိတ်ညစ်ရမှာမဟုတ်။

အခုတော့ သခွား သိပ်ညှံ့သလို ဖြစ်နေပါပြီ။

မယူချင်ပါဘူး၊ အဲဒီ ဖိုးကောင်းကင်ဆိုတဲ့ လူကြီးကို၊ နာမည်ကိုက အထက်စီးနဲ့။

သူ့ဘာသာ သူဌေးသားဆိုတော့ရော အထင်ကြီးရမှာလား။ ကိုယ်ပိုင် ကုမ္ပဏီနဲ့ဆိုတော့ရော မက်မောရမှာလား။



အန်ကယ်လ်ဦးကျော်မောင်ရဲ့ သားမို့ မမအောင်ကြင်းက အခါအခွင့်သင့်တုန်း ကျေးဇူးဆပ်ချင်၊ ကူညီချင်တယ်ဆိုရင် ဒီတိုင်း ကျေးဇူးတုန့်ပြန်ပစေပေါ့။

သခွားသည် ဝရံတာမှာ တစ်ယောက်တည်း ထွက်ထိုင်ရင်း ထိုကိစ္စကို အပြင်းအထန် စဉ်းစားနေမိ၏။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဒေါင်းက အပေါ်ထပ် သွားရှင်းကာ အိပ်ရာပြင်ပေ
တာ၊ စားပွဲကုလားထိုင်တစ်ချို့ ရွှေ့သယ်ပေးတာတွေ လုပ်ပေ
သည်။

သခွားရောင်နှင့် ခရမ်းမှာ ကုစရာရှိတာ ကုသယ်ပေ
ပြီးတာနှင့် နှစ်ယောက်သား စကားတတွတ်တွတ် လုပ်နေမိပေ

"လာမှာကတော့ ရွှေမင်းသားပဲ၊ ဟူး... မောလိုက်တာ"

"နင်က ပါးစပ်ကလေးက မောတာပဲ ပြောတာ၊ ငါ
ဘယ်လောက် စိတ်ရှုပ်နေသလဲ နင်မသိဘူး ခရမ်းရေ"

"မမအင်ကြင်း စီစဉ်တာ ကောင်းတဲ့ ကိစ္စပဲ၊ ဘာ စိတ်ရှု
စရာရှိလဲ"

"ဘာကောင်းတာလဲ၊ ဘုမသိ ဘမသိနဲ့ ငါက ယောက်ျ
ယူရမှာလား၊ အိမ်ထောင်ရေးဆိုတာ မိန်းမ တစ်ယောက်ရဲ့ အရေ
အကြီးဆုံး အချိုးအကွေ့ဟဲ့၊ လွယ်လွယ် ဆုံးဖြတ်လို့ မရဘူး



"သခွားရယ် ... နင်က ကြိုပြီး စိတ်ပူနေပြန်ပါပြီ၊
အရင်ဦးဆုံး တစ်ယောက်ကို တစ်ယောက် လေ့လာရဦးမှာပဲ၊
ချက်ချင်းကြီး စီစဉ်တာမျိုးမှ မဟုတ်တာ၊ နင့်ဆီမှာ အခွင့်အရေး
အပြည့်ရှိနေတာပဲ၊ သင့်တော်ရင် စဉ်းစားရမှာပေါ့"

"နင် စဉ်းစားပါလား"

"ဩော် ... ငါ စဉ်းစားဖို့ လိုခဲ့ရင် စဉ်းစားမှာပေါ့၊
အဲဒီလို လူစားမျိုးပဲ ရှာနေတာ"

"အင်း ... ဟုတ်တယ်နော်"

သခွားသည် မေးစေ့လေးကို ပွတ်ရင်း အကြံထုတ်သည်။
ဉာဏ်နီဉာဏ်နက်တို့ရေ ... မြန်မြန် ထွက်စမ်းပါဦး။

မမအင်ကြင်း စီစဉ်တဲ့ ကိုဖိုးကောင်းကင်ဆိုတာ ကိုယ်ပိုင်
အလုပ်အကိုင်နှင့် ချမ်းသာ ပြည့်စုံသူ... ခရမ်းနှင့်ဆို အံကိုက်ပေါ့၊
သူလည်း ဒါမျိုးရှာနေတာပါလို့ ပြောနေပြီပဲ။

"ခရမ်း"

သခွားခေါ်သံလေးမှာ အားတက်သရော စိတ်လှုပ်ရှားသံ
ဖြစ်နေ၏။

ခရမ်းက သခွားမျက်နှာကို စိုက်ကြည့်သည်။

မျက်နှာ အမူအရာလေးက တစ်မျိုးဖြစ်နေသည် မဟုတ်
လား။ သခွားရဲ့ ဟန်ပန်လေးမှာပင် အစီအစဉ်တစ်မျိုး ပါနေသည်။

"ခရမ်း ... ငါ့နေရာမှာ နင်နေပေးလိုက်ရင်ရော"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို"

"နှင်က သခွားရောင် လုပ်လိုက်ပေါ့"

ခရမ်း မျက်ခုံးပင့်သွား၏။ အံ့အားသင့်သွားပုံလည်း ရသည်။

"ရမယ် အားကြီးကြီး၊ ဟိုက နှင့်ကို သိမှာပေါ့"

"သူမှ သခွားကို မမြင်ဘူးတာ၊ လူချင်းချိန်းထားရင် ဖြစ်ပါတယ်။ သူမှ မသိတာ၊ နှင့်ကို သခွားရောင် ထင်ရင် ပြီးပြီပေါ့"

"ဩော်... ညာဖို့ စိတ်ကူးနေတယ်၊ အိမ်မှာ ဒေါ်ဒေါင်း လည်း ရှိတဲ့ ဥစ္စာ"

"ဒေါ်ဒေါင်းကို ဘာမှ မပြောဖို့ ကြိုပိတ်ထားမှာပေါ့။ နှင့်ဒေါ်ဒေါင်းကြီးကို နှင်ပိုင်ပါတယ် ခရမ်းရယ်၊ ကြည့်ကျက် မှာထားလိုက်ပေါ့"

"မမအင်ကြင်းကလည်း ဖုန်းဆက်နေမှာပဲ"

"ဖုန်းဆက်ရင် ငါပြောမှာပေါ့ဟ့ ဒါကို ဘာမှ ပူမနေနဲ့၊ နှင် သခွားရောင် လုပ်ဖို့သာ စဉ်းစား၊ သူက နှင့်ကို အကဲခတ်မှာ၊ နှင်နဲ့ပဲ စကားပြောမှာ၊ ဟိ . . . ဟိ အခုမှပဲ အကြံထွက် တော့တယ်"

"အံမယ်မယ် . . . ငါမှ လက်ခံပါတယ်လို့ မဆုံးဖြတ် သေးတာ"



"လက်ခံလိုက်ပါ ခရမ်းရယ်... နှင်နဲ့ဆို တစ်ခါတည်း အိုကေမှာပါ"

"ပြဿနာတက်ရင် ဘယ်လို ရှင်းမလဲ"

"ဘာမှ ပြဿနာတက်ဖို့ မရှိပါဘူး၊ သူက နှင့်ကြိုက် ပြီး နှင့်ယူမှာဆို ဘာဖြစ်လဲ"

"သူက သခွားရောင်ကို ယူမှာ"

"မယူပါဘူး၊ ခရမ်းကိုပဲ ယူမှာ"

"ကြည့်စမ်း၊ လူကို ပေါပေါလေး နေလိုက်တာ၊ ဟင်းရွက်ကန်စွန်းများ မှတ်နေလား"

"ကန်စွန်းရွက်လောက်တော့ မမှတ်ပါဘူး၊ ဘူးသီး၊ ခရမ်းသီးလောက်တော့ သဘောထားပါတယ်"

"ဟင်... သခွားမ... နှင်လည်း သခွားသီးပဲ၊ ဘာထူး လဲ... အတူတူပဲ"

"မတူဘူး ငါက ရွှေသခွား၊ ရှယ် . . ."

"တစ်လုံးမှ ငါးဆယ်"

"မရဘူး၊ နှင်သွားဝယ်ကြည့်ဦး၊ ဒီကနေ့ ဟင်းသီး ဟင်းရွက်တွေက ရွှေခေတ်"

"သခွား၊ နှင်ပေါ့ရွှတ်ရွှတ် နောက်တောက်တောက် လျှောက်မလုပ်နဲ့နော်၊ မမအင်ကြင်းခမျာ မျှော်လင့်ချက်နဲ့ နှင့်ကို ကောင်းကောင်းမွန်မွန် အိမ်ထောင်ရက်သားကျစေချင်လွန်းလို့ကို

www.burmeseclassic.com



ဟိုကနေ မရမက လုပ်စီစဉ်နေရှာတာ၊ သူ့ စေတနာကို ထည့် တွက်ဦး''

''သိပါတယ် ခရမ်းရယ်... ဒီကိစ္စမှာ ပြဿနာ ပေါ်ရင် အားလုံး ငါ့တာဝန်ထား၊ နင် လိုချင်တာ ဒီကတိပဲ မဟုတ်လား''

''ဘာ ဒီကတိလဲ၊ နင့်အကူအညီလိုလို့ ငါက စဉ်းစား ပေးရမှာနော်... ဟွန်း... သခွားရယ်... သခွား''

''အေးပါ ကျေးဇူးရှင်မရယ်၊ နင့်ကို ကျေးဇူးတင်ပါတယ်၊ ဒီနေ့ကစပြီး ပါးစပ်ကို အကျင့်လုပ်တော့ နင်က ငါ့ကို ခရမ်းလို့ခေါ်၊ ငါက နင့်ကို သခွားလို့ ခေါ်မယ်''

''ဟား... ဟား... ဒေါ်ဒေါင်းကြီးတော့ အရင်ဆုံး မျက်စိလည်လိမ့်မယ်''

''နင်က ဒီဗိုင်နှာ သခွားရောင်ပေါ့ဟာ၊ လူကသာ နာမည် ပြောင်းသွားပေမယ့် အလုပ်အကိုင်ကတော့ ဒါက ဒါပဲပေါ့၊ ငါက ခရမ်းလှိုင်၊ ဒါပေမယ့် အိမ်မှာပဲ နာမည်ပြောင်းတာ၊ ရုံးမှာတော့ သခွားပေါ့''

''ဖြစ်ပါ့မလား၊ ဦးဖိုးကြီး ရိပ်မိသွားမှာပေါ့''

''မရိပ်မိပါဘူး... ငါက နင့်သူငယ်ချင်း ခရမ်းဖြစ်သွား ပြီလေ၊ နင့်နားပဲ သူကပ်မှာ၊ နင်ကသာ ပိပိရိရိနေရမှာ၊ ငါ့ နေရာက အီးဖီးပဲ''

သခွားသည် အေးရာအေးကြောင်း၊ လွတ်ရာလွတ်



ကြောင်း ကြံရှာဖွေထားလိုက်ပါသည်။ သူမ ခေါင်းပေါ်က အရှုပ် ထုတ်ကြီးကို ခရမ်းခေါင်းပေါ် လွှဲတင်ပေးလိုက်ပြီလေ။

သူ့ဘာသာ ဆက်ပြီး မီးစင်ကြည့်ကပေတော့။

ဦးဖိုးကောင်းကင် ရောက်လာမည့် အရေးအတွက် ဘာမှ ရင်ခုန်စရာ၊ စိတ်ပူပန်စရာ မရှိတော့။

သူ ခရမ်းကို လေ့လာကြည့်ပြီး ကြိုက်ရင်လည်း ကြိုက်၊ မကြိုက်ရင်လည်း ပြန်ပေတော့ပေါ့၊ ဒါပဲ ရှိတာ။

သူ ငြင်းရင်လည်း သခွားရောင်ကို မကြိုက်ဘူးလို့ သူ့ ဘာသာ ငြင်းရမှာ၊ သခွားတို့က အေးဆေး။

တကယ်လို့ ကြိုက်တယ်ဆိုလည်း ဘာမှ မဖြစ်၊ ဒီကိစ္စက ခရမ်းပဲ စဉ်းစားရတော့မှာ၊ သူမက နေသာသပ့် လေညာက ဖြစ်သွားပြီး...

ဒီတစ်ခါတော့ ခရမ်းကို ကျေးဇူးတင်ရမည်။

မယ်မင်းကြီးမ ကယ်ပေးလို့သာပဲ။

အခုမှပဲ သခွားရင်ထဲ ပေါ့ပါး ငြိမ်းချမ်းသွားရသည်။

ခရမ်း နည်းနည်းတွေးတွေးဆဆ စဉ်းစားကြည့်နေ မိ၏။ မမအင်ကြင်းနှင့် မျက်နှာပျက်စရာ ဖြစ်သွားမှာလည်း သူမ မလိုချင်။

သခွားက ပြီးပြီးရော ခရမ်းဖက် တွန်းပို့လိုက်ပေမယ့် ခရမ်းမှာ အလွယ်တကူ လက်မခံရဲဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးကောင်းကင်ဆိုတဲ့ လူတစ်ယောက်ရဲ့ လက်ရှိ အနေအထားနှင့် ပိုင်ဆိုင်ကြွယ်ဝမှုကိုတော့ သတင်းအကြားနှင့်ပဲ သူမ အတော်သဘောကျ အထင်ကြီးသွားရပြီ။

သခွားကိုယ်တိုင်က သူ့အခွင့်အရေး သူမယူဘဲ ခရမ်းလက် အပ်နေတာမို့ အခွင့်ကောင်းကိုလည်း လက်လွှတ်မခံချင်ပေ။

စိတ်တွေက တွေဝေနေတာလည်း အမှန်။

ဒါပေမယ့် ခရမ်းတို့အရွယ်က အိမ်ထောင်ဖက်ကို ရွေးသင့်တဲ့ အရွယ်ပဲလေ။

ဘယ်နည်းလမ်းနဲ့ ရွေးရွေး . . . ရွေးတာကတော့ ရွေးရမှာပင်။ သခွားဆိုက နည်းလမ်းတစ်လမ်းကို သူမ မပြစ်ပယ်နိုင်။

ဘာပဲဖြစ်ဖြစ် စူးစမ်းချင်စိတ်ကလည်း ရှိနေသည်။ သခွားပြောသလို သခွားနေရာ နေကြည့်လိုက်ရမလား။

လှည့်စားသလိုများ ဖြစ်နေမလား။

အို . . . လှည့်စားတယ်၊ လိမ်ညာဖုံးကွယ်တယ်ဆိုလည်း ဒါက သခွားအစီအစဉ်ပဲ မဟုတ်လား။

မိန်းကလေးတွေရဲ့ ဘဝဆိုတာ အချိန်တန်ရင် ယောကျ်ားတစ်ယောက် လက်ထဲ အပ်ရတာပဲ၊ ဒီလိုပဲ စတေးကြရတာပဲ မဟုတ်လား။ သူမက စွန့်စွန့်စားစား ဖြတ်သန်းရတာကို ပိုကြိုက်သည်။



"သခွား . . . နင်က ဖိုးကောင်းကင်ကို ကြိုတောင် မမြင်သေးဘဲ ဘာလို့ အပြတ်ငြင်းတာလဲ၊ ဘာကြောင့် ဖယ်ထွက်နေဖို့ စဉ်းစားတာလဲ၊ နင့်မှာ တခြား ရည်ရွယ်ချက်ရှိနေလို့လား။ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောနော် . . . ဒါပဲ"

သခွားသည် ခရမ်းမျက်နှာကို ကြည့်ရင်း ဘယ်လို ပြန်ဖြေရင် ကောင်းမလဲဟု အပြေးအလွှား တွေးသည်။

"သူ ဘယ်လို ယောကျ်ားမျိုးလဲ နင်မသိဘူးလေ ဒါပေမယ့် နင်က ရည်းစားရှိပြီးသားလို ပုံစံနဲ့ အကျောက်အက ဖိုးပုတ်ထုတ်နေတယ်၊ ငါမသိတဲ့ ဇာတ်လမ်းရှိရင် ပြောပြ" ဟဲ့။

ခရမ်းမေးနေပုံကို ကြည့်ရတာ သခွားမှာပဲ ဇာတ်လမ်း မရှိရင် သူက သခွားနေရာ ဝင်မပေးချင်တဲ့ သဘောလား။

ဒါဆိုရင်တော့ လုပ်ကြံဇာတ်လမ်းတစ်ခု လိုနေပြီ။

သခွားက ရယ်ကျဲကျဲ မချိုမချဉ်လေး ပြုံးကာ . . .

"ရှိမှာတော့ နည်းနည်းပါးပါး ရှိတာပေါ့"

"ဘယ်သူလဲ"

"နာမည်တော့ ပြောမထားသေးဘူး . . . သူက ငါ့ကို အတိအလင်းကြီး ပရိုပို့စ် လုပ်ထားတာတော့ မဟုတ်သေးဘူးလေ . . . အရိပ်အမြွက်လောက်ပဲ သွယ်ဝိုက်ပြောနေတာ"

"နင်ကရော သဘောကျလို့လား"

"စဉ်းစားနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှင့်ဖက်က လက်ခံမယ့်ပုံပေါ်မှ သူက တစ်ဆင့်တက်ပြီး အတည်ဖွင့်ပြောရမှာလား၊ ကျော်လိုက်တာဟယ်၊ ကိုယ်က မိန်းကလေးပဲ၊ သူဖက်က အရင်ဖွင့်ပြောပစေပေါ့၊ ဒါလေးပဲ ရင်းရတာကိုများ"

"ဟုတ်ဘူးလေ... ဘေးက သူငယ်ချင်းတွေလည်း ရိပ် နေတော့ သေချာကြီး ဝင်လာပြီးမှ ငါက ငြင်းလွှတ်ရင် သူ ဘက်သွားမှာစိုးတာပေါ့၊ အဲဒါမျိုးပါ၊ သူ့စိတ်ကို ငါသိပါတယ်"

"အမယ်လေး... သွားရယ်၊ နှင်က အခုကတည်းက လောက် အလိုက်သိတတ်ပေးရင် နောက်ဆို ဒီ့ထက် အရှုံးပေး ရဖို့ပဲ ရှိတယ်၊ ကိုယ်ကြိုက်တာ ပြန်မကြိုက်တာက နောက်ထား ပေါ့၊ သူဖက်က ချစ်ပါတယ်၊ လက်ထပ်ချင်ပါတယ်လို့ အရင်ပြောပ စေ၊ ဖွင့်ပြောတဲ့အထိပဲ အရင်လုပ်၊ နောက်မှ ကိုယ့်စိတ်တိုင်းကျမှ အဖြေပြန်ပေးပေါ့၊ မိန်းကလေးတွေ အသာစီးရတာ ဒါလေးပဲရှိတဲ့ ဥစ္စာ၊ ခေါင်းခေါက်ရွေးလိုက်စမ်းပါ၊ ပြန်ကြိုက်ဖို့ သေချာမှ ချစ်ရေး ဆိုမယ်ဆိုတဲ့ကောင်က ဘယ်သူလဲ၊ ပါးစပ်ကလေးနဲ့ ချစ်ရတာ တောင် တော်တော်နှမြောနေတဲ့ကောင် ငါမြင်ဖူးချင်လို့ပါ၊ သန်းထိုက်လား၊ အေးကိုလား၊ နှင့်ကို တခုတယနဲ့ နှင်ခိုင်းတာ လုပ်ပေးနေတာကတော့ ဒီ နှစ်ကောင်ပဲ ရှိတယ်"

"အံမယ် ဇော်ဝင်းလည်း လုပ်ပေးပါတယ်၊ သွားကိုဆို ပျာယာခတ်အောင် ကူညီချင်တာ"



"ဒါဖြင့် နှင်ကြိုက်နေတာ ဇော်ဝင်းလား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ"

"သိဘူး"

"အံမယ် . . . ငါသိပါတယ်၊ အဲဒီသုံးယောက်ထဲက တစ်ယောက်ယောက်ပဲ"

ခရမ်းသည် မမေးပါနဲ့ မဖြေချင်ပါဘူးဆိုမှ မရမက အစ်အောက်နေလိုက်သေးသည်။ အဲဒီ ခရမ်း အလည်မ။ ဖိုး ကောင်းကင်က လူလည်ဆိုရင်တော့ ခရမ်းနှင့် အံကိုက်ပဲပေါ့။

"အဲဒါ အသာထားစမ်းပါ။ ကိုဖိုးကြီး ရောက်လာရင် ငါတို့ ဘယ်လို စီစဉ်ကြမလဲဆိုတာပဲ အရင်ပြောစမ်းပါ ခရမ်း ရယ် . . . နှင် သွားပဲ လုပ်လိုက်နော်၊ ဘာမှ ရှည်ရှည်ဝေးဝေး တွေးမနေနဲ့"

"အညာပေါ်သွားတဲ့ တစ်နေ့ ဘယ်လို လုပ်မလဲ"

"ပေါ်တဲ့နေ့လား၊ လွယ်ပါတယ်၊ အပျော်သဘောမျိုး နောက်တာလို့ ပြောလိုက်မှာပေါ့"

"နောက်တာ"

"အေးလေ . . . သူလည်း စိတ်ဆိုးမယ် မထင်ပါဘူး၊ နှင့်ကို ချစ်နေပြီဆိုရင် သွားရောင်အစစ်ကို ကျေးဇူးတောင် တင်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"နင်က သခ္ဂျာရောင်အစစ်ဆိုတော့ ငါက အတုပေါ့"

"ဘာထူးလဲ၊ သခ္ဂျာလည်း ခရမ်းအတု နေရာ လုပ်ရမှာပဲလေ"

"ငါတော့ ရင်ခပ်လေးလေးပဲ သခ္ဂျာရေ၊ ဒါ ပေါ့တီးပေါ့ဆ လုပ်ရမယ့်ကိစ္စ မဟုတ်ဘူး"

"ခရမ်းရယ် . . . ပေါ့ပေါ့ပါးပါးပဲ သဘောထားလိုက်စမ်းပါ၊ ဒီမှာ ဒါရိုက်တာမမ ရှိတယ်၊ ဘာမှ မပူနဲ့ သိလား"

သခ္ဂျာသည် ခရမ်းကို အတင်းအကြပ်ဖိပင် ချော့မော့နားချစေနိုင်းနေလေသည်။ ခရမ်းက စိတ်ထဲမှာ ကျေနပ် ဝမ်းမြောက်နေပေမယ့် လူကတော့ ခပ်တည်တည်လေး အိုင်တင်ခံလျက်သာ နေလေသည်။

◆ ◆ ◆

"ကိုစိုး . . . အခြေအနေ ဘယ်လိုလဲ"

ရုံးခန်းထဲ ဝင်လာတဲ့ ကိုစိုးကို မိုးကောင်းကင်က အမောတကော မေးလိုက်ပါသည်။ ကိုစိုးက သူပေးနိုင်းလိုက်တဲ့ လက်ဆောင်ပစ္စည်းဗူးကို အသာချကာ မျက်နှာပျက်ပျက်နှင့် . . .

"ပေးခဲ့လို့ မရဘူး ဆရာ"

"ဘာလို့လဲ . . . ခင်လေးနားမှာ ဟိုကောင်ရှိနေလို့လား"

"ဟုတ်ကဲ့"

"တောက် . . . ငါ့ကို ပြောတော့ အစ်ကိုဝမ်းကွဲလေး ဘာလေးဆိုပြီး"

"အမျိုးနီးစပ်တော့ တော်ပါလိမ့်မယ်"

"ဒါပေမယ့် ခင်လေးအပေါ် ဒီကောင် မရိုးသားဘူးကွ"

ကိုစိုးက ခေါင်းညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဒါကို အကဲခတ်မိပါသည်။

သူ့ဆရာ မိုးကောင်းကင်ဟာ အဲဒီ ကော်ဖီဆိုင်ကို သွားထိုင်မိကတည်းက ရောဂါရင့်လာတာ။

မြီးရှည်၊ ရှမ်းခေါက်ဆွဲ၊ ပေါက်စီ၊ ပဲပလာတာ စသဖြင့် စားစရာ အစုံရသော လူစည်ကားလှတဲ့ ဆိုင်ကြီးထဲမှာ ခင်လေးနိုင်ဆိုတဲ့ မိန်းကလေးက ကောင်တာမှာ ထိုင်တာ။ ဆိုင်မိုင်ရှင် အဒေါ်ကြီးရဲ့ တူမလို့ သိရသည်။

ရုပ်ရည်ကတော့ အပြစ်ပြောစရာမရှိအောင် လှပ ချောမော၏။ အသားညိုပေမယ့် အင်မတန် ဖြားယောင်းဆွဲဆောင်နိုင်သော မိန်းမတစ်ယောက်ဖြစ်သည်။

သူမအနားမှာ ပုရိသတွေ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် အားလုံး ဝိုင်းနေကြသည်။

ထိုအထဲမှာ သူ့ဆရာ မိုးကောင်းကင်တစ်ယောက်လည်း ကိုယ့်အဆင့်အတန်း ကိုယ့်အရည်အသွေးကိုမေ့ကာ ကျွမ်းပစ်ကျနေလေသည်။

ကိုစိုးကို အမြဲတမ်း ချက်ကင် လုပ်နိုင်းသဖြင့် သူမှာ အားနေ အဲဒီ ကော်ဖီဆိုင်ပဲ သွားထိုင်စောင့်ကြည့်နေရ၏။

ကောင်မလေးက လူရည်လည်ပြီး အနည်းငယ်ကဲလည်း ကဲပုံရသည်။ ယောက်ျားလေးတွေနှင့် စကားပြောတဲ့အခါ မျက်နှာက အလွန်ပဲ ပြုံးမြဲချိုသာနေတာ သူတွေ့ရသည်။



"ဒါဆို မင်း ဘာပြောခဲ့လဲ"

"ဆရာ လွှတ်လိုက်တယ်လို့ သွားပြောတာပဲ၊ လက်ဆောင်ကို ယူထားလို့ မဖြစ်ဘူးတဲ့၊ သူ့အစ်ကို ရှိတယ်တဲ့၊ နေ့ဆက်ရင်လည်း ည သန်းခေါင်မှ ဆက်ပါတဲ့၊ ကျန်တဲ့အချိန် သူ ဖုန်းပြောလို့ မရဘူးတဲ့"

"ကျွတ် . . . ပြဿနာပဲကွာ"

မိုးကောင်းကင်ကလည်း အဲလို ခက်ခဲလေ ပိုစိတ်ဝင်စားလေပါပဲ။ သူ့ကိုဆိုလျှင် တော်ရုံ မိန်းကလေးက မငြင်းနိုင်ဘဲ သဘောကျကြတာပင်။ ဒီကောင်မလေးနှင့်ကျမှ သူ ခံနေရတာ၊ သူသိတာကတော့ ခင်လေးက သူ့အပေါ် အလေးအနက် စိတ်ဝင်စားသည်။ ကြိုက်လည်း ကြိုက်သည်။ သူမဘေးက ဟိုငနဲကြောင့်သာ။ အဲဒီ့ငနဲက ခင်လေးဘေးမှာ တကပ်ကပ်နှင့် ဆောက်တဲ့လို မခွာတမ်း ကပ်နေတော့တာ။

ကြည့်ရတာ ခင်လေး အဒေါ်ကိုယ်တိုင် သဘောတူကြည်ဖြူတာ ဖြစ်ပါလိမ့်မည်။

မိုးကောင်းကင်ကလည်း စမိမှတော့ လွယ်လွယ်နှင့် နောက်မဆုတ်ချင်။ သူ့ပါဝါ၊ သူ့အနေအထားနှင့် ဟိုကောင်ကိုမှ မယှဉ်နိုင်လျှင် သူ ညံ့ရာ ကျမှာပေါ့။

စိတ်ထဲမှာ တယ်ပြီး မခံချင်။ ဒါကြောင့်လည်း သူ အနေမရဘဲ ပျာယာခတ်နေမိတာ။

www.burmeseclassic.com

www.burmeseclassic.com



အရေးထဲမှာ ဒက်ဒီကလည်း စက်ပူကနေ ဖုန်းဆက် ဆက်နေသည်။

သဘောတူတဲ့ မိန်းကလေးဆီ သွားကြည့်ဖို့။ သူက ရန်ကုန်ကို စေလွှတ်နေသည်။ ရန်ကုန်စက်မှုဇုန်မှာ ဆောက်လက်စ အအေးခန်း စက်ရုံကို လိုအပ်တာ ကြည့်ရှုပြောဆို စီစဉ်ပေး ဒက်ဒီက ပြောနေသည်။

ဒီတော့ သူမှာ ရန်ကုန်သွားရဖို့ကလည်း ရှိသည်။ ဒီမှ ခင်လေးကို မျက်စိကွယ်ရာ ထားခဲ့ဖို့လည်း သူစိတ်မချ။

မိုးကောင်းကင်စိတ်တွေ ရှုပ်ထွေးကာ အကျပ်ရိုက်နေ သည်။

-ဒက်ဒီ သဘောတူ တိုက်တွန်းနေတာက သခွားရောင် တဲ့။ မမအင်ကြင်းရဲ့ ညီမဟု သိရသည်။

မအင်ကြင်းတို့ လင်မယားကိုတော့ ဒက်ဒီက အတော် ခင်မင်သံယောဇဉ်ရှိသည်။ သူ့ကို လူပျိုကြီး ဖြစ်သွားမှာ၊ မိန်း လည်းနှင့် တွေ့သွားမှာ ဒက်ဒီက ကြဲဖန် စိုးရိမ်နေတာ။

ဟူး . . . ။

မိုးကောင်းကင်က သက်ပြင်းမောတစ်ချက် ရှိုက်လိုက် ၏။

"ဆရာ"

" -------"



"အဲဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"အေးကွာ၊ ငါစဉ်းစားလိုက်ဦးမယ်၊ လိုတော့ မင်းကို ဆယ်ပြောမယ် ဟုတ်လား၊ အခု လောလောဆယ် အင်း . . . မိုးလေး . . . မိုးလေးကို ထစ်ချက် လွှတ်လိုက်စမ်းကွာ"

"ဟုတ်ကဲ့"

ကိုစိုးက အခန်းပြင် ပြန်ထွက်သွား၏။

မိုးကောင်းကင်က ဆုံလည်ခုံမှ ထရပ်ကာ ပြတင်းပေါက် နားဆီ လျှောက်သွားလိုက်သည်။

မှန်ပြတင်းမှတစ်ဆင့် အပြင်သို့ ငေးရင်း သူ့ခေါင်းထဲမှာ ချစ်သူစစ်၍ အကြံထုတ်နေမိသည်။

ဘယ်လို လုပ်ရင်ကောင်းမလဲ။

ရန်ကုန်ကိုလည်း သူ မသွားချင်။

ဟိုက စက်ရုံကိစ္စကလည်း လွှတ်ထား၍ မဖြစ်။

ဒက်ဒီ သဘောတူတဲ့ မိန်းကလေးဆိုတာကိုလည်း ခေါင်းထဲ မထည့်ချင်။ သို့သော် ဒက်ဒီ့စကားမို့ ငြင်းလည်း မငြင်း ရဲပါ။ ဒက်ဒီက သူ့ကို ငယ်ငယ်ကတည်းက စနစ်တကျ သွန်သင် ဆုံးမ ပြုစု ပျိုးထောင်လာခဲ့တာမို့ ဒက်ဒီ့အပေါ် ချစ်ကြောက် ရိုသေရပါသည်။ ကလန်ကဆန် မလုပ်ရဲ။

အကျိုးသင့်အကြောင်းသင့် ပြောစရာ မရှိလို့ပါဘဲ သခွားရောင်ကို သူ အပြတ် မငြင်းရဲပေ။

www.burmeseclassic.com

www.burmeseclassic.com



သားလိမ္မာဆိုတဲ့ ခေါင်းစဉ်ဟာ သူ့ခေါင်းပေါ်မှာ အမြဲတမ်း ရှိခဲ့သည် မဟုတ်လား။

မေမေ ဆုံးသွားပြီးတဲ့ နောက်ပိုင်း သူဟာ ဒက်ဒီ့ အုပ်ထိန်းမှုနှင့်သာ ကြီးပြင်းလာတာမို့ ဒက်ဒီ့စကားဆို လွယ်လွယ် နှင့် မပယ်ရှားရဲ၊ အတွန့်မတက်ရဲ . . .။

အခုဟာက ဒက်ဒီ့အမိန့် ဖြစ်နေတော့ သူ့မှာ လှုပ်မရ။ သူ့နှလုံးသားက ခင်လေးကိုသာ ယစ်မူးနေတော့ ဒီမန္တလေးကနေ ဘယ်ကိုမှလည်း မသွားချင်။

ခင်လေးကို တစ်နေ့တစ်ခါလောက်မှ မမြင်ရဘူးဆိုလျှင် သူ့မှာ နေမထိ ထိုင်မသာနှင့် ဘာအလုပ်မှ ဖြောင့်ဖြောင့်တန်းတန်း လုပ်မရချေ။

သူ့နှလုံးစာဟာ ဒီမန္တလေးမှာပဲ ရှိနေသည်ဟု မိုးကောင်းကင် ယုံကြည်နေမိသည်။ အဆင်ပြေကာနီးမှ အတားအဆီး အခက် အခဲ ပေါ်ပေါက်လာမှာ သူ ကြောက်သည်။

အခုဆိုရင် သူ့ ပြိုင်ဖက်ကလည်း အနီးကပ်နေရာမှာ ရှိနေခဲ့ပြီ မဟုတ်လား။

မိုးကောင်းကင် ငေးမောနေဆဲမှာ နောက်ဘက်ကနေ ဆလိုက်တံခါးကို တွန်းဖွင့်သံ ကြားရသည်။

သူ လှည့်ကြည့်လိုက်တော့ မိုးတိမ်တိုက်။

“ကိုကြီး ကျွန်တော့်ကို ခေါ်တယ်ဆိုလို့”



“အေး . . . ဟုတ်တယ်၊ မောင်မိုးရာ၊ လာစမ်းပါဦး”

မိုးကောင်းကင်က ညီတစ်ဝမ်းကွဲဖြစ်သူ မိုးတိမ်တိုက်ကို အားတက်သရောပင် ဆွဲခေါ်လာပါသည်။

“ငါ မင်းနဲ့ အရေးတကြီး တိုင်ပင်စရာ ရှိလို့ကွ”

မိုးတိမ်တိုက်က သူ့အစ်ကိုလုပ်သူရဲ့ စိတ်အိုက်အိုက် အမူအရာကို တစ်ချက်ကြည့်သည်။

“ထိုင်စမ်းပါဦးကွာ”

မိုးတိမ်တိုက်က ကျွန်းစားပွဲရှေ့က ထိုင်ခုံတစ်လုံးမှာ ဝင် ထိုင်လိုက်သည်။

“ငါတော့ ပြဿနာ တက်နေပြီ”

“ဗျာ . . . ဘာပြဿနာလဲ”

“ငါ့ရဲ့ ကိုယ်ရေးကိုယ်တာပါကွာ”

ကိုမိုးဆီကတစ်ဆင့် . . . အခုတလော ကိုကြီးတစ်ယောက် (--------) ကော်ဖီဆိုင်က ကောင်မလေးကို သွားကြိုက်နေ တာကတော့ သူ ကြားထားပြီးပါပြီ။ ပထမတော့ ထိုသတင်းကို သူ မယုံ။ နောက်မှ သတင်းမှန်ဖြစ်ကြောင်း သိရသည်။

ထိုမိန်းကလေး၏ အသိုင်းအဝန်း၊ အဆင့်အတန်း အနေ အထားကို ကြည့်လျှင် ကိုမိုးကြီး ဒက်ဒီက ဘယ်လိုမှ လက်ခံပေးဖို့ မရှိဘူးဆိုတာ မိုးတိမ်တိုက် သိသည်။

သို့သော် ကိုကြီးကိုလည်း သူ ဆရာ မလုပ်ချင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးဟာ အစစအရာရာမှာ သူ့ထက် တက်ကျွမ်းနားလည်မှု ရှိသူ၊ အရည်အချင်းရှိသူ တစ်ယောက်ပဲ မဟုတ်လား။

သူ့အနေနှင့် မိချောင်းမင်း ရောကင်းပြဖို့ဆိုတာ မဖြစ်နိုင်။

ကိုကြီး အသည်းအသန် ဖြစ်နေတာကို သူဘေးကနေ စိတ်ပျက်မိတာတော့ အမှန်ပါ။ ဒါပေမယ့် ဝင်လည်း မပါရဲ ဝေလည်း မဝေဖန်ချင်။

အခု သူ့ကို ခေါ်တာလည်း ထိုကိစ္စတိုင်ပင်ဖို့ပဲ ဖြစ်နိုင်ပါသည်။ သူလည်း ဘာအကြံပေးရမလဲ မစဉ်းစားတတ်သေး။

မိုးတိမ်တိုက်တို့ မိသားစုဟာ ကိုကြီးတို့လို မချမ်းသာ မတောင့်တင်းပါ။ မိုးတိမ်တိုက်ရော၊ အစ်မဖြစ်သူ မိုးကလျာရော ဟာ ကိုကြီးတို့ပိုင်ကုမ္ပဏီမှာပဲ အလုပ်ဝင်ကြတာ။

အစ်ကို ဝမ်းကွဲဆိုပေမယ့် သူ့ကျေးဇူးတွေက အများသားပင်။ သူဟာသူဆို သာမန်ဘွဲ့ကလေးတစ်ခုနှင့် ဒီအနေအထားမျိုး ဒီရာထူးမျိုးရဖို့ မဖြစ်နိုင်။ ဒီ လခမျိုးဆို ပိုဝေးတာပေါ့။

အခုတော့ သူ့မှာ ကိုကြီးမိုးကောင်းကင်ရဲ့ ကျေးဇူးကြောင့် ကုမ္ပဏီမှာဆိုလည်း အတော်ကြီး အခြေပါ အရာရောက်လျက် ဘဝမှာ ထည်ဝါသားနားမှု အပြည့်ရှိနေသည်။



ကိုကြီးဟာ အရာရာမှာ သူ့ အားကိုးစရာ စံပြလူသား တစ်ယောက်လည်း ဖြစ်သည်။

အခု ဒီ အချစ်ရေး၊ နှလုံးသားရေးရာကျမှ မိုးတိမ်တိုက် အားမလို အားမရ ဖြစ်လာမိတာ။

ဒီနေရာမှာတော့ ကိုကြီး နည်းနည်းပျော့ညံ့သည်ဟု သူ ထင်မိသည်။

တကယ်တမ်း ခင်လေးခိုင်ဆိုတဲ့ အမျိုးသမီးဟာ ကိုကြီးနှင့် တန်တောင် မတန်ဘူးဆိုတာ လူတိုင်း တွေးမိနိုင်တာပဲ။

အထူးသဖြင့် ယောကျ်ားလေးတွေနှင့် ရောတတ်သော ဆိုမိန်းမရဲ့ အကျင့်ကို သူမကြိုက် . . ။

ကိုကြီးတစ်ယောက် ဘာဆေးမိနေသလဲသာ မပြောထွက်တာ . . ။

"ဒက်ဒီက ငါ့ကို ရန်ကုန် လွှတ်နေပြီကွ၊ အဲဒါ မင်းသိတယ်မဟုတ်လား"

မိုးတိမ်တိုက်က ခေါင်းညိတ်သည်။

"ကိုကြီးကို မိန်းမစပ်နေတာမို့လား"

"အဲဒါ စိတ်ညစ်တာပေါ့ကွ"

"ဘာဖြစ်လို့လဲ"

"ငါမှ မိန်းမ မယူချင်သေးတာကွာ၊ ငါက ငါ အရှမ်းချစ်မှ လက်ထပ်ချင်တာ"

www.burmeseclassic.com



"အန်ကယ်လ်ကျော် သဘောတူတဲ့ ကောင်မလေးက ရုပ်ဆိုးနေလို့လား"

"မသိပါဘူးကွာ... ရုပ်ချောချော ဆိုးဆိုး လုံးဝ စိတ်မဝင်စားဘူး၊ ငါစိတ်ဝင်စားတဲ့ မိန်းကလေးက ရှိပြီးသား"

"မခင်လေးကို ပြောတာလား"

"ဟာ... မင်း သိနေလား"

"ကိုစိုးဆီက ကြားတာပါ၊ သိပ်ဟန်မကျဘူးဆို၊ အဲ အမျိုးသမီးက မျက်နှာများတယ်လို့ ပြောတာပဲ"

"ဘယ်ကလာ... မျက်နှာ မများပါဘူး။ သူ့ကို အကုန်လုံး စိတ်ဝင်စားတာပါ၊ ခင်လေးကို မြင်တဲ့သူတိုင်း ကြိုက်ကြတာပဲလေ"

ကိုကြီးက အမွှမ်းတင်စကား ဆိုသည်။ ခင်လေးဟုပါလာ တာနှင့် သူ့မျက်နှာက ချိုကြည်လျက် စိတ်လှုပ်ရှားလာပုံ ပေါ်သည်။

"ကြည့်လည်း လုပ်ပါ ကိုကြီးရာ၊ ကိုကြီး အနေအထား က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ပါဗျာ၊ သိပ်လည်း အောက်ကျ နောက်ကျ မခံပါနဲ့"

မိုးတိမ်တိုက်က မရဲတရဲ ကန့်ကွက်စကား ဆိုမိသည်။ ကိုကြီး ဒီလို အလူးအလဲ နစ်ဝင်နေတာ သူ မကြည့်ရက်။

"ငါ့ကိစ္စတွေ မင်းမသိပါဘူး မောင်မိုးရာ၊ အခုက မင်း ဆီက အကူအညီ တောင်းစရာရှိလို့"



"ဘာလဲ ကိုကြီး"

"မင်း ရန်ကုန်သွားပေး"

မထင်မှတ်သော စကားကို ကြားရတာပါ။

ဆက်ပြီး ပြောလိုက်တဲ့ မိုးကောင်းကင်စကားကြောင့် မိုးတိမ်တိုက် ပို၍ အံ့သြမင်သက်သွားပါသည်။

"စက်ရုံကိစ္စ မင်းပဲ ကြည့်စီစဉ်လိုက်ကွာ၊ ငါ ရန်ကုန် မလိုက်တော့ဘူး၊ ပြီးတော့ ဒက်ဒီပြောတဲ့ သခွားရောင်တို့ အိမ်မှာပဲ မင်း သွားတည်းလိုက်"

"ဗျာ"

"ငါတို့ကို သူတို့ မြင်ဖူးတာမှ မဟုတ်တာ၊ မင်းနဲ့ ငါက ရုပ်ချင်းလည်း ခပ်ဆင်ဆင်ပဲ၊ မင်းက လူငယ်ပုံပေါက်တာပဲ ရှိမယ်၊ အသံချင်းကလည်း ဖုန်းထဲမှာဆို သေချာ မကွဲပြားဘူး မင်းကိုယ် မင်း မိုးကောင်းကင်လို့ပဲ ပြောပြီး အဲဒီကို သွားလိုက်၊ ဒက်ဒီ ဖုန်းဆက်ရင်လည်း လိမ့်လိုက်ကွာ၊ ငါ ရန်ကုန် ရောက်နေပြီဆိုတဲ့ ပုံစံမျိုးပေါ့။ မင်း အဲလောက်တော့ ဖြစ်ပါတယ်။ မင်းက အစက တည်းက ရုပ်ရှင်ရူး၊ မော်ဒယ်လ်ရူးပဲကွာ၊ ဒီလောက်တော့ သရုပ် ဆောင်လို့ ဖြစ်နိုင်ပါတယ်"

"ဟာ ... ကိုကြီး ဒီလိုလုပ်လို့ အန်ကယ်ကျော်သိရင် ကွိုင်ပြီပေါ့၊ ရန်ကုန်သွားပေးဖို့လိုရင် ကျွန်တော် သွားမယ်၊ စက်ရုံ ကိစ္စလည်း အားလုံး လုပ်ပေးမယ်၊ ဒါပေမယ့် ကိုကြီးရဲ့ ဇနီး

www.burmeseclassic.com



လောင်း အိမ်ကိုတော့ မသွားချင်ဘူးဗျာ၊ မကောင်းဘူးထင်တယ်"

"ဘာ ဖနီးလောင်းနဲ့လဲ၊ ဘာမှ မဟုတ်ဘူး၊ ငါလည်း သူ့ကို စိတ်မဝင်စားဘူး၊ မင်းသဘောကျရင် မင်းယူ"

"ဟာဗျာ . . . မဟုတ်တာ"

မိုးတိမ်တိုက် မျက်နှာမှာ နီမြန်းသွားရသည်။

ဘယ်နှယ့် ဖနီးလောင်းကို ပစ်စလက်ခတ် သူများပေးပစ်နေရတယ်လို့။

ကိုကြီးကတော့ မဟုတ်တော့ပါဘူး . . ။

လက်လွှတ်စပယ် ပြောနေသည်။

"မင်း ဘာမှ မကြောက်စမ်းပါနဲ့၊ နောက်ပိုင်းကိစ္စ ငါ ကြည့်ရှင်းပါ့မယ်၊ ဒက်ဒီ သိသွားရင်လည်း ငါ့အပြစ်ပဲ လွှဲချလိုက်၊ မင်းက ငါ ခိုင်းလို့ လုပ်ရတဲ့သဘောပဲ၊ မင်း အပြစ် ဘာမှမှ မရှိတာ၊ တွန့်ဆုတ်ဆုတ် မလုပ်စမ်းပါနဲ့ကွာ၊ ငါ့မှာ အရေးကြီးလို့ မင်းဆီ အကူအညီတောင်းရတာပါ"

သူ တောင်းတဲ့ အကူအညီက မလွယ်တဲ့ကိစ္စ။

ဒါပေမယ့် မိုးတိမ်တိုက် ဘယ်လို ငြင်းမလဲ။

ဒီအစ်ကိုကို အားကိုးချစ်ခင်မှု၊ လေးစား ကြောက်ရွံ့မှုက သူ့ ရင်မှာ စွဲနေပြီ . . ။

သူ့အနေနှင့် အမြဲတမ်း ဘာပဲခိုင်းခိုင်း ခိုင်းတာ လုပ်ပေးခဲ့တာချည်းပါ။



ဒီနေ့မှ အလန့်တကြား အတွန့်တက်မိတာ။

စီးပွားရေးလုပ်ငန်းတွေမှာလည်း ကိုကြီးက သူ့ဆရာမို့ ဆရာစီမံတာ နာခံဖို့ပဲ ရှိသည်။

"မင်း ဟိုမှာ တစ်လ နှစ်လလောက်လေး နေရမှာပါကွာ၊ အဲဒီ အိမ်မှာကလည်း ဘာမှ အားနာစရာ မရှိဘူး၊ သူတို့ တိုက်ခန်းနှစ်လွှာမှာ တစ်လွှာက အားနေတာပဲ၊ မအင်ကြင်းဆိုတာက ဒက်ဒီ့အတွက် တူမတစ်ယောက်လို ဖြစ်နေတာ၊ နားရက်ဆို သူတို့အိမ်မှာ အတူတူစုပြီး စားကြ သောက်ကြနဲ့၊ မိသားစု အရင်းအချာလိုပဲ"

အဲဒီလို ရင်းချာတဲ့ လူတွေကြား ဝင်ရမှာပဲ မိုးတိမ်တိုက် အားနာတာပေါ့။

"ဒက်ဒီ့သား ရောက်လာမယ်ဆိုရင် အဲဒီ သခွားရောင်က ပျာပျာသလဲ ကြိုဆိုမှာပါကွာ၊ မင်း အသာလေး တက်နေရုံပဲ၊ ဒက်ဒီ ဖုန်းဆက်ရင်လည်း မင်း ဖြေလိုက်၊ ရှေ့ ငါ့ဖုန်းကို တစ်ခါတည်း ယူထားတော့၊ မင်း အိမ်ရောက်ရင် ခရီးသွားဖို့ ပြင်ထားတော့ ဒက်ဒီက ငါ့အသံနဲ့ မင်းအသံ သိပ်သဲကွဲတာ မဟုတ်ဘူး၊ ခပ်တည်တည်ပဲ ပုံမှားရိုက်လိုက်၊ ဘာမှ မဖြစ်ဘူး . . . စိတ်ချ၊ သိပ်တော့ ရှည်ရှည်ဝေးဝေး မပြောနဲ့ပေါ့ကွာ၊ လိုရင်းလောက်ပြော၊ ဒီလောက်တော့ မင်းသိပါတယ်၊ ကဲ . . . ငါပြောတာ သဘောပေါက်ပြီဆိုရင် ခပ်စောစောပဲ ရုံးဆင်းပြီး လိုတာ ပြင်ထားတော့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွက် ငါ လေယာဉ် လက်မှတ်ပါ စီစဉ်ခိုင်းထားမယ်''

ကိုကြီးက သူ့ဖုန်းပါ မိုးတိမ်တိုက်လက် ထိုးအပ်၍ အကျအန အစီအစဉ် ဆွဲပြီးသား ဖြစ်နေပါသည်။

သူ ဘာမှ ထပ်ပြောစရာ မရှိတော့။

◆ ◆ ◆

''သခွားရေ . . . လာဦး''

သခွားက ထောပတ်ဘိန်းမုန့်ကို ပန်းကန်ကလေးလက်ထဲ ကိုင်ကာ တစ်ခုချင်း ဝါးနေရင်းက ဝရံတာသို့ ထွက်လာသည်။

''ဘာတုန်း''

''ဒီမှာ တက္ကစီတစ်စီး ဝင်လာပြီဟဲ့''

''ဟုတ်ရော . . . ဟုတ်ရဲ့လား ခရမ်းရယ်။ မနက်ကတည်းက တက္ကစီတွေ တချိန်လုံး လမ်းထဲ ဝင်လာနေတာပဲ''

''ဒီကားက ငါတို့တိုက်နားမှာ ရပ်တာဟဲ့၊ မယုံရင် လာကြည့်၊ ကားထဲကလည်း လူတစ်ယောက်ပဲ ဆင်းလာတာ ဟိုမှာတွေ့လား၊ ကျောပိုးအိတ်ကြီးနဲ့''

ခရမ်းညွှန်ပြသဖြင့် သခွားရောင်က ခါးကလေး ကိုင်း၍ တိုက်အောက်ခြေကို မြင်အောင် ကုန်းကြည့်လိုက်သည်။

ဖင် 'ကက'တစ်စီးပေါ်ကနေ လူရွယ်တစ်ယောက် ဆင်းလာတာတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်က ပန့်ကေအထောင်နှင့်၊ စပို့ရှပ် လက်ရှည် အဝါဖျော့နှင့် အဲဒီလက်ရှည်မှာပဲ ပြောင်ကတစ်ဝက်၊ အဝါအဖြူ အစင်းကျားကတစ်ဝက်၊ ဂျင်းဘောင်းဘီပြာနှင့် ဝေါလ်ကင်းရှူးကို စီးထားသည်။

"မဖြစ်နိုင်ပါဘူး"

သစ္စာက လူပုံစံကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

ကိုမိုးကောင်းကင်က သစ္စာထက် ငါးနှစ်ခြောက်နှစ် ကြီးတယ်ဆိုတော့ နှစ်ဆယ့်ခွန် နှစ်ဆယ့်ရှစ်က အနည်းလေး။

အခု ဒီလူပုံက ချာတိတ်တစ်ယောက်ပုံ။

"လေဆိပ်ကနေ အငှားကားပဲစီးလာရမှာပေါ့။ သူဌေး ဆိုပြီး Land Cruiser တွေ မာစီးဒီးတွေနဲ့ တက်လာ့မယ် မှတ်လို့လား"

"အို... ကားကိုပြောတာမဟုတ်ဘူး။ လူပုံစံကို ပြောတာ။ ဟိုက သုံးဆယ်နားအရွယ် လူကြီးလူကောင်းပုံပဲဟာ၊ ဒါက ချာတိတ် ပဲ"

"အေး... နင်ကပြောနေ... ဟိုမှာ သူက တိုက်နံပါတ် တွေ မော့ရှာနေပြီ"

သစ္စာတို့က သုံးနှင့်လေးလွှာမို့ သူ့ကို သေချာမြင်ရ သည်။ သူတကယ်ပဲ တိုက်နံရံမှာ ရေးသွင်းထားတဲ့ နံပါတ်ကို မော့ကြည့်နေတာအမှန်။



"အဲဒါ ကိုမိုးကောင်းကင်ပဲ ဖြစ်မှာ"

ခရမ်းက အပိုင်ပြော၏။

လူရွယ်က သူရှာနေတဲ့ နံပါတ်ပဲ ဆိုတဲ့ပုံစံနဲ့ ခေါင်း တစ်ချက် ဟန်ပါပါဆတ်ကာ လှေကားသံပန်းရှေ့မှာ ရပ်လိုက်သည်။

သံပန်းတံခါးက မနက်ပိုင်းဆို သော့ကို ချိတ်ရုံချိတ်ထားပြီး ညပိုင်းရောက်မှ သော့ခတ်တာ။ ဒါကို သူသိပါ့မလား။

"တွေ့လား... ဒီတိုက်ထဲပဲ တက်လာပြီ"

"အောက်တံခါးက သော့များ ခတ်ထားသလား မသိဘူး"

"မခတ်ထားလောက်ပါဘူး"

"သူက ဧည့်သည်ဆိုတော့ သိပါ့မလား။ ဟော... ဟိုမုန့်ဆိုင်ထဲ ဝင်မေးနေပြီ"

"နင် ဆင်းပြီး ဖွင့်ပေးလိုက်လေ သစ္စာ"

"အို... ကိုမိုးကောင်းကင်လို့မှ မသေချာဘဲ"

"မေးလိုက်ပေါ့"

"မဟုတ်ရင် ရှက်စရာကြီး"

နှစ်ယောက်သား ထိုလူကို ကြည့်ပြီး ငြင်းခုန်နေဆဲမှာပဲ သူက သစ္စာတို့သုံးလွှာရဲ့ အောက်ချထားတဲ့ ခေါင်းလောင်းကြိုး အနီလေးကို ဆွဲကိုင် လှုပ်ယမ်းလိုက်၏။

"ဟော တွေ့လား... ဒါတို့အခန်းကို ခေါင်းလောင်း ဆွဲနေတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်ဖက်ခြမ်းက သုံးလွှာဟု ညွှန်လိုက်သဖြင့် ခေါင်းလောင်းကို ခပ်ရဲရဲဆွဲထော့ မိန်းကလေးနှစ်ယောက်သား ငုံ့ကြည့်ကြသည်။

"သခွားရောင်တို့ အခန်းလား"

သခွားက လက်ကလေးပြကာ ခဏဟု အမူအရာနှင့် စောင့်နိုင်းလျက် အောက်ခြေသံပန်းတံခါးသော့ကို ယူပြီး ဆင်းလာခဲ့သည်။

စပန့်ဘောင်းဘီပွပွအနီရဲရဲနှင့် အပေါ်က မင်းဂွတ်ရောင် တီရှပ်လေးကို ဝတ်ထားသော မိန်းကလေးတစ်ယောက်က ချက်ချင်း ပြေးဆင်းလာပြီး သော့တံနှင့် တံခါးသော့ခလောက်ကို ပျာပျာသလဲ ဖွင့်ပါသည်။

ပြန့်ကားပြီး ကျောပြည့်နေသော ဆံပင်ရှည်တို့က ပခုံးကို ကျော်ပြီး ရှေ့သို့ပင် ကျလာသည်။

သူက စေ့စေ့ကြည့်နေသဖြင့် သော့ဖွင့်ရတဲ့ သခွားရောင်မှာ လက်တွေတောင် တုန်ချင်သည်။

အင်း . . . တကယ်ပဲ ဒါက ကိုမိုးကောင်းကင်ပေါ့။ သူ တကယ်ပဲ ရောက်လာခဲ့ပြီ။

'သခွားရောင်လား"

"ရှင် . . . အဲ . . . မဟုတ်ဘူး။ ကျွန်မက ခရမ်း၊ သခွားရဲ့ သူငယ်ချင်း"



"ခရမ်း"

သူက တအံ့တသြ ပြန်ရေရွတ်သည်။

"ဟား ဟား . . . ခင်ဗျားတို့ နာမည်တွေက အဆန်း လား။ ဖရုံတို့ ဖရဲတို့ရော ရှိသေးလား"

"မရှိဘူး"

သူ နောက်တာကို ကောင်မလေးက ခပ်တည်တည် ဖြေ၏။ ချစ်စရာကောင်းလွန်းတဲ့ မျက်နှာလေးကို သူ သတိ က်လွှတ် ငေးကြည့်နေမိသည်။

လှလိုက်တာဗျာ . . ။

မျက်တောင်ကော့လေးနှင့် မျက်ခုံးထူလေးက နက် ှောင်ပြီး၊ မျက်လုံးလေးက ဝိုင်းစက် ရွှန်းလက်နေတာ။

နှုတ်ခမ်းလေးက ထူအာအာနှင့် အသည်းယားစရာလေး။

ပန်းနုရောင်သန်းနေတဲ့ နှုတ်ခမ်းလေးဆီ အကြည့် ရောက်မှာ သူ့ရင်ခုန်သံတို့ မြန်ဆန်သွားရသည်။

ကောင်မလေးက မြင်မြင်ချင်းမှာပင် သူ့ကို အကြည့် ွဲချင်အောင် ဆွဲဆောင်ညို့ငင်နေပါရောလား။

ကိုမိုးကြီးနှင့် ရည်ရွယ်ထားတဲ့ ကောင်မလေးဆို မပစ် ဘူးလို့ ဆုံးဖြတ်ပြီး လာခဲ့တာ။

ဒါပေမယ့် အခု တွေ့ရတဲ့ တစ်ယောက်က သခွားရောင် ဟုတ်ဘူးတဲ့။ သခွားရဲ့ သူငယ်ချင်း ခရမ်းတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းဖြစ်ဖြစ် ခဲဖြစ်ဖြစ် . . .

ပုံစံလေးက နှလုံးသားကို လူးလွန့်သွားအောင် စားနိုင်လွန်းတော့ မိုးတိမ်တိုက်မှာ အသက်ရှူ မှားသွားရပြီ

ငေးရီရီနှင့် နူးညံ့စွာ စူးနစ်ငေးမောလွန်းသော မျက် တွေကြောင့် သခွားလည်း မနေတတ်ကြီးနှင့် ရင်တွေ ဖိုလာ လူက ရုတ်တရက် ဘာဖြစ်သွားရမှန်း မသိချေ။

အရင်က သခွားကို စိုက်ငေးကြည့်ဖူးတဲ့ ယောက် လေးတွေ ရှိပေမယ့် အခုလို ရင်ထဲ ဗရမ်းဗတာ လှိုက်ခုန် တာမျိုး မဖြစ်ဘူးပါလား။

သူနှင့်ကျမှ . . .

သခွားလည်း သတိလက်လွတ်ကလေး ပြန်ငေးကြည့် မိသည်။ အမှတ်မထင် အပြန်အလှန် စူးငေးသွားတဲ့ မျက်ဝန်း ဟာ ရုတ်တရက် ချက်ချင်း ပြန်လွှဲဖယ်လို့ မရဘဲ စေးကပ်တွ သွားသည်။

အချိန်ကတော့ စက္ကန့်ပိုင်း အနည်းငယ်လေးပါ။

သို့သော် မြန်ဆန်သော နှောင်ဖွဲ့သွားမှု အတိုင်းအတာ မှန်းဆ၍ မရတော့။ မိုးကောင်းကင်မှာ လျှပ်စီးတစ်ချက် လက်သွားချိန်ဟာ ကြာမြင့်လို့လား။

ဒီလိုပဲ လျှပ်ပြက်သလို လင်းကနဲ တစ်ခဏနှင့် ယောက်ကို တစ်ယောက် ဆန်းကြယ် ထူးခြားစွာ အသိအ



ပြုလိုက်ရသည်။ အကြည့်ချင်း မခွာနိုင်သလိုတောင် ဖြစ်မိသွား ဘာ မယုံချင်စရာ။

သခွား တိတ်ဆိတ်ကာ မေးမည့် မေးခွန်းတွေတောင် ည်ချောင်းထဲမှာ ပျောက်သွားရသည်။

ဝေယံကား သံပန်းတံခါးကို ဖွင့်ပြီး သူ့ ခြေလှမ်းစမှပင်။

"ရှင်က ကိုမိုးကောင်းကင်လား"

သူ ဆတ်ခနဲ ခေါင်းညိတ်သောအခါ သခွားရင်ထဲ ဘာ ကြောင့်မှန်းမသိ နှမြော ကြေကွဲသွားမိသည်။

သူက ကိုမိုးကြီး . . . လူပုံက ငယ်လိုက်တာ၊ ငါထင် ထားတာနဲ့ တခြားစီပါလား။

သခွားက ကိုယ့်ကိုယ်ကိုယ်လည်း ခရမ်းလို့ မိတ်ဆက် ထိုက်ပြီ၊ ဒါဆို ပြင်မရတော့ဘူးလား။

သူ့ကို မြင်ရချိန်မှာ မထင်မှတ်ဘဲ နဂိုက ဆုံးဖြတ် ချက်အားလုံး ပြိုယိုင် ပျက်စီးသွားရသည်။ သခွား လုပ်ရပ်တွေ မှားသွားပြီလား။

ဟု သံသယက ဝင်လာသည်။

ဒေါ်ဒေါင်းကြီးကိုပါ နားချပြီး ကြိုတင် ဇာတ်တိုက် အကွက်ဆင်ထားမိတာ။

တကယ်တော့ သခွား ဆန္ဒလေ။

သခွား ကိုယ်တိုင် အကွက်ချ စီစဉ်ခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



အခုမှ နောင်တရချင်သလိုလို တွေဝေသွားမိတာ။

"အခုန ထွက်ကြည့်တဲ့ နောက်တစ်ယောက်က ခင်ဗျား[illegible] သူငယ်ချင်း သခွားရောင်လား"

"ဟုတ်ကဲ့"

"သူ ကျွန်တော့်အကြောင်း ဘာပြောထားလဲ"

"ရှင်"

"တစ်ခုခု ပြောထားသလားလို့ပါ"

"ဟင့်အင်း . . . မပြောပါဘူး"

မိုးတိမ်တိုက်သည် အစကတည်းက ပျော်ပျော်ပါး[illegible] နေတတ်သော လူနောက် လူရွှတ်ကလေးမို့ ဒီလို ကိုမိုးကြီး အ[illegible] ခပ်တည်တည် ရောက်လာခဲ့တာကို သိပ် ပြဿနာ မရှိပေမ[illegible] အခု ဒီကောင်မလေးကို အရမ်း စိတ်ဝင်စားမိတော့ သူ့ကိုယ်[illegible] ကသိကအောက် ခံစားရသည်။

သူ မိုးကောင်းကင် မဖြစ်ချင်တော့။

သူ့ဘဝအမှန်အတိုင်း မိုးတိမ်တိုက်ပဲ ဖြစ်ချင်သည်[illegible]

"တကယ် . . . ဘာတစ်ခွန်းမှ မပြောဘူးလား"

"ရှင် . . . ဘာကိုလဲ"

သူက လှေကားအတူ တက်လာရင်း အချိန်လေး ရှိ[illegible] မေးမြန်းစပ်စုနေပါသည်။

"ကျွန်တော်နဲ့ သူနဲ့ ပတ်သက်မှုကို ဘယ်လိုပြောလဲ"



"မသိဘူးလေ၊ မန္တလေးက ကိုမိုးကြီးဆိုတာ လာမယ်[illegible]ပဲ ပြောတယ်။ အရေးကြီးတဲ့ ဧည့်သည်တဲ့"

"ဟား . . . ဟား . . . တော်သေးတာပေါ့၊ ကျွန်တော် က[illegible]ကယ်ကျော် . . . အဲ ဒက်ဒီကြီးလွှတ်လို့ လာခဲ့တာ"

သူ ပြောပုံက ပေါ့ပေါ့လေးပင်။

သူ့မှာ အဝတ်အစားထည့်ထားပုံရတဲ့ ကျောပိုးအိတ်[illegible]လုံးသာ ပါသည်။

"သခွားရေ"

သခွားက တံခါးပေါက်ဝရောက်တာနှင့် အစမ်း အော်[illegible]ည့်လိုက်သည်။

"ဩော် . . . ဧည့်သည်ပါလာပြီလား၊ ကိုမိုးကောင်းကင်[illegible]ပါ"

"ဟုတ်တယ် . . . သူပဲ"

"ငယ်ငယ်လေးပဲ . . .၊ ကျွန်မက မမအင်ကြင်းပြော[illegible]တော့ အသက်ကြီးပြီမှတ်တာ"

ခရမ်းလည်း လူရွယ်လေးကို ကြည့်ပြီး မယုံနိုင်အောင် ဖြစ်သွားရပါသည်။ သူ့မျက်နှာက နုနုလေး၊ မျက်လုံးတွေက စူးရှ[illegible]တောက်ပပြီး ပါးပြင်တွေက ပြောင်တင်းနေသည်။ မျက်နှာက [illegible]ကလေးဟန် မပျောက်တစ်ပျောက်၊ အသက် သုံးဆယ်နားဆိုတာ [illegible]ဘယ်လိုမှ မဖြစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းတို့နှင့် မတိမ်းမယိမ်းလောက်ပဲ ထင်ရတာပါ။

မမအင်ကြင်းက သူ့အသက်ကို သေချာ မမေးမိ လို့ ဖြစ်ပါလိမ့်မည်။

သခွားရောင်ဆိုတဲ့ အသားနည်းနည်းငယ်ငယ် ပိုညိုပြီး မျက်နှာကြော ပိုတင်းသည့် မိန်းကလေးက သူ့ကို စေ့စေ့စပ်စပ် အကဲခတ်သဖြင့် မိုးတိမ်တိုက် ရှုံးတို့ရှုန်းတန်း ဖြစ်သွားရသည်။

"ဧည့်သည်ကို အိမ်ထဲ အရင်ခေါ်ပါဦးဟဲ့၊ ပြီးမှ သိချင်တာ မေးပေါ့"

"ဩော် ... အင်း ... ဟုတ်သားပဲ၊ လာပါ ကိုမိုးကြီး"

ဒေါ်ဒေါင်းကလည်း အသံတွေ ကြားသဖြင့် ထွ ကြည့်သည်။

ပြီးလျှင် ကြိုတင် မှာကြားထားသည့်အတိုင်း ကုတ်တစ် ကို ဖန်ခွက်ထဲထည့်ကာ ဇန်းကလေးနှင့် သယ်လာပေးသည်။

"သောက်ပါဦး၊ အိမ်ကို တော်တော် ရှာလိုက်ရသေးလား"

"ဟုတ်တယ်ဗျ၊ ကားက လမ်းနာမည် သေချာမရှာ ဟိုဖက် လမ်းထဲ ဝင်သွားသေးတယ်"

သူက ကျောပိုးအိတ်ကို ဖြုတ်ချကာ ဆက်တီမှာ ချိတ်ထိုင်လိုက်သည်။

ပြီးလျှင် ဟန်မဆောင်ဘဲ အအေးဖန်ခွက် ကို ကောက် မော့လိုက်ပါသည်။



"သင့်ခ်ယူဗျာ ... ရေဆာနေတာနဲ့ အတော်ပဲ၊ ကျွန်တော် ဆာလာ ခင်ဗျားတို့အတွက် အနှောင့်အယှက် မဖြစ်ပါဘူး နော်"

"အို ... မဖြစ်ပါဘူး၊ အခန်းက ကျယ်သားပဲ၊ ပြီးတော့ ပေါ်တစ်လွှာမှာ ဘယ်သူမှ မနေဘူး။ ရှင့်အတွက် အခန်း သေချာ ထားပါတယ်။ ဒီမှာ ဘာမှ အားနာစရာ မရှိဘူး ကိုမိုးကြီး၊ ချမ်းသာသလို နေပါ၊ လိုတာရှိလည်း ပြောပေါ့၊ ရှင့်ကို သေချာချာ ဂရုတစိုက်နဲ့ ဧည့်ဝတ်ကျေရမယ်လို့ မမအင်ကြင်းက ထားတာ"

ခရမ်းစကားကြောင့် သူက မနေတတ်သော အပြုံးနှင့် ပင်တွေထဲ လက်ချောင်းနှင့် တစ်ချက် ထိုးဖွသည်။

သူ့ ဆံပင်က ဂုတ်နှင့် ပုံသွင်းကာ အပေါ်ထောင်ထားသဖြင့် ကျ် မသွား။

"ကျွန်တော့်အတွက် ဒီလောက်ကြီး မလိုပါဘူး၊ ဒီမှာ ည်းခိုရတာပဲ အဆင်ပြေလှပြီ၊ ခင်ဗျားတို့ကို ကျေးဇူးတင် တယ်"

"အို ... ဘယ်ဟုတ်ပါ့မလဲ၊ ရှင့်အတွက် ပြည့်ပြည့် စုံစုံ ပေးရမှာ ကျွန်မတို့ တာဝန်ပဲ၊ ရှင် စားချင်တဲ့ ဟင်း ရှိရင် ဒေါ်ဒေါင်းကို ကြိုမှာထားလို့ ရတယ် ... သိလား"

"ရပါတယ် ... ကျွန်တော်က ဘာဟင်းနဲ့ဖြစ်ဖြစ် စား တတ်ပါတယ်၊ ဟင်းမရွေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



မိုးတိမ်တိုက်က ဖြေရင်းက တစ်ချက်တစ်ချက် သူ့အကြည့်က သခွားဆီသို့သာ ရောက်ရောက်သွားတတ်သည်။ ကြည့်တဲ့ မျက်လုံးထဲမှာလည်း နူးညံ့ချိုမြိန်သော အရိပ်အငွေ့တို့က ယှက်သန်း နေပါသည်။

တကယ်တမ်း သူ ဒီလိုကြည့်ရမှာက အင်ကြင်းညီမ သခွား ကို မဟုတ်ဘူးလား။ ခရမ်းက မသိမသာ အကဲခတ်ရင်း အံ့အား သင့်နေမိပါသည်။

ဒီတစ်ခါ သခွားရဲ့ နေရာကို ယူထားရင်တော့ ဟန်ကျပြီ ကြိတ်တွေးထားတာ။

ကိုမိုးက ခရမ်းကို စေ့စေ့ပင် သေချာမကြည့်။

သူ လေ့လာရမည့် သတို့သမီးလောင်းမို့ ရှက် အားနာ မကြည့်ဝံ့တာများလား။ ခရမ်း ဇဝေဇဝါ စဉ်းစားနေမိ၏။

"ကဲ . . . ရှင်လည်း နားချင်ရောပေါ့၊ ဒေါ်ဒေါ် အိတ်ယူသွား၊ သူ့ကို လိုက်ပို့ပေးလိုက်ပါ။ အခန်းသော့ကိုလည်း ပြပေးလိုက်၊ ဒီလှေကားကနေလည်း ထွက်လို့ရတယ်။ အပေါ်ထပ် အခန်းကနေလည်း အပြင်ထွက်လို့ ရတယ်၊ အိပ်ခန်းက နှစ်လွှာ ဆိုပေမယ့် တစ်လွှာချင်းလည်း သုံးလို့ရတယ်၊ ရှင် ညဖက်တွေ ဘာတွေ အပြင်ထွက်လို့ ညဉ့်နက်သန်းခေါင် ပြန်လာရင် ကျွန်မတို့ နှိုးဖို့ အားနာစရာ မလိုတော့ဘူး၊ အပေါ်ထပ်တံခါးကို သော့ခတ်သွား ရုံပဲ"



ဆက်သွယ်ဖို့ ဖုန်းကတော့ ကိုမိုးကြီးဆီမှာ GSM ဖုန်း ပါလာတာမို့ အဆင်ပြေပါသည်။

အောက်ထပ်က ဖုန်းကို အပေါ်သို့ ခွဲသွယ်စရာ မလိုတော့ ဘူးပေါ့။

ခရမ်းက သွက်သွက်လက်လက် ပြောပြ စီစဉ်ပေးတော့ သူက ခေါင်းညိတ်သည်။

ကြည့်တာကတော့ ခရမ်းကို သိပ်မကြည့်။

တည့်တည့်မကြည့်ပါဘူးလို့များ သစ္စာဆိုထားသလား တောင် မသိနိုင်ပေ။

သူ မကြည့်တော့ ခရမ်းက အမူအရာကို ခပ်အေးအေး စိမ်ပြေနပြေ ကြည့်လို့ရတာပေါ့။

သူက ရယ်လိုက် ပြုံးလိုက်လျှင် မျက်နှာလေး အလွန် ချိုသွားတတ်တာကြောင့် မှင်သက် ငေးမောရလောက်အောင် ဆွဲဆောင်မှု ရှိလွန်းသည်။

သွားစွယ်ဖြူဖြူချွန်လေးတွေနှင့် စိုရဲသော နှုတ်ခမ်းလေး ကိုဖွင့်ပြီး ပြုံးရယ်လိုက်တဲ့အခါ သူ့ကို မငေးဘဲနေနိုင်မည့် မိန်းကလေး ရှိမှာမဟုတ်၊ နှုတ်ခမ်းလေးသာ မဟုတ်၊ မျက်ဝန်းကလည်း ချိုချိုရီရီ နူးညံ့ သက်ဝင်နေသည်။

သူ့စကားသံ၊ ခေါင်းငဲ့လိုက်တဲ့ အမူအရာ၊ ခြော့ကြော့ ဖတ်ဖတ် ကိုယ်နေဟန်ထား၊ အားလုံးဟာ အချိုးတကျနှင့် အပြစ်

www.burmeseclassic.com

www.burmeseclassic.com



ပြောစရာ ရှာမတွေ့။ မင်းသားတစ်ယောက် ရိုက်ကွင်းမှာ လေ့ကျင့်ထားပြီးသား အမူအရာ ဟန်ပန်မျိုး အလိုလို ပေါက်နေတာ။

သခွားလည်းပဲ မိုးကောင်းကင်ဆိုတဲ့ ကိုလူချောကို အံ့သြနေမှာပဲ၊ ဒီလိုပုံဟု သူ မျှော်လင့်ထားမှာ မဟုတ်။ ဒီလိုမှန်း မသိလို့လည်း ခရီးကို သူ့နေရာ အစားဝင်နိုင်းတာပေါ့။

နှုတ်ဆက်ပြီး အပေါ်ထပ် တက်သွားတဲ့အထိ ခရမ်း လိုက်လံ ငေးကြည့်နေမိသည်။ ပြီးတော့ သခွားထံ မျက်စပစ်ပြမိသည်။ သခွားက အိုကေပဲဟု လက်မ ထောင်ပြသည်။

သူ ရောက်လာတဲ့အထိတော့ အဆင်တပြေ ချောချောမွေ့မွေ့နှင့်ပဲ ဇာတ်တိုက်ထားတဲ့ အနေအထားအတိုင်း ကိုယ်စီ သရုပ်ဆောင်နိုင်ကြသည်။ နောက်ပိုင်းသာ ဘယ်လိုလာမည်ဟု မခန့်မှန်းနိုင်သေးပေ။

◆ ◆ ◆

ကကတစ်ကို ကြော်ပြီး ပဲငံပြာနှင့် ပြန်ပေါင်းကာ ဘဲဥပုံ ဝန်းကန်ပြားထဲ ထည့်ထားသဖြင့် စားချင့်စဖွယ် မွှေးပျံ့နေပါသည်။

ညှော်သည်ရောက်နေတော့ ဟင်းတွေက စုံစုံလင်လင် ဖွယ်ဖွယ်ရာရာ ဖြစ်နေတာပေါ့လေ။ တစ်ပိဿာကို သောင်းနှစ်ထောင်ပေးရတဲ့ ပုဇွန်ထုတ်ကြော်လည်း ပါသည်၊ ဆိတ်ကလီဇာဟင်းလည်း ပါသည်။ ပြီးတော့ ကင်ပွန်းရွက် ဟင်းချို။ ပဲပြားသုပ်။

''ဒေါ်ဒေါ်ငိုး . . . ပြီးပြီလား၊ ဘာကျန်သေးလဲ''

''ပြီးပြီ သခွားရေ . . . အဲ မွေ့လို့ ခရမ်း ခရမ်း''

''ဒေါ်ဒေါ်ငိုးကတော့ လုပ်ပြီ၊ အခုထိ အယောင်ယောင် အမှားမှားပဲ''

''အေးပါ သမီးရယ် . . . သတိထားပါ့မယ်''

''ဒီပန်းကန်တွေ ထမင်းစားပွဲပေါ် သယ်သွားတော့မယ်''

''အေး . . . အေး . . . ပြင်ထားလိုက်၊ ငါးပေါင်းမှာ နံနံပင် အုပ်ပြီးပြီလား၊ ဆော့ထ်ရော ပါပြီလား ကြည့်ပါဦး''

www.burmeseclassic.com

www.burmeseclassic.com



သခွားက ရုံးပိတ်ရက်ဆို မီးဖိုချောင်ကိစ္စ ဝင်ကူညီတတ်သည်။ ခရမ်းကတော့ သူ့ဘာသာ ဒီဗိုင်းတွင်လိုက်၊ ပိတ်စတွေညှပ်လိုက်၊ စက်ချုပ်လိုက်နှင့် မအား။ အဲဒါတွေ လုပ်စရာ မရှိတော့လို့ အားပြီဆိုလည်း သူက မီးဖိုချောင်သို့ ယောင်လို့မှ မဝင်။ သူ့ဘာသာ အေးအေးလူလူ အမ်ပီဖိုး ပလေယာလေး နားကျပ်တပ်ကာ နားထောင်နေတတ်သည်။

သူ့ကိုယ်သူလည်း လက်မွေးမီးမလောင်၊ ခြေမွေးမီးမလောင်ဘဲ ကြော့ကြော့လေး လှနေအောင် နေတတ်သည်။

သူငယ်ချင်းအိမ် တက်နေတယ်ဆိုပေမယ့် ခရမ်းက အားနာပါးနာ သူများ မျက်နှာ ကြည့်နေတာမျိုး မဟုတ်ပါ။ သူ့အိမ် သူ့ယာမှာ မင်းသမီးလေးတစ်ပါးလို အခန့်သားလေးနေတဲ့ စတိုင်လ်နှင့်ပါ။ မသိရင် သူက အိမ်ရှင် သခွားရောင်လို့ ပိုပြီးတောင် ထင်ရပါသည်။ သခွားကမှ ဆံပင်ရှည်လေး ကမန်းကတန်း ချည်နှောင်ရစ်ပတ်ထုံးပြီး အိမ်မှုကိစ္စ သွက်သွက်လက်လက် ဝင်ပါကူညီတတ်သည်။

အခုလည်း ဒေါ်ဒေါ်င်းနားမှာ လိုအပ်တာ ဝင်ပြင်ပေးနေပါသည်။ ဟင်း ထမင်းတွေ ခူးခပ်ပြီး စားပွဲပေါ် သပ်ရပ် လှပအောင် ခင်းကျင်းသည်။

သူ စားမြိန်ပါစေတော့ဟုလည်း စေတနာပေါက်မိတာ ဝန်ခံပါသည်။ ခရမ်းက သူ့အခန်းထဲမှာ . . . ခုထိ ထွက်မလာ။



သခွားက နာရီကြည့်ပြီး . . .

"ဟောတော့ . . . ဆယ့်နှစ်နာရီထိုးတောင် ခွဲပြီးပြီ၊ ညည်းသည် ဆာနေရောပေါ့၊ ဒီမှာ အဆင်သင့်ဖြစ်နေပြီ ကိုမိုးကို သွားခေါ်လိုက်တော့လေ"

"အေး . . . အေး"

ဒေါ်ဒေါ်င်းက လှေကားပေါ် တက်ခေါ်သည်။

တအောင့်အကြာမှာ သူ ဆင်းလာ၏။ သူနှင့် မရှေးမနှောင်း ထမင်းစားပွဲဆီသို့ ရောက်လာသူမှာ ခရမ်း။

ရေချိုးပြီးစ မွှေးကြိုင် လန်းဆန်း လှပနေပါသည်။ ပခုံးမှာ ကြိုးသိုင်းချည်ထားသော ဂါဝန်ပုံဆန်းဆန်း မရမ်းပြာလေးနှင့် အပြင်တစ်နေရာ သွားစရာ ရှိသလို ထင်းလင်း ကြော့ရှင်းနေသည်။

"နင် အပြင်သွားစရာ ရှိလို့လား"

သခွား မေးခွန်းကို သူက ခေါင်းယမ်းပြီး . . .

"မရှိပါဘူး"

"မသိပါဘူး၊ ငါက သင်တန်းသွားဖို့ ထင်လို့"

"သင်တန်းက ညနေမှ"

သခွားနှင့် ခရမ်း အပြန်အလှန် ပြောနေပုံကို မိုးတိမ်တိုက်က အသာကြည့်နေမိသည်။ ခရမ်းရဲ့ ဆံပင်ထုံးထားပုံလေးကိုလည်း သူ ချစ်စနိုး ဖြစ်မိသည်။

"ကိုမိုး . . . အားမနာနဲ့နော် . . . ထည့်စား"

www.burmeseclassic.com



ခရမ်းက အသံချိုချိုလေးနှင့် လောကဝတ်ပြု၏။ သူမ ကိုယ်တိုင်လည်း ကိုမိုးကြီး ပန်းကန်ထဲသို့ ဟင်းတွေ တပုံတပင် ခပ်ထည့်ပေးသည်။

“ရပါတယ်၊ ကျွန်တော် အဝစားမှာ စိတ်ချ”

မိုးတိမ်တိုက်က ခေါင်းလေးငုံ့ကာ နှုတ်ခမ်းကို ပိတ်ပြီး ထမင်းဝါးနေသည့် ကောင်မလေးကိုသာ ချစ်စနိုး မော့မော့ ကြည့်၏။

သူမက သခွားရောင်အိမ်မှာ လာရောက် မှီခိုနေထိုင်ရသူလေးဆိုတာ သိရတော့ ပို၍ပင် ကရုဏာသက်မိသေးသည်။ အိမ်ရှင်မမက ကြော့ရှင်းမွှေးကြိုင်နေချိန်မှာ သူမက ဆံပင်လေးတွေ ပွလျက်၊ အဆီပြန် မျက်နှာခပ်နီနီလေးနှင့်။

“ဟင်းတွေက အရသာ ရှိလိုက်တာများ၊ တကယ် လက်ရာကောင်းပဲ၊ ဒီလိုသာ နေ့တိုင်း စားရရင် ကျွန်တော်တော့ ဖက်တီးဖြစ်သွားမှာပဲ၊ ကြာရင် ဒီအိမ်ကတောင် ပြန်ချင်တော့မှာ မဟုတ်ဘူး”

“အဲဒါ သခွား... အဲ ခရမ်းက ဝင်ပြီး လက်စွမ်းပြထားတာလေ”

“ဟုတ်လား”

“ကျွန်မ ချက်တာက တစ်မယ်တည်းပါ”

“ဘာပဲဖြစ်ဖြစ် မြိန်တာက မြိန်တာပဲလေ”

“မြိန်ရင် ထပ်ထည့်ဦးလေ၊ ထမင်း ထပ်ယူ၊ မရှားဘူး”



ခရမ်းက ထမင်းအုပ်ကို သူ့ဖက် တိုး၍ ကိုယ်တိုင် ခပ်ထည့်ပေးသည်။

“ကျေးဇူးပဲ သခွား၊ ကျွန်တော့်အကြိုက်တွေ ချက်ထားသလား မှတ်ရတယ်”

သူ ခရမ်းကို သခွားလို့ ခေါ်တာ၊ သခွားရောင် ရင်ထဲ မချိသလို ဖြစ်လာသည်။

ခရမ်းပုံစံကတော့ မလိုချင်လို့ သခွား ပုတ်ထုတ်ပြီးသား ဆိုတဲ့ စတိုင်နဲ့ပေါ့လေ။

သူနှင့်ပဲ သက်ဆိုင်ပတ်သက်သလိုလို အမူအရာ ဖမ်း းတော့သည်။ အခုမှ သခွားလည်း ဘာမှ မတတ်နိုင်။ သခွားကိုက ထွင်မိတဲ့ကိစ္စ မဟုတ်လား။

“နောက်နေ့လည်း ကြိုက်တာ ပြောထားဦး”

“ရပါတယ်၊ ခရမ်းကြိုက်တာပဲ လုပ်ပါစေ”

“သူက အပေါ်ယံ နှမ်းဖြူးတာပါ၊ တကယ် ချက်တာက ဒေါ်ဒေါ်ငါးများ၊ မသိရင် ခက်မယ်”

“ငါကလည်း အကုန်လုံး ငါချက်တာလို့ မပြောပါဘူးနော်”

သခွားက မကျေမနပ် ပြန်ပြောလိုက်သည်။ အပေါ်ယံ နှမ်းလေးဖြူး၊ ဆားလေး မြည်းတာလောက်ပင် သူက လုပ်တာမို့လို့လား၊ အလကား သခွားကို ကိုမိုးရှေ့မှာ သူက ဖဲ့ချင်တာ။ သိသာသား၊ သူပဲ မင်းသမီး လုပ်ချင်တာ။

www.burmeseclassic.com



ကိုယ်ကလည်း သူ့ကို နေရင်းထိုင်ရင်း မင်းသမီး နေရာ သွားပေးမိတာကိုး၊ ဒါပေမယ့် မင်းသားက သူ့ဖက် မျက်စိ မကျဘဲ ကိုယ့်ဖက်မျက်စိလည်လာမယ့်ပုံရှိတော့ သခွားလည်း ရင်တွေ ဘာတွေ ခုန်မိတာပေါ့။

ကိုမိုးကောင်းကင် စိတ်ကိုလည်း နားမလည်။ တကယ်ဆို သူ့မျက်လုံး ငေးရီရီတွေက ခရမ်းမျက်နှာပေါ်မှာသာ ဝဲနေသင့်တာ။ သခွားဖက် ရောက်စရာတောင် မလို။ သူနှင့် သဘောတူ စပ်ဟပ်တဲ့ သူက ဘယ်သူလဲ . . . အဲဒီ မိန်းကလေးကိုပဲ သူ အကဲခတ် စောင့်ကြည့်ရမှာ။

စိတ်သဘော မနော ကောင်းမွန်ဖြူစင်ရဲ့လား၊ မိန်းမ ပီသရဲ့ လား၊ အရည်အချင်း ရှိရဲ့လား၊ ယောကျ်ားရတဲ့အခါ အိမ်ရှင်မပီသ မယ့်ပုံ ရှိရဲ့လား။ လင်ယောကျ်ားအပေါ် မြတ်မြတ်နိုးနိုး သစ္စာရှိမယ့် ရုပ်ရော ဟုတ်ရဲ့လား။ ရိုသေ လေးစားစွာ ပြောဆို ဆက်ဆံတတ်ရဲ့ လား။

ဒါတွေကို သူ ကြည့်ရမှာ။

အရည်အချင်းနဲ့ အရည်အသွေးကို လေ့လာချင်ရင် သူ့ ပြုမူ ပြောဆို လုပ်ကိုင်နေတဲ့ အရာတွေအပေါ်မှာ အဓိကထား ကြည့်ရမှာပဲ မဟုတ်လား၊ ဒီတော့ ခရမ်းကိုပဲ သူ ကြည့်ရမှာ။ သူ့ဇနီးတစ်ယောက် ဖြစ်လာနိုင်၊ ဖြစ်မလာနိုင်ဘူးဆိုတာ အကဲ ဖြတ်ရမှာ။



"ကိုမိုး သူ့လက်လွှဲထားရင်တော့ သူ ကြိုက်တာပဲ သူ တ်နေမှာ"

"ကိုစွမရှိပါဘူး၊ ခရမ်းနဲ့ ကျွန်တော်က အကြိုက်တူမှာပါ"

ခရမ်း မျက်စောင်းထိုးချင်လာ၏။ ဒီလူ ပြောဆိုနေပုံက မြဲတမ်း သခွားအကြိုက် လိုက်လျောသွားမယ်ဆိုတဲ့ပုံစံ ဖြစ်နေ လား။ ခရမ်း မျက်နှာ နည်းနည်းပျက်ချင်၏။ သူမက အမည်ခံ ခွားရောင်ပဲ ဖြစ်နေပြီ။ အခွင့်အရေး အထူးဝလည်း မရဲဘူးဆိုရင် လုပ်ဖို့လဲ။

ရင်ထဲမှာ မလိုတမာ ဖြစ်လာသည်။

မမအင်ကြင်းက ဘယ်လို စီစဉ်တာလဲ သူ မသိဘူးလား။

ဇနီးလောင်းကို အရေးပေးရမှာလား . . .။

ဇနီးလောင်းရဲ့ သူငယ်ချင်းကို ပို ဂရုစိုက်မှာလား။

တဆိတ်တော့ ပြောင် ရဲတင်းလွန်းနေပြီ။ သခွားက ငြင်းငံ့သွားပြီး၊ ခရမ်းက သူ့ကို ခပ်တင်းတင်း ကြည့်တော့မှ စကား မှားသွားသလဲ မိုးတိမ်တိုက် ကမန်းကတန်း ပြန်တွေးရ သည်။

ဟုတ်တာပေါ့၊ ဒီနေရာမှာ သူက ကိုမိုးကြီးပဲ။ ကိုမိုးကြီး ဆိုရင် မျက်စိရှေ့က ခေတ်ဆန်ရဲတင်း လုပ်တဲ့ သခွားရောင် ပဲ သဘောကျရမှာပေါ့။

ဒါပေမယ့် သူက မိုးကောင်းကင် မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသားက ပိုပြီး အလိုက်အထိုက် မနေနိုင်
ဘာကြောင့်လဲဆိုတော့ သူ့နှလုံးသားက ဒီနေရာမှာပဲ အချစ်
လာတွေ့နေပြီ။

အခု ဒီအိမ်မှာ မိန်းကလေးတစ်ယောက်တည်းရှိပြီး အ
မိန်းကလေးကလည်း သခွားရောင်သာ ဖြစ်မယ်ဆိုရင်တော့
သူ့ရင်ထဲ ဘယ်လိုမှလည်း ခံစားရမှာ မဟုတ်ပါ။ ကိုကြီးမိုးနေရ
ဟန်မပျက်နေပြီး သူ ပြန်သွားရုံပေါ့။

သခွားရောင်ကိုတော့ သူက မရီးနေရာရှိတော့ တစ်စ
စိတ်ကူးမှာ မဟုတ်ပါ။ သခွားကတော့ သူ့အပေါ် တစ်မျိုး မြင်
မြင်မှာပေါ့လေ။ ဒါကို မိုးတိမ်တိုက်က သိပ်မတွေးပါ။ မလွဲသာ
အခိုက်အတန့်မှာ သူ ကြည့်ကျက်နေသွားဖို့ ဆုံးဖြတ်ပြီးသ
ဒီအိမ်မှာ ကြာကြာနေဖို့လည်း သူ မရည်ရွယ်။

သို့သော် အဲဒါတွေအားလုံးဟာ ခရမ်းဆိုသော မိန်းက
ကို မတွေ့ရခင် အချိန်တုန်းက သူ့ရဲ့ အစီအစဉ်တွေပါ။

ခရမ်းနှင့် တွေ့ရတော့ သူ့ရင်ထဲက ချစ်ခြင်းမေတ္တာတွေ
နိုးထ ခုန်လှုပ်လာခဲ့ပြီလေ။

သူ ဘာမှ မတတ်နိုင်။ ခရမ်းရဲ့ ချစ်စရာကောင်းသ
မျက်နှာလေးကိုပဲ တစ်ချိန်လုံး ကြည့်နေချင်မိသည်။ ဖြစ်နိုင်
တယုတယနှင့် အကြင်နာတွေ ပေးလိုက်ချင်သည်။ သူ့အတွေး
က တိတ်တဆိတ် အတင့်ရဲလှသည်။



ဘယ်မိန်းကလေးကိုမှ ခုလောက် အသည်းအသန် သူ
ခဲ့မက်ဘူးပါ။

သူ့ကို သခွားရောင် ဘယ်လို ထင်မလဲတော့ မိုးတိမ်တိုက်
တွေးစားနိုင်ပေ။ သူ့ရဲ့ လှုပ်ရှားနေတဲ့စိတ်ကို ဘယ်လို ထိန်းချုပ်
သားထား။ အနေနှင့်အမြန်တော့ မမအင်ကြင်းညိုမ ရိပ်မိတော့မှာပဲ။

ရိပ်မိရင် မမအင်ကြင်းကို ဘာပြောမလဲ။

မိုးတိမ်တိုက် ရင်ထဲ မွန်းကျပ်လာသည်။ စားလက်စ
ထမင်းကို ရပ်ကာ သူ ငြိမ်သွားမိသည်။

"ဟင် . . . တော်ပြီလား။ ကိုမိုး"

"တော်ပြီ . . . ကျွန်တော် ဝပြီ"

ထမင်းစားပွဲကနေ သူ ထ,ထွက်လာမိ၏။ ဒေါ်ဒေါ်င်းက
ချိုပွဲ ပြင်ထားတဲ့ ပန်းသီးနဲ့ သဘော်သီးပန်းကန်ကို ဧည့်ခန်းထဲ
ယူလာပေးသည်။

သူ သစ်သီးစားနေစဉ်၊ သခွားရောင်နှင့် ခရမ်းလည်း
ဧည့်ခန်းသို့ ထွက်လာသည်။

"ကိုမိုး... စီးကရက် သောက်ချင်လည်း သောက်နော်"

သူ အမှန်တကယ်လည်း စီးကရက် ဖွာချင်နေတာမို့
အလိုက်တသိ ပြောလိုက်သော သခွားရောင်ကို ကျေးဇူးတင်မိ၏။

"အတော်ပဲ... ကျွန်တော်လည်း အဲဒီ ခွင့်တောင်းမလို့
သောက်လို့ ရတယ်ဆိုရင်တော့ သင့်ခ်ယူပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူက ခုနချထားတဲ့ ငါး ကရက်ပူးကို ချက်ချင်း လှမ်း

တော့သည်။

သူ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းများမှာ ချိတ်

ထောက်ခနဲ မီးညှိလိုက်ပုံက သခွားရဲ့ အမြင်မှာ ဆန်းနေရသည်

အရင်က ဒီအိမ်မှာ စီးကရက် သောက်တတ်သော

ယောကျ်ားသား မရှိလို့လည်း ဖြစ်ချင် ဖြစ်နိုင်သည်။

သူ့ရဲ့ လက်ချောင်းရှည်ရှည်သွယ်သွယ်တို့ နှုတ်ခမ်းန

မြောက်ကပ်သွားပုံကပင် တစ်မျိုးလေး စတိုင်လ်ကျ ကြည့်ကော

နေသည်။

သန်းထိုက်တို့ အေးကိုတို့ စီးကရက်သောက်ရင် မျက်

လေးရှုံ့ လက်ကလေး တယမ်းယမ်းနှင့် အင်မတန် အမြင်ကပ်

သော သခွားဟာ သူ စီးကရက် ကြိုက်ပုံရသောအခါ မီးခိုးငွေ

တောင် လှုပ်နှင့် ဇော့ယမ်းမပစ်မိဘဲ ဒီတိုင်း ငြိမ်သက်ကြည့်

မိသည်။

ခရမ်းက အိမ်မှာ မသုံး၍ ရှိုးကေ့စ်ထဲ ထည့်ထားသော

ဖန်ပြာခွက် လုလုလေးကို သွားထုတ်ယူလာသည်။

"စီးကရက်ငွေ့ ရရဲ့လား ခရမ်း၊ ကျွန်တော် ဝရံ

ထွက်သောက်မယ်လေ"

'ရပါတယ်' ဟု ပြောဖို့ သခွား နှုတ်ခမ်းပြင်ဆဲမှာ...

"အမယ်လေး... သူက သိပ်အဖြစ်သည်းတာ၊ သူ့



အရက် သောက်ရင် မလွယ်ဘူး၊ အခု ရှင့်ကိုမို့လို့ သူ ဘာမှမပြော

ဘာလေ"

"ဟုတ်လား ခရမ်း၊ ဆောရီးနော်... ကျွန်တော် လစ်ပြီ"

မိုးတိမ်တိုက်က ဝရံတာသို့ ကမန်းကတန်း ပြေးထွက်

သွားသည်။ ခရမ်းက သူ့ပုံစံကို ဘာရယ်မဟုတ် ရယ်နေမိသည်။

သခွားကတော့ အားတုံ့အားနာနှင့် ခရမ်းကိုသာ မျက်

စောင်း ဖိထိုးပစ်လိုက်သည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



“ခွား . . . ကိုမိုး ရောက်နေပြီမို့လား၊ သူ့ အနေအထိုင် အပြောအဆို ဘယ်လိုလဲ၊ နင်နဲ့ အဆင်ပြေပြေပဲမို့လား”

“အင်း . . . မဆိုးပါဘူး”

“ဟဲ့ . . . ဘာမဆိုးတာလဲ၊ နင် သူ့ကို ဖော်ဖော်ရွေရွေ နဲ့ ကောင်းကောင်းမွန်မွန်ရော ပြောဆို ဆက်ဆံရဲ့လား”

မမအင်ကြင်းက သခွားနှင့် ဖုန်းပြောနေတာကို ခရမ်း… ဘေးကနေ နားထောင်နေသည်။

“မမ ကိုမိုးဆီကိုလည်း ဆက်လိုက်တယ် . . . သူ… စက်မှုဇုန်မှာတဲ့။ အဲဒါနဲ့ ခွားတို့ဆီပါ တစ်ဆက်တည်း တန်းခေါ်… လိုက်တာ၊ သူ မရှိဘူးဆိုတော့ ခွား ပြောစရာရှိတာ လွတ်လွတ်… လပ်လပ် ပြောစမ်း”

“ဟင် . . . သခွားက ဘာပြောရမှာလဲ”

“နင်နဲ့ သူနဲ့ အခြေအနေအကျိုးအကြောင်းပေါ့၊ ရှု…

…ကြ ဘယ်နှယ့်လဲ၊ ငါပြောတဲ့အတိုင်း သားသားနားနား မွန်မွန် …ည်ရည်ပဲမို့လား”

“အင်း . . . ချောပါတယ်”

“ခွားတို့ စကားတွေ ဘာတွေ ပြောကြည့်သေးလား”

“အိမ်မှာတော့ ပြောနေတာပေါ့”

“ဘာတွေပြောလဲ၊ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဖြစ်သွား …လား”

မမ အင်ကြင်းမေးခွန်းကို သခွား ဖြေရခက်နေသည်။ ခင်မင် …နှီးသလားဆိုတော့ ဘယ်လိုပြောရမလဲနော်။ သူ တစ်ခါလောက် …ကြည့်ရင် ရင်တွေ ဖိုရလွန်းလို့ ပြောင်းဆန်နေတာပဲ။

ဒါပေမယ့် သူက သခွားကို ခရမ်းလို့ပဲ သိတာ။

စကားများပြီး ဒီက အရှုပ်အရှင်းတွေ မမအင်ကြင်း သိမှာ …ည်း စိုးရိမ်ရသည်။

ဘေးမှာက ခရမ်းလည်း ရှိနေတာ။

“ခင်ပါတယ်”

“အပြင် အတူသွားဖို့ ခေါ်လား”

“ဟင့်အင်း”

“သူ့ဖက်ကရော အမူအရာ ဘယ်လိုရှိလဲ။ ခွားကို …သဘောကျလား”

“အို . . . အဲဒါတော့ ဘယ်သိပါ့မလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟင့် . . . သိမှ ဖြစ်မှာပေါ့၊ ကိုယ်က မိန်းကလေး ကိုယ့်ကို ဘယ်လို ကြည့်တယ်၊ ဘယ်လို ပြောတယ်ဆိုတာ မိန်းက လေးတိုင်း အလိုလိုတတ်နေတဲ့ ပညာပဲ"

"သခွား မခန့်မှန်းတတ်ဘူး မမအင်ကြင်းရဲ့"

"ဒါဖြင့် သူ့ဖက်က ထူးခြားတာ ရှိလာရင် မမနဲ့ ဖုန်း ဆက်တိုင်ပင်နော်"

"အင်းပါ"

"ခွားကို သူမကြိုက်တဲ့ မနေပါဘူး၊ သတင်းကောင်း ရှိရင် ပြောနော် ခွား"

မမအင်ကြင်းက တက်ကြွအားပါနေသည်။ သခွားမှာ ကိုယ့်အတက်နှင့် ကိုယ် စူးနေပြီ။

ကိုမိုးကောင်းကင်အပေါ် ချစ်မိသွားခဲ့ရင်တောင် သူ့ အဖြစ်က ကြိတ်မှိတ်မျိုသိပ်ထားရမည့် အခြေအနေ။

ဘယ်သူ့မပြု မိမိမှုပဲလေ။

ရှင်းနေတာကို ရှုပ်အောင်လုပ်မိတာ။

ကိုမိုးခမျှာလည်း သဘောတူတဲ့ မိန်းကလေးရဲ့ သူငယ်ချင်း အဖြစ် သခွားကို စိတ်ဝင်စားရင်တောင် အခက်တွေ့ အကျပ်ရိုက်ကာ ဖွင့်ပြောဖို့ မလွယ်ကူ။

"အင်းပါ မမရယ်"

"ဒေါ်ဒေါင်းရော သူ့ကို ဂရုတစိုက် ချက်ပြုတ်ကျွေး



ဖွတ်ပေးရဲ့လား၊ ကိုယ့်အိမ်နေတုန်း ဘာမှ ကသိကအောက် မဖြစ် စေနဲ့နော်"

မမအင်ကြင်းက လိုတာတွေ မေးလိုက် မှာလိုက်နှင့် တော်တော်နှင့် ဖုန်းမချပါ။

ခရမ်းနှင့်လည်း တခဏ ပြောကြသေးသည်။

မမအင်ကြင်း ဖုန်းချသွားတော့မှ သခွားမှ သက်ပြင်း ကလေး ချနိုင်ပါသည်။

ခရမ်းက . . .

"နှင့်ကို မမအင်ကြင်း ဘာတွေ မေးနေတာလဲဟင်"

"ဒီလိုပါပဲ၊ ကိုမိုးကောင်းကင် အကြောင်းပါ"

"ကြိုက်နေပလားလို့ မေးတာလား"

"မဟုတ်ပါဘူး"

"တစ်ခုခုတော့ မေးနေပါတယ်"

"ခါတိုင်းလိုပါပဲ"

"ငါ့ကို သခွားတို့ ကြည့်ရတာ ဘယ်လိုလဲတဲ့၊ နီးစပ်နေပြီ လားတဲ့"

"နင် ဘာပြောလိုက်လဲ"

"သခွားရောင်ဆိုတဲ့ မိန်းမကို စေ့စေ့တောင် မကြည့် ဘူးလို့"

"ဟယ် . . . အဲလို ဘာလို့ လျှောက်ပြောတာလဲ၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထားတာတွေ မမအင်ကြင်း ရိပ်မိသွားဦးမယ် ခရမ်းရယ်၊ နင်ကလည်းနော်''

"အလကား စတာပါ၊ ကိုမိုး နင့်နားကပ်ပြီလားလို့ သူက သိချင်နေတာ''

"မကပ်ပါဘူး၊ ဘာလို့ ကပ်ရမှာလဲ''

"နင်ကတော့ ကပ်စေချင်တယ် မဟုတ်လား သခွားရဲ့၊ ငါ့ကို မညာပါနဲ့ ဟင်း... ဟင်း''

"တော်စမ်းပါ ခရမ်းရယ်''

ခရမ်းက သူမကို သိပ်မကြည့်ဘဲ တစ်ခါတစ်ရံ ခနဲ့ချင်၊ ရွဲ့ချင်၊ စကားနာထိုးချင်သည်။

ဒီကိစ္စမှာ သခွား စပ်ဆော့လို့ သခွားရဲ့ အမှားလည်း မကင်းတာမို့ သူနှင့် ပြိုင်မပြောဘဲ ငြိမ်နေမိသည်။

"အင်း ... ရပြီ၊ ကြားရပြီ ပြော... ကိုကြီး''

ပွင့်လွင့်လာသော အပေါ်ထပ် ဝရံတာက အသံကြောင့် သခွားက အသာ နားစွင့်ထားလိုက်သည်။

မိုးတိမ်တိုက်က သူ့ဟင်းနဲ့ဖုန်းကို နားမှာကပ်ကာ ဝရံတာ လက်ရန်းကနေ ကိုယ်ကြီး အပြင်ကို ကိုင်းငွဲ့ကာ ဖုန်းလိုင်းမိအောင် ဂရုတစိုက် နားစွင့်နေရ၏။

"ဒက်ဒီ မင်းဆီ ဖုန်းဆက်ပြီးပြီလား''

"ဆက်တယ် ကိုကြီး၊ တစ်ခါတော့ ဆက်တယ်''

"ဘာပြောလဲ မောင်မိုး''

"ရောက်ပြီလား၊ အိုကေရဲ့လား မေးတာပေါ့၊ ကျွန်တော် လည်း ရှည်ရှည်ဝေးဝေး သိပ်ပြန်မပြောပါဘူး၊ ကိုကြီး မှာအေးတဲ့ အတိုင်းပဲ၊ သူလည်း ဒီမှာ ရောက်နေပြီဆိုတော့ ကျေနပ်သွားတဲ့ ပုံပါပဲ''

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို သံသယ မဝင်ဘူးမို့လား"

"မဝင်ဘူး ထင်ပါတယ်"

"တော်သေးတာပေါ့ကွာ၊ အခု မင်းနားမှာ သူတို့ရှိလား"

"မရှိဘူး ကိုကြီး ပြောပါ"

"အဲဒီမှာ သခွားရောင်ရယ်၊ အိမ်သိမ်း ထမင်းချက် အဘွားကြီးရယ်၊ ဒါပဲ ရှိတာဆို"

"သူ့သူငယ်ချင်းတစ်ယောက် ရှိသေးတယ်"

"ဟုတ်လား ... မင်းရော နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"စက်ရုံကိုရော သွားကြည့်နေပြီလား"

"ကြည့်တယ် ကိုကြီး၊ စက်ရုံက ပြီးသလောက် ရှိနေပါပြီ ကိုကြီး မန်နေဂျာ ကိုလှကြိုင်ကလည်း အတော်အားကိုးရတယ်ဗျ၊ ဒီကကိစ္စတွေ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော် ရှိနေတာပဲ၊ ဒါနဲ့ ကိုကြီးကိစ္စရော အဆင်ပြေရဲ့လား"

မိုးကောင်းကင်က သက်ပြင်းတစ်ချနင့် ...

"ဒီလိုပါပဲကွာ၊ ဘာမှတော့ မထူးသေးပါဘူး"

"ဆုံးဖြတ်ပြီးသားဆိုရင်တော့ စိတ်ဓာတ် မကျပါနဲ့ဗျာ၊ ကိုကြီးလို လူတစ်ယောက်ရဲ့တန်ဖိုး သူလည်း သိမှာပါ"

"အေးပါကွာ"

"ကိုကြီး ဘယ်တော့ ရန်ကုန်လာမလဲ"



"အခြေအနေအရပဲလေ"

သခွားက အသံကျယ်ကျယ်ဖြစ်လိုက်၊ တိုးသွားလိုက် ဖြစ်နေတာကို အားမလို အားမရ နားစွင့်ထားဆဲ။

နေစမ်းပါဦး။ ကိုကြီးဆိုတာ ဘယ်သူလဲ။

မမအင်ကြင်း ပြောတော့ မိုးကောင်းကင်က တစ်ဦးတည်းသော သားတဲ့။

သူ ပြောနေတာ ဝမ်းကွဲအစ်ကိုတွေ ဘာတွေလား။ ဒါမှ မဟုတ် မိတ်ဆွေတစ်ဦးကိုပဲ ရင်းရင်းနှီးနှီး ကိုကြီးလို့ ခေါ်တာလား။

"ဒီကအတွက်တော့ ဘာမှ စိတ်မပူနဲ့ မောင်မိုး၊ မင်း မေမေဆီကိုလည်း ငါရောက်တယ်၊ အန်တီမေကိုပဲ လခ အပ်လိုက်တယ်"

"မမကရော ဘာမေးသေးလဲ"

"မင်း ဘယ်တော့ ပြန်လာမလဲတော့ မေးတယ်၊ တစ်လ နှစ်လတော့ ကြာမယ်လို့ ပြောထားလိုက်တယ်ကွ"

သခွား မျက်လုံးလေးတွေ ပိုပြူးပြီး ခေါင်းထောင်ရ လေပါသည်။

မမတဲ့။

သူခေါ်ပုံ ... မေးပုံက တရင်းတနှီး။

မိုးကောင်းကင်မှာ အစ်မ မရှိတာတော့ သေချာသည်။ ဒါကရော ဘယ်သူ့ကို ခေါ်တာပါလဲ။

www.burmeseclassic.com

www.burmeseclassic.com



သခွား စိတ်တွေ လှုပ်ရှားလာခဲ့ရ၏။

"ဩော် . . . မေးမလို့ကွ၊ သွားရေးလာရေးရော၊ အခု မင်း ဘာကားနဲ့ စက်မှုဇုန် သွားနေတာလဲ"

"ကိုလှကြိုင်ဆီက ဇုံကားကိုပဲ ဆွဲထားလိုက်တယ်"

"အေး . . . အဲဒါ ကောင်းပါတယ်"

"ကျွန်တော်က ဒီမှာ ခဏနေတာပဲ"

"ဟေ့ကောင် . . . တစ်သက်လုံးလည်း ဖြစ်ချင် ဖြစ်မှာပေါ့၊ သခွားရောင်က မလှဘူးလား၊ မင်း မကြိုက်ဘူးလား"

"ကျွန်တော် အစကတည်းက ပြောသားပဲဗျာ၊ လုံးဝကို မပစ်မှားတာ"

"ဟား . . . ဟား . . . မင်းကတော့ ဂုဏ်သိက္ခာကြီးနဲ့ပေါ့၊ ဒါနဲ့ နေစမ်းပါဦး သခွားရောင် သူငယ်ချင်းကရော အပျိုလေးပဲလား သူကရော"

"အပျိုပါပဲ၊ ကုမ္ပဏီမှာ အလုပ်လုပ်တယ်၊ နာမည်က ခရမ်းတဲ့"

"ခရမ်း ! မင်းတော့ သစ်သီးဝလံ ပြပွဲထဲ ရောက်နေပြီ"

"ဟုတ်တယ်ဗျာ"

"မင်း ပျော်နေတယ်မို့လား၊ ကောင်မလေးနှစ်ယောက်တောင် ရှိနေတော့"

"ဟာ . . . မဟုတ်ပါဘူး ကိုကြီးရ၊ ဒီလိုပါပဲ"



"ကောင်မလေးတွေက ချောချောလှလှ မဟုတ်ဘူးလား"

"ချောတာက ချောပါတယ်"

"သခွားရောင်က ပိုချောလား"

"အဲဒါတော့ မပြောတတ်ဘူး၊ ကိုကြီး လာကြည့်မှ ရမယ်"

"မင်းကွာ . . . ညှို့သေးတာပဲ"

ဖုန်းပြောရင်း မိုးတိမ်တိုက် နှုတ်ခမ်းတွေက ပြုံးတုံ့တုံ့ ဖြစ်နေပါသည်။ ခရမ်းကို စိတ်ဝင်စားမိတယ်ဆိုတာ ဖွင့်ပြော ပြလိုက်ရမလား။

ဒီလောက် အချိန်တစ်ခဏလေးနဲ့ မင်းတော့ လုပ်လာ ပြန်ပြီဟု ကိုကြီး အပြစ်ဆိုမှာလည်း ကြောက်သည်။

လာတုန်းက ဒီကို မလာချင်ပေမယ့် အခုတော့ ခရမ်း မျက်နှာလေး မြင်ရကတည်းက ပြန်ခိုင်းရင်တောင် မပြန်ချင်တော့မှာ ကိုယ့်ဘာသာ သိနေပြီ။

"မောင်မိုး"

"ဗျာ"

"သခွားရောင်ကရော မင်းအပေါ် ဘယ်လို သဘောထားလဲ"

"အဲဒါတော့ ကျွန်တော်လည်း မသိဘူး"

"မင်းကို ဘာမှ မမေးဘူးလား"

"မမေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ မင်းကို မိုးကောင်းကင်ပဲ ထင်နေမှာပေါ့"

အဲလို ထင်အောင် ရောက်လာပြီးကာမှ မိုးကောင်းကင် ထင်ပြီး ငြိတွယ်လာမှာ မိုးတိမ်တိုက်က စိုးမိပြန်သည်။

"ကျွန်တော့်ဘက်ကတော့ ဘာမှ မဖြစ်ဘူး"

"ဒါဆိုလည်း ဒက်ဒီမေးရင်တော့ ကြည့်ဖြေကွာ၊ ငါ့ကို ဖြေသလို တုံးတိကြီး ရှင်းရှင်းတော့ သွားမဖြေနဲ့"

"ဟုတ်ကဲ့ . . . အဲဒါတော့ ကျွန်တော် သဘောပေါက်ပါတယ်"

"စကားတွေ ဘာတွေ မမှားဖို့လဲ မင်း သတိထားဦးနော်"

"ဟုတ်ကဲ့"

"ကဲ . . . ဒါဆိုလည်း ဒါပဲ၊ ငါ နောက်မှ ထပ်ဆက်လိုက်မယ်"

ကိုကြီးပြောလို့ ပြီးမှ ဖုန်းကို ပိတ်ကာ ဟိုဒီ ကြည့်မိသည်။

ဟောဗျာ . . .

အောက်ထပ် ဝရံတာကို ငုံ့ကြည့်လိုက်တော့ လက်ရန်း စတီးတန်းပေါ် တင်ထားတဲ့ လက်ကလေးတစ်ဖက်ကို တွေ့ရသည်။

ပလက်တီနန် ဟဲန်းချိန်းပါးပါးလေး ဝတ်ဆင်ထားတဲ့ ဖြူဖြူနုနု လက်ကလေး . . .။

ဒါ ခရမ်းရဲ့ လက်ပဲ။

လက်ကလေးတစ်ဖက်ကို မြင်ရတာနှင့် ရင်က နွေးကနဲ



သွားရသည်၊ နေစမ်းပါဦး . . . သူ ပြောဆိုနေတာတွေ ခရမ်းများ ကြားခဲ့မလား။

ဝရံတာသို့ အမှတ်တမဲ့ ထွက်လာမိပေမယ့် အောက်ထပ် ဝရံတာမှာ ခရမ်း ရှိနေလိမ့်မယ်ဟု သူမှ မထင်ခဲ့တာ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

အရိပ်တွေအောက် ခိုလှုံနေ . . .
စိုးရိမ်မှုတွေနဲ့ . . .
ပုန်းနေခဲ့တာ . . ဒါကို ဘယ်သူ မြင်နိုင်မှာလဲ . .
ဖုံးကွယ်ဆဲ ဒီအမှောင်တွေ . . .
ချုပ်နှောင်မှုတွေနဲ့ . . .
ဘဝကို အထီးကျန် အရာရာ မသေချာစေနိုင်ဘေ
လည်း . . .
ဆန်းကြည်တဲ့ ဒီအရာတွေ . . . ဆုပ်ကိုင်ရင်းနဲ့
အတွေ့အကြုံ တစ်ခုလို . . . ငါဟာ ထင်ချင်သ
ထင်ဆဲ . . .
အလင်းကို လိုက်ရှာနေတယ် . . . တွေ့နိုင်ဖို့ခ
ရတယ် . . ရှိပါစေ . . . ငါလေ မြင်နိုင်အောင်တို
မယ် . . .



ဂစ်တာသံတိုးတိုးမြောက်မြောက်လေးနှင့် ကြွင်လင်သော သူ့အသံ ခတ်ဆတ်ဆတ်လေးမှာ သခွား နစ်မြောသွားမိသည်။

သီချင်းအဆိုကောင်းတဲ့ သူပဲနော်။

အသံက အပေါ်ထပ် ဝရံတာလေးကနေ ပျံ့လွင့်လာတာ။

သခွားလည်း ဒီညမှာ အောက်ထပ် ဝရံတာလေးမှာ ထိုင်နေခဲ့သည်။

သူက ဂစ်တာအတီး ကျွမ်းကျင်သလို အဆိုလည်း ကောင်းသူဖြစ်ရာ သခွား နားထောင်ရင်း သဘောကျ ဘဝင်ခိုက် နေမိသည်။

သခွားရဲ့ ခရေဇီးတစ်ခုက ယောကျာ်းလေး တစ်ယောက် ဂစ်တာတီးပြီး သီချင်းဆိုနိုင်ရင် သဘောကျ အားပေးချင်တာပဲ။ ဒါက သူမနှစ်သက်တဲ့ အချက်လေး တစ်ခုပါ၊ အနုပညာတွေထဲမှာ တေးဂီတကိုလည်း အခုံမင်ရဆုံး ဖြစ် သည်။

သီချင်းသံ ကြားနေရတာကို ကြိုက်သည်။

ညဖက် အားလပ်သွားပြီဆို သခွားက ကိုယ့်အခန်းထဲမှာ ရေဒီယိုလေးပဲ ဖွင့်ပြီး သီချင်းတိုးတိုး နားထောင်ရင်း အိပ်တတ်တဲ့ အကျင့် ရှိသည်။

ညအိပ်ရာဝင်ခါနီး တေးဂီတသံလေးနှင့် အနားယူ အပန်းဖြေရတာ အင်မတန် ကျေနပ် နှစ်သိမ့်စရာ ကောင်းသည်။

သခွားတစ်ယောက်တည်း သူ့အသံလေးကို ငြိမ်ယက်ခံစား

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေစဉ်မှာပဲ ဝရန်တာသို့ ခရမ်းလည်း ထွက်လာ[illegible]
သည်။

"နင် ဘာလုပ်နေတာလဲ"

"ထိုင်နေတာပေါ့"

သခွား အဖြေက ရှင်းသည်။ သူက သခွားနားမှာ အ[illegible]
ဝင်ထိုင်ရင်း . . .

"ကိုမိုး သီချင်းဆိုနေတာလား၊ ငါ အသံကြား[illegible]
ထွက်လာတာ"

"ဟုတ်မှာပေါ့"

"ဟုတ်ပါတယ်နော် . . . သူ့အသံပဲ၊ နေ့လည်[illegible]
ပေါ်လို ဂစ်တာလေးကိုင်ပြီး သူ ပြန်လာတာ ငါ တွေ့သားပဲ"

ခရမ်းလေသံလေးက သဘောတကျ။

"သူက အဆိုကောင်းလိုက်တာနော်၊ ပီပြင်တယ်"

"သူ့နား သွားနားထောင်ပေ့ါ"

သခွား အမြင်ကပ်ကပ်နှင့် ငေါ့လိုက်မိသည်။ ဒါကို[illegible]
ခရမ်းက . . .

"ဟဲ့. . . ကောင်းမလား။ ကိုယ်က မိန်းကလေး၊ သူတော်[illegible]
သူ့သိက္ခာနဲ့ သူ့အပေါ်ထပ်မှာပဲ နေနေတာ"

ခရမ်းဆီက ရေမွှေးရနံ့ချိုချို အီအီလေးတစ်ခုကို [illegible]
ရှိုက်နေရ၏။



ညဝတ်ဂါဝန် ပိုးသားပျော့ပျော့ ပါးလွှာလွှာလေးကို
[illegible]ထားသဖြင့် သူ့ကိုယ်လုံးလှလှလေးက အကျီအောက်မှာ
[illegible]ထင်သား ပေါ်လွင်ပြီး ကောက်ကြောင်းထင်နေ၏။
မိန်းကလေးချင်းတောင် သတိထားကြည့်မိချင်စရာ။

"နင် တစ်ရေးနိုးတာလား ခရမ်း"

"ဟင့်အင်း. . . အိပ်မပျော်သေးပါဘူး"

ခရမ်းက သူ့ဆံပင်အဖျား ခွေခွေလေးတွေကို နောက်
[illegible]သို့ ကိုယ်လေးငဲ့ကာ ပို့ရင်း . . .

"အိမ်မှာ လူအသစ်တစ်ယောက် ရှိနေတော့ နေရ ထိုင်ရ
[illegible]ာ အရင်နဲ့ မတူသလိုပဲနော် သခွား. . ."

"အင်း. . . ဟုတ်တယ်"

သခွားက ခရမ်း စကားကို ခေါင်းညိတ်လိုက်သည်။

အဲဒါထက်ပိုပြီး ဟန်ဆောင် လိမ်ညာထားသလို ဖြစ်နေရ
[illegible]ာကိုပဲ ပိုပြီး စိတ်ပင်ပန်းတာ။

"နင် စိတ်ပြောင်းသွားပြီလား"

ခရမ်းစကားကြောင့် သခွားက ဆတ်ကနဲ ဖြစ်သွားပြီ။

"ဘာကိုလဲ"

"အခု ကိုမိုးက နင်ထင်သလို လူလတ်ပိုင်းအရွယ် ပုံ[illegible]
[illegible]ကြီးနဲ့ ခပ်ရှုံ့ရှုံ့ ဒိုင်းမဟုတ်ဘူးလေ၊ သူ့ပုံက မိုက်တယ်၊ မာ[illegible]လည်း
[illegible]ကြီးဘူး၊ ဟိတ်ဟန်ကြီးနဲ့လည်း မနေဘူး၊ သူဖွေးသားဖြစ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မာနကြီးတစ်ခွဲသားနဲ့ အထာကိုင်တာမျိုးလည်း မရှိရှာဘူးမို့လား ဒါကြောင့် ငါက မေးတာ၊ လူချင်း ချိန်းထားတာ နင် နောင်တများ ရနေသလားလို့"

"မရပါဘူး"

သခွား ခပ်မြန်မြန်ပဲ ဖြေလိုက်သည်။

"ဒါဆို ဆက်ပြီးတော့ ခရမ်း နေရာပဲနေနေဦးမှာပေါ့"

"အင်းလေ"

"ဟန်ဆောင်ရတာ စိတ်ပင်ပန်းတယ်"

"နင်ကရော သခွား မလုပ်ချင်တော့ဘူးလား"

"သူက တစ်မျိုးပဲ သခွားရဲ့... ငါ့မျက်နှာကို စေ့စေ့တော့ မကြည့်ရဲဘူး၊ ဘာတွေ ရှိန်နေသလဲ မသိပါဘူး"

"သူ မျက်နှာပူလို့ နေမှာပေါ့"

"နင့်ကိုတော့ စိုက်ကြည့်သားပဲ"

"ဟယ်... မဟုတ်ပါဘူး"

"အံမယ်... ငါ မသိဘူး ထင်လို့လား"

"ရိုးရိုးကြည့်တာပါ"

"အဟင်း... ဟင်း... ဟင်း"

ခရမ်းက ခနိုးခနဲ့လေး ရယ်လိုက်သည်။ ပြီးတော့မှ...

"ထကယ်ဆိုရင် နင် စိတ်ဆိုးသင့်တယ် သခွားရဲ့"

"ဟင်"



"စဉ်းစားကြည့်လေ၊ လူကြီးတွေ သဘောတူ လေ့လာခိုင်း ...သူကိုတော့ မကြည့်ဘဲ အဲဒီမိန်းကလေးရဲ့ သူငယ်ချင်းကို ...ကြည့်နေတယ်ဆိုတာ သူ သစ္စာမရှိတဲ့ သဘောပဲ"

"ဩော်... ကြည့်မိတာလေးနဲ့ အပြစ်ဖြစ်ရောလား"

"နင်က အပြစ်မမြင်ဘူးပေါ့လေ"

"ခရမ်းက ကပ်သီးကပ်သပ် လိုက်ပြောနေတာ"

"သူ့စိတ်ဓာတ်ကို သိအောင် ပြောနေတာ"

"သူ့စိတ်ဓာတ်က ဘာဖြစ်နေလို့လဲ၊ အခုထက်ထိ သူ ...ကောင်းကောင်းနေတာပဲ၊ ထမင်းစားချိန်၊ ကော်ဖီသောက်ချိန် ...ခွဲရင် အောက်တောင် ဆင်းမလာဘူး။ ဘာ အခွင့်အရေးမှလည်း ...ဘူး၊ သာမန် ဧည့်သည်တစ်ယောက်လိုပဲ ရိုးရိုးကုပ်ကုပ်လေး ...သားပဲ"

"ဒီတိုင်း နေရင်တော့ ဟုတ်တာပေါ့၊ သူ့ဖက်က နင့်အပေါ် ...ခုခု စ,လာမှာ ကြိုမြင်နေလို့"

"အံမယ် . . . စချင်းစ နင့်ကို စ,ဖို့ ပိုရှိတာ၊ ငါက ...တစ်နေကုန် ရုံးသွားနေရတာ၊ ညနေစာ စားချိန်လေးတစ်ချက်ပဲ ...နဲ့ ဆုံတာပါနော်၊ နင်ကမှ သင်တန်းချိန်ကလွဲရင် အိမ်မှာ အမြဲ ...နေတာ"

"ငါ အိမ်မှာ ရှိတာနဲ့ ဘာဆိုင်လဲ၊ ကိုမိုးကလည်း သူ့ ...သာ တစ်နေကုန် အပြင်သွားနေတဲ့ဥစ္စာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်းရှင်းပြောစမ်းပါ ခရမ်းရယ်၊ အခု နှင်က ဘာဖြစ် တာလဲ"

"ရှင်းရှင်းတော့ ငါ မပြောတတ်ဘူး၊ ငါ ကိုယ်တိုင်လည်း နားမလည်ဘူးသခွားရဲ့၊ ငါသိတာကတော့ အဲဒီကိုမိုးက သခွားရော ကို မကြိုက်ဘူးလို့ နှင့်ကိုကတည်းက ဆုံးဖြတ်လာခဲ့ပုံပဲ"

ခရမ်းစကားကြောင့် သခွား မျက်မှောင်ကုပ်သွားရ

"ဘယ်လို . . . မမအင်ကြင်း အစီအစဉ်ကို သူ ဖျက် ပြင်းမယ်လို့ နှင် ပြောတာလား၊ အဲဒါဆို ဒီအိမ်ကို သူ ဘာအတွ လာနေဦးမှာလဲ၊ စောစောစီးစီးကတည်းကပြင်းမယ် ဆုံးဖြတ်ထား သူ မလာဘဲ ရှောင်နေမှာပေါ့"

"ငါလည်း အဲဒါကိုပဲ စဉ်းစားနေတာ"

ခရမ်းက အမှန်ကို ပြောခြင်းဖြစ်ပါသည်။ ကိုမိုးကောင်း ကို ဒီရက်တွေအတွင်း သူမ သေချာလေ့လာ ကြည့်ပြီးပြီ။

သခွားရောင်ကို သူ တလေးတစားနှင့် ခပ်ဖယ်ဖယ် သတိထား ဆက်ဆံနေတာ ရက်နည်းနည်းကြာတော့ သူမ လာပြီ။

သတိထားပြီး ခပ်တွန့်တွန့် ပြောဆိုတတ်တာက ဘာရယ်ဟု မပြောတတ်ပေမယ့် တစ်ခုခု ထူးခြားနေသ ခံစားရသည်။

သေချာတာကတော့ ဘယ်လောက်ပဲ ရင်းနှီး ကျွမ်းဝင်



ပါစေ၊ ဒီ သခွားရောင်အတွက်ကို သူက အစစ်ထင်နေကာ မရိုးမသား ပတ်သက်လာဖို့ မရှိဘူးဆိုတာပင်။

"ငါ့ကို သူ ပြောဆိုပုံတွေက နှင်နဲ့ မတူဘူး သခွားရဲ့၊ အစ်မတစ်ယောက်ကို ဆက်ဆံသလိုမျိုး ဖြစ်နေတယ်။ အခုမှ တွေ့တဲ့ မိန်းကလေးတစ်ယောက်ကို သူက ဘာလို့ အဲလိုကြီး ဖြစ်နေရတာလဲ၊ အခု လက်ရှိမှာဆိုရင် မမအင်ကြင်း ဂျိုင်းပေးတဲ့ သူက ငါပဲဉစ္စာ၊ မဟုတ်ဘူးလား"

"အင်း . . . ဟုတ်တယ်လေ"

ခရမ်းပြောတာကို သခွားလည်း သတိထားမိသလိုလို တော့ ရှိပါသည်။

သူက ဖခင်ရွေးပေးတဲ့ ဇနီးလောင်းဆီ လာကြည့်တာနှင့် ကို မတူတာ၊ ဒါ ဘာကြောင့်လဲ၊ သခွားကို သူ မြင်မြင်ချင်း မျက်စိကျသွားမိလို့လား။

သူမတို့ စကားကောင်းနေစဉ်မှာပဲ ကြားနေရတဲ့ ဂစ်တာသံက တိတ်သွားပါသည်။ ခရမ်းရဲ့ စကားတွေကြောင့် သီချင်း နားထောင်နေရတဲ့ အရသာလေးတောင် ပျက်သွား ရသည်။

"ငါနဲ့ဆို အဲဒီကိစ္စ ဘာမှ မဆွေးနွေးဘူး"

"ရောက်ခါစပဲ ရှိသေးလို့လားမှ မသိတာ"

သခွားက ဝင်ပြီး ဆင်ခြေပေးပါသည်။ ခရမ်းစိတ်ထဲ သိပ် မကြည်။ အခြေအနေတွေက ထင်သလို ဖြစ်မလာဘဲ ကိုမိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်က သူမအပေါ် လျစ်လျူရှု ရှောင်ဖယ်လွှန်းသဖြင့် ရင်ထဲ မခံမရပ်နိုင် ပေါက်ကွဲမိတာ။

ခရမ်းကရော ဘာတွေ ရုပ်ဆိုးနေလို့လဲ။

သခွားလောက် စန်းမရှိပေမယ့်၊ မျက်နှာ မပွင့်ပေမယ့် သူမမှာလည်း ကိုယ့်စတိုင်လ်နှင့်ကိုယ် ထင်ပေါ် ကျော်ကြားသူပါ။ အဝတ်အစား ဝတ်တတ်တာ၊ ပြောပုံ ဆိုပုံ နေထိုင်တတ်ပုံ စမတ် ကျတာတွေမှာ သခွားရောက်ထက်ပင် သာနေသေးသည်ဟု ခရမ်း ထင်သည်။

ခရမ်းက တစ်ရေးနိုးလည်း ကိုယ့်ကိုယ်ကိုယ် လှပ သပ်ရပ် ကြည့်ကောင်းနေအောင် အမြဲမပြတ် ဂရုစိုက်တတ်သူပါ။

သခွားလို တစ်ခါတစ်ရံ ဆံပင်ရှည်ကြီး ဖြစ်သလို ထုံးပြီး ဘိုသီဖတ်သီတောင် မနေ။

နှုတ်ခမ်းမှာ ဆေးအရောင် မပြယ်စေရ။ ဝတ်ထားတဲ့ အဝတ်အစား အရောင်နှင့် လိုက်ဖက်စပ်ဟပ်မှုရှိအောင် Lip Glose အရောင်လေးတွေကို ပြောင်းပြောင်းပြီး ဆိုးနေကျ။

သခွားရောင်က ပင်ကိုယ်လှတာ မှန်ပေမယ့်၊ ပြင်ဆင် ထားတဲ့အလှလိုတော့ မထင်ရှားလောက်ပါဘူး။

ဒါပေမယ့် ကိုမိုးကောင်းကင် မျက်စိထဲ သခွားလောက် ဘာကြောင့် ဆွဲဆောင်မှုမရှိ ဖြစ်နေရတာလဲဆိုတာ ခရမ်း တွေးမကြည့်တတ်တော့ပါ။



ခရမ်းကိုဆိုလျှင် မသိမသာ ခေါင်းငုံ့ပြီး တည့်တည့်တောင် မကြည့်။

ကိုယ်ဖက်က လိုက်လိုက်လျောလျော ပြုံးပြုံးရယ်ရယ် စကားဆိုပါလျက် သူက ခပ်စိမ်းစိမ်းကြီး တုန့်ပြန်တော့ ကြာလျှင် ကိုယ်အောက်မှာတောင် စိုးရသေး။

သူ့ရဲ့ သိက္ခာ သမာဓိပုံကိုလည်း လူက အတော် အသည်း ယားနေပြီ။

တွေ့လိုက်ရင် သတိဆွဲထားသလိုကြီးနှင့် ဘာဖြစ်နေမှန်း မသိတော့ချေ။

သခွားရောင်ဆိုပြီး သခွားနေရာဝင်မိတာ မှားပြီ ထင်ပါရဲ့။

သူဟာ အကြောင်းတစ်ခုခုကြောင့် မလွှဲသာ မရှောင်သာ ဒီအိမ်ကို ရောက်နေရသလိုနှင့် လူချင်း နီးစပ်ဖို့ကို မကြိုးစား၊ အေးအေးဆေးဆေး နှစ်ယောက်တည်း စကားပြောခွင့်ရဖို့လေးပင် မတောင်းဆို။

စဉ်းစားလေ ခရမ်းအဖို့ ထူးဆန်းနေလေ။

တစ်ခုခုဟာ အသေအချာကြီး လွဲချော်တိမ်းစောင်းနေ သည်။

ဘာရယ်မှန်းသာ မပြောတတ်တာ။

ပြီးတော့ နောက်ထပ် ခရမ်း မကျေနပ်တာကတော့ သခွား ကိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



အစတုန်းကတော့ သူပဲ မမအင်ကြင်း အစီအမံနှင့် ဒီကို ရောက်လာမယ့် မိုးကောင်းကင်ကို ခါးခါးသီးသီး ငြင်းပယ်တော့မယ့် ပုံနဲ့ သူ့ကိုယ်သူ သခွားရောင်လို့တောင် အသိမခံဘဲ ခရမ်းနေရာ အစားဝင်ပြီး ကြိုတင် ဘေးဖယ်ထားသလိုလို၊ ဒီဇာတ်လမ်းထဲ မပါဝင်ချင်သလိုလိုနှင့် တကယ်တမ်း ဟိုက ရောက်လည်းလာရော လူပုံချောချောသန့်သန့်လေးလည်း မြင်ရော ချက်ချင်း စိတ်ပြောင်း သွားတာ ကြည့်ပါလား...။

မျက်လုံးချင်းများ ဆုံလိုက်ပြီဆို တမေ့တမော နစ်မျော နေရော၊ နှုတ်ခမ်းဟဟလေးကလည်း အခုပဲ ပွင့်လာတော့ မယ့် ပန်းတစ်ပွင့်လို တာဆူနေတဲ့ သဏ္ဍာန်။

ဒီပုံ... ဒီရုပ်နဲ့ မျက်လုံးတွေ တလက်လက် လင်းဖြာ ချိုနွေးနေတော့ တစ်ဖက်သား ယောကျ်ားလေးကလည်း ဘာခံ နိုင်မှာလဲ၊ စိတ်ကစားသွားပြီပေါ့။

ဒါဟာ ကိုမိုးရဲ့ အပြစ်ကြီးပဲ မဟုတ်။

ခရမ်းကတော့ သူတို့ရဲ့ အခြေအနေကို ဆက်လက် စောင့်ကြည့်နေရမှာပဲ ဖြစ်သည်။

ဒီထက် ပိုလွန်ကဲလာခဲ့ရင်တော့ အမှန်ကို ဝန်ခံခိုင်းရ မည်။

ဘယ်လိုပဲဖြစ်ဖြစ် ခရမ်းသည် သူတို့နှစ်ဦး နီးစပ် အဆင်ပြေသွားမှာ စိုးရိမ်တကြီး မနာလို ဖြစ်နေသည်။



သူတို့ချင်း ဒီလို မသိမသာ နွေးထွေး အစေးကပ်နေတာဟာ လောလောဆယ် သခွားရောင်အတုဖြစ်နေတဲ့ သူမကို စော်ကား ရမစိုက်ရာလည်း ကျတယ် မဟုတ်လား။

“မမအင်ကြင်း ဖုန်းထပ်ဆက်ရင်ရော... ဒီ ဘယ်လိုပြော မှာလဲ သခွား၊ ဒီလိုပဲ ဇာတ်မျော လုပ်ထားမှာပဲလား။ ဘာမှ မရေရာ ဘဲနဲ့လေ”

“ငါက ဘာပြောရမှာလဲ ခရမ်းရဲ့”

“သခွားရောင်ကို သူ အသိအမှတ် မပြုဘူးလေ၊ အဲဒါ က အဖြေပေါ့”

ဟင့်အင်း... ဒါက အဖြေ မဟုတ်သေးပါဘူး။

“အဲလို သတ်မှတ်ဖို့ စောပါသေးတယ်၊ ရှေ့ဆက် သူ ဘယ်လို လာမလဲ၊ ဘယ်လို ဆုံးဖြတ်မလဲ ကြည့်ရဦးမှာပေါ့၊ မမ အင်ကြင်းကလည်း တစ်ယောက်အကြောင်းတစ်ယောက် သိအောင် လေ့လာထား၊ ခင်မင်ရင်းနှီးအောင် လုပ်လို့ပဲ မှာထားတာဥစ္စာ”

“အခု သူက ငါ့ကို သူစိမ်းဆန်ပြီး၊ နှင့်ကို ရင်းနှီးချင်တာ လေ၊ ဒါကို ထည့်ပြောဦး”

“မသိဘူး ခရမ်းရေ စိတ်ညစ်လာပြီ၊ ငါ အိပ်ချင်လာပြီ၊ သွားအိပ်တော့မယ်”

သခွားက စကားကို ဖြတ်ကာ ဝရံတာမှ လှည့်ဝင်လာ ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ခရမ်းဟာ ခုတလော အဘွားကြီးလေးတစ်ယောက်လို စူပွစူပွ ဗျစ်တောက်ဗျစ်တောက်နဲ့ သိပ်နားငြီးတာပဲ။

အဟုတ်။

◆ ◆ ◆

ဒီနေ့ ဆန်းဒေးမို့ သခွားက ရုံးပိတ်ရက် ဖြစ်သလို ခရမ်းလည်း သင်တန်းမသွားရပေ။ မနက်စောစော ဒေါ်ဒေါင်းက မြေအိုးမြီးရှေချက်နေရာ ရနံ့လေးက မွှေးပျံ့သင်းနေပါသည်။

သခွားသည် စောစောနိုးကာ မီးဖိုခန်းထဲ တို့ဟူးကြော်နေ၏။ အားလုံးပြီးတော့ လူကလည်း လှုပ်ရှားနေတာမို့ ဗိုက်ကဆာလာပြီ။

"သူမနိုးသေးဘူးလား … ခုထိ"

"ဘယ်သူလဲ မောင်မိုးလား၊ ဒေါ်ကြီးလည်း မသိဘူးလေ၊ မနေ့က ညအပြန်တော့ ညဥ့်နက်တာပဲ"

"အင်းလေ … ဟုတ်ပါ့၊ သခွားလည်း ကားသံကြားလို့ ထွက်ကြည့်သေးတယ်။ ကိုမိုးပြန်ရောက်တာ တစ်နာရီ ထိုးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခု အိပ်တုန်း ဖြစ်မှာပေါ့"

"ဘရိတ်ဖတ်စ် စားဖို့ သွားခေါ်ရမယ်"

ထိုအခိုက်မှာပင် မျက်နှာသစ်၊ ခေါင်းဖြီးကာ အဝတ်အစားလဲ အလှပြင်ပြီးသွားတဲ့ ခရမ်းက အခန်းထဲမှ ထွက်လာသည်။

"မွှေးနေတာပဲ၊ ကျက်ပြီလား ဒေါ်ဒေါင်း"

"ကျက်ပြီ သမီး"

"ဗိုက်ဆာပြီလေ... ပြင်လိုက်တော့"

"ကိုမိုးကမှ ဆင်းမလာသေးတာ"

သခွားက လှည့်ပြောလိုက်သည်။

"ငါ တက်ခေါ်လိုက်မယ်"

"ကောင်းတယ် သွားခေါ်"

ခရမ်းက ကျွန်းလှေကားတကွေ့လေးကို လှစ်ခနဲ ပြေးတက်သွားပြီး အပေါ်ထပ် လှေကားရင်းက တံခါးရွက်ကို လက်ချောင်းလေးနှင့် ခေါက်လိုက်သည်။

"ဒေါက်... ဒေါက်"

ချက်ချင်း လာမဖွင့်တာကြောင့် ခဏနားပြီး ထပ်ခေါက်၏။

"ဒေါက်... ဒေါက်... ဒေါက်"

တအောင့်ကြာမှ တံခါးဟပြီး ကိုမိုးကောင်းကင် မျက်နှာ ပေါ်လာကာ...



"ဟာ... သခွားပါလား၊ ဆောရီး ကျွန်တော် ရေချိုး နေလို့ပါ"

သဘက်အဖြူကို ခါးမှာ ပတ်ထားတဲ့ သူ့ပုံစံ ရေစက် ဆက်ကို တစ်စွန်းတစ်စ မြင်လိုက်တော့ ခရမ်း မျက်နှာပူကာ ချက်ချင်း ခေါင်းငုံ့ချမိ၏။

"မြီးရှေ ကျက်ပြီ... သွားခေါ်ဆိုလို့ပါ"

"ခဏလေး... ကျွန်တော် ခုပဲ ဆင်းလာမယ်"

"ဟုတ်ကဲ့"

ခရမ်း ရှက်ရှက်နှင့် ကမန်းကတန်း ပြန်လှည့်ဆင်းခဲ့သည်။ အောက်မှာ စောင့်နေတဲ့ သခွားက ခရမ်းရဲ့ ရှက်ကိုး ရှက်ကန်း ဟန်ပန်ကို ကြည့်ပြီး...

"ဘာတဲ့လဲ"

"သူ ရေချိုးနေတုန်းပဲ"

"ဪ"

အပျိုမလေးတစ်ယောက်ဟာ သူစိမ်းယောကျ်ားပျို တစ်ဦးရဲ့ အပေါ်အင်္ကျီဗလာ၊ ရေချိုးခန်းထဲက ထွက်လာစ သဏ္ဌာန်ကို အနီးကပ် မြင်လိုက်တော့ မျက်နှာပူ အားနာသွား မိတာက မဆန်း ပါ။

သို့သော် ခရမ်းပုံစံက နည်းနည်း အမူအရာ ပိုသည်း နေသလို ထင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများ အဆန်းလား၊ ခဏနေ ဆင်းလာမှာပေါ့"

"သူက ငါ့ကို ရှက်သွားတာလား"

"ယောကျ်ားလေးပဲ ဘာရှက်စရာ ရှိလို့လဲ"

"ယောကျ်ားလေးလည်း ရှက်တာ၊ မျက်နှာပူတာ ရှိတတ်တာပေါ့"

ခရမ်း ပြောနေပုံ ခပ်ပိုပိုကို သခွား နှုတ်ခမ်းမဲ့ချင်လာ ဟိုက ဇာတ်လမ်းမရှာလည်း သူက ရှာတော့မယ့်ပုံ ဖြစ်နေပြီဆို သခွား ရိပ်မိသည်။ မျက်စောင်းတစ်ချက် မသိမသာ ရွယ် သခွားက ထမင်းစားပွဲမှာ အရင် သွားထိုင်သည်။

ဒေါ်ဒေါင်းက မြေအိုးပူပူလေးတွေ စားပွဲပေါ် လာ ပေးသည်။ ခရမ်းကတော့ မုန့်ညှင်းချဉ် ပန်းကန်ကို ဟို နည်းနည်း တိုးရွှေ့ပြီး အခုမှ ဘာမှ မရှိတဲ့အလုပ်ကို ရှာ လုပ်သလိုလိုနှင့် အပေါ်ထပ်က ကိုမိုး ဆင်းလာတာကို စောင့် သည်။

သိပ်မကြာဘဲ ကိုမိုးကလည်း ဆင်းလာပါသည်။

ရေချိုးပြီးစ သန့်စင် လန်းဆန်းကာ မွှေးကြိုင်နေသေ သူ့သဏ္ဌာန် ရှင်းသန့်သန့်က ခါတိုင်းလိုပဲ ဆွဲဆောင်မှု ရှိနေသ

ဆံပင်စိုစိုတို့က ရေမခြောက်သေး၊ မျက်နှာက မေး တစ်ပိုက် မွေးညှင်းတို့ ရိတ်သင်ပြီးစ စိမ်းဖန့်ဖန့်လေး နုသ သည်။



သရိုးကွာတား ဘောင်းဘီကာကီရောင်နှင့် အပေါ်က အင်္ကျီပန်းသီးစိမ်းရောင်ကို ဝတ်ထားသည်။ သူ့မှာ အဝတ်အစား များများစားစား ပါမလာခဲ့တာ သိသာသည်။ သုံးလေးစုံကိုပဲ သူ လှည့်ဝတ်နေတာ မှတ်မိနေပြီ။

ဒါဟာ ဘယ်လိုပြီးစလွယ် သူဌေးသားလေးပါပဲ။

ရန်ကုန်ရောက်မှ MK ဖက်ရှင်တွေ၊ ဒဂုံစင်တာ၊ ပလာဇာ တွေ သွားဝယ်ဖို့ တွေးထားသလား။

ခုထက်ထိတော့ သွားဝယ်ပုံလည်း မရပါ။

ရှိတာပဲ လှည့်ဝတ်နေတာ တစ်ပတ်ကနေ နှစ်ပတ် ဖြစ် ပြီ။

"လာပါ ကိုမိုး. . . လာထိုင်ပါ၊ ဒီမနက် ဒေါ်ဒေါင်းလက်ရာ အိုးမြီးရှေလေ"

သခွားလက်ရာ တို့ဟူးကြော်၊ တို့ဟူးသုပ်တော့ ထည့် ပြော။

"ဟုတ်လား . . . ကောင်းတယ်ဗျာ၊ ကျွန်တော်လည်း ရှေ ကြိုက်ပါတယ်"

ခရမ်းက သူ့ဖက် မြီးရှေ မြေအိုးလုံးလုံးပုပုလေးကို ဂရု စိုက် တိုးရွှေ့ပေး၏။

အဖုံးကို ဖွင့်လိုက်လျှင် အငွေ့တထောင်းထောင်းနှင့် စားချင် ယ် မွှေးပျံ့လှ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုး ဒီနေ့ စက်ရုံ မသွားဘူးလား"

"နေ့လည်မှ တစ်ချက် သွားရမယ်"

ခရမ်း မေးခွန်းကို ဖြေရင်း သူက သခွားဖက် လှစ် တစ်ချက် ခိုးကြည့်ပါသည်။ ဒါကို ခရမ်းက မြင်သည်။

စကားပြောတာက သူမ၊ ကြည့်လိုက်တာက သခွားကို ဖြစ်နေ၏။ ရင်ထဲမှာ လုံးဝ မကျေနပ်။

သူ့ဒက်ဒီ သဘောတူထားတာ ဘယ်သူလဲ သူ ဘူးလား။ အင်မတန် ပြောင်ကျတဲ့သူပဲ။

"ခရမ်းရော ဒီနေ့ ဘယ်သွားစရာ ရှိသေးလဲ"

"ရှော့ပင်တော့ သွားချင်သားပဲ"

ကြည့်စမ်း . . . ရှော့ပင် သွားချင်တာ မိန်းကလေး တော့ မတိုင်ပင်ဘဲ ကိုမိုးကို မူနွဲ့နွဲ့ ဖြေသည်။

"နင့်လခဖြင့် မထုတ်ရသေးဘဲ ဝင်းဒိုးရှော့ပင်နဲ့ လုပ် လား"

ခရမ်းက ဝင်ဖွဲ့သည်။

"ဖိနပ်တစ်ရံလောက် သွားဝယ်မလားလို့ပါ"

"သွားချင်သွားလေ၊ ကျွန်တော် လိုက်ပို့မယ်"

ကိုမိုးက ဝမ်းပန်းတသာ လိုက်ပို့ဖို့ အသင့်။ သ လိုက်ထရပ်ဖို့ကားက ရှေ့မှာ သုံးယောက် ထိုင်လို့ ရ ပဲလေ။



ခရမ်းက သူတို့နှစ်ယောက်ထဲတော့ မသွားစေချင်သ . . .

"ငါလည်း လိုက်မယ်"

"လိုက်ချင်လိုက်ပေါ့"

"ဘယ်အချိန်သွားမလဲ"

"တော်ကြာလောက် ထွက်မှဖြစ်မှာပေါ့၊ ကိုမိုးက နေ့လည် က်ရုံ သွားစရာရှိသေးတယ်မို့လား"

"အင်း . . . ဟုတ်သားပဲ၊ ဒါဆို ဘရိတ်ဖတ်စ် စားပြီးတာနဲ့ လုပ်ပြင်လိုက်ကြတော့မှ ဖြစ်မယ် . . . နော်"

"ပြင် . . . ပြင်၊ မြန်မြန်သာလုပ်၊ ကြာတော့ မကြာစေနဲ့"

"အေးပါဟဲ့ . . . သိပါတယ်"

ခရမ်းက သခွားကို မျက်စောင်းလှည့်ထိုးပြီးမှ မြီးရှေကို မြန်ကုန်အောင် စားလိုက်သည်။

သုံးယောက်သား အတူ စားသောက် စကားပြောရင်း ရက်ထက်တစ်ရက် ပိုရင်းနှီးလာသလိုတော့ ခံစားရသည်။

သို့သော် ကိုမိုးက သူ့အကြောင်း၊ သူ့ကိစ္စတွေ ဘာမှ ပွင့်လင်းလင်း ပြောလေ့မရှိဘဲ မြူစိစိသာ ပြုံးလျက် နားထောင် တတ်သည်။

ဒေါ်ဒေါ်ငြိမ်းက ခုတလော သူမတို့ကို နာမည်ခေါ်စရာရှိ ခေါ်မိမှာစိုး၍ တစ်ခါတည်းနှင့် 'ခရမ်း . . . သခွားရေ' ဟု

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းခေါ်တတ်သည်။ ဒီတော့ ဘယ်သူက ခရမ်း၊ ဘယ်သူက
သခွား မသဲကွဲဘဲ သူ့နားသို့ နှစ်ယောက်လုံး ပြေးရပါသည်။

အခုလည်း သူတို့ ထမင်းစားပွဲမှာ စားသောက်ပြီးစီး
နီးမှာပဲ အိမ်ရှေ့က တံခါး ဘဲလ်သံကြားရလို့ ဒေါ်ဒေါင်း သွားဖွင့်
ပေးပြီးလျှင် . . .

"ခရမ်း သခွားရေ၊ ညွှန့်သည်လာတယ်"

"ဘယ်သူလဲ ဒေါ်ဒေါင်း"

သခွားက စားပွဲကနေ လှမ်းမေးရင်း ကမန်းကတန်း ထွက်
ကြည့်ဖို့ ပြင်သည်။

"သမီးရုံးက ကလေးတွေပဲ"

"ဪ . . . ဟုတ်လား၊ ဒါဆို လာပြီ"

သခွားက လှစ်ကနဲ ထွက်သွားသဖြင့် မိုးတိမ်တိုက် မျက်
ရှုံ့ကာ စိတ်ဝင်တစားနှင့် ညွှန့်ခန်းက အသံတွေကို နားထောင်
မိပါသည်။

"ဟယ် . . . သန်းထိုက်၊ အေးကိုလည်း ပါတယ်။ နင်တို့
ဘယ်က ဘယ်လို ရောက်လာကြတာလဲ"

သူမ ဆီးကြို နှုတ်ဆက်သူတွေဟာ ယောကျ်ားလေး
တွေချည်း။

"လာ . . . လာ . . . ဒီမှာ အိုက်တယ်၊ ဝရံတာ
လာထိုင်"



သူတို့ဆီက သခွားရေ . . ဘာညာ အသံထွက်လာမှာ
သဖြင့် သခွားက ကမန်းကတန်း ဝရံတာဖက် ခေါ်သွားရ၏။

ခရမ်းကိုယ်တိုင် သဘောတူပြီး နာမည်ချင်း ချိန်းထား
ယ့် ထိုကိစ္စကြောင့် ရတက်မအေးဘဲ အမြဲတမ်း စိတ်ပူပန်
ယာခတ်ရသည်။

လွယ်လွယ်လေးပဲလို့ အလွယ်တွေးကာ ဖန်တီးလိုက်ပေ
ယ့် တကယ်တမ်း လက်တွေ့ကျကျ ရင်ဆိုင်ရတော့မှ ဒီလောက်
ခဲမှန်း သိရသည်။

ဘယ်အချက်များ သူသိသွားမလဲဟု စိုးထိတ်ရသည်။
စရာ နည်းလမ်းတွေကလည်း အများကြီး ရှိနေတာပဲ မဟုတ်
ား။

အခုလို ညွှန့်သည်လာတဲ့အခါလည်း နာမည်ခေါ်ပြီး စကား
မှာပဲလေ . . . မဟုတ်ဘူးလား။

"ဝရံတာကမှ ပိုပြီး နေရှိန်တာ သခွားရာ"

အရေးထဲ မောင်မင်းကြီးသား အေးကိုက စောဒကတက်၊
တူလိုက်ပါသည်။

"မရှိန်ပါဘူး၊ မိုးတောင် အုံ့နေတာ၊ ရှင်တို့ မောရင်
အေးတိုက်ပါ့မယ်နော်"

"အိုကေ . . . ဒါဆိုလည်း မြန်မြန်လုပ်"

ညွှန့်သည်နှစ်ဦးကို ဝရံတာခေါ် ညွှန့်ခံသဖြင့် ထမင်း

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကနေ နားစွင့်နေတဲ့ မိုးတိမ်တိုက်မှာ ပြောနေတဲ့ စကားသံတွေကို သဲသဲကွဲကွဲ မကြားရတော့ချေ။

သူ့ကို စေ့စေ့ကြည့်နေတဲ့ သခွားရောင်ကိုပဲ ပြုံးပြမိကာ...

"ခရမ်း သူငယ်ချင်းတွေ ထင်တယ်"

"ဟုတ်မှာပေါ့"

သူမရဲ့ အဖြေက တစ်မျိုး ဖြစ်နေသည်။ အပြုံးကလည်း တစ်မျိုးသော အဓိပ္ပာယ် ဆန်နေသည်။

"သခွားရောင်နဲ့ မသိဘူးလား"

"သိတော့ သိတာပေါ့ရှင်၊ ဒါပေမယ့် ကျွန်မနဲ့ သေချာ မခင်ဘူး။ သူတို့က တစ်ရုံးထဲသားချင်းဆိုတော့ သူတို့ချင်းပဲ ခင်တာပေါ့၊ ရှင်က ဘာသိချင်လို့လဲ ကိုမိုးရဲ့ ရိုးရိုးလား၊ ဆန်းဆန်းလားဆိုတာတော့ ကျွန်မလည်း ဘယ်သိမလဲ။ ရှင် သိချင်ရင် သူ့ကို တိုက်ရိုက် မေးကြည့်ပေါ့"

သခွားရောင်က ဒီလို ဘာကြောင့် ပြောသလဲ သူ သေချာ မတွေးအား။ ဒါပေမယ့် ခရမ်းနဲ့ ပတ်သက်ပြီး သူ စိုးရိမ်သွားသည်။ အဲဒီ/ချာတိတ် နှစ်ယောက်ထဲက တစ်ယောက်က ခရမ်း ချစ်သူများ ဖြစ်နေမလား။

အိမ်အထိ အလည်လာတတ်ပုံထောက်ရင် မရိုးသားဖို့ တတော့ ပိုများနေသည်။ ကံကောင်းထောက်မလို့ ခရမ်းမှာ ရည်းစား ရှိမနေပါစေနဲ့...။



အိုကွာ... ရည်းစားရှိရော ဂရုစိုက်ရမှာလား။ ယောက်ျား မရှိသေးရင် ပြီးတာပဲပေါ့။ ကိုယ်လှုပ်ရှားစရာရှိတာ ဆက်လှုပ်ရှားလို့ ရတာပဲ...။

အဲ... လှုပ်ရှားတာက ဟုတ်ပြီ။

အခုရောက်နေတာက ကိုမိုးကြီးနေရာ။

သူ့ကို မမအင်ကြင်းရဲ့ ညီမက ဘယ်လိုထင်မလဲ။

ကျွတ်... ပြဿနာပဲကွာ။ ချစ်တဲ့ ကောင်မလေးကို တွေ့လို့မှ ချစ်စကားပြောခွင့်မရရင် သူ့လောက် ညံ့တဲ့သူ ရှိဦးမလား။

ဒါပေမယ့် နေပါဦး...။

ခရမ်းလေးခမျာ ဒီအိမ်ရှင် သခွားရောင်ဆီ ကပ်နေရှာတဲ့ သူငယ်ချင်းဆိုတော့ သူမမှာ ငွေညှာထောက်ထားစရာတွေ ထည့်တွက် ချင့်ချိန်စရာတွေ သိပ်များနေမှာပေါ့။

သူငယ်ချင်း လုပ်နဲ့ ကမ်းလှမ်းထားသူ၊ သဘောတူထားသူကို ချစ်နေရင်တောင် ပွင့်ပွင့်လင်းလင်း ချစ်ရဲပါ့မလား။

သူ့ကို စိတ်ဆိုးရင်ဆိုး၊ ငြင်းပယ်ရင်ငြင်းပယ် ဒါပဲ ရှိမှာပဲ။

သို့သော် ခရမ်း မျက်လုံးလေးတွေကို သူ သီးသန့် ယုံကြည်နေ၏။ အချစ်ဆိုတာ တကယ် အမှန်တရားဖက်မှာပဲ နေတတ်တဲ့ အရာ။

သူက မျက်နှာလည်း မလိုက်၊ ဘာကြောင့်မှလည်း ဘက် မလိုက်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အခြေအနေမှာပဲဖြစ်ဖြစ် ခလုတ်နှိပ်လိုက်ရင် အမှန်ကို နှမ်းတစ်စေ့ မလွဲအောင် အတိအကျ လုစ်ဟကြဲတာတတ်တဲ့အရာလို့ မိုးတိမ်တိုက် ထင်သည်။

ခရမ်းဆီက အချစ်ခလုတ်တစ်ခုထဲကိုပဲ နှိပ်မယ်ဆိုရင်တော့ သူ့ကို မဆိုင်းမတွ မီးစိမ်းပြလိမ့်မယ်ဆိုတာ သူ့နှလုံးသားက သိနေသည်။

သို့သော် အဲဒီ မမြင်ရတဲ့ မီးစိမ်းကို သူက ဆုပ်ကိုင်ပြလို့ ရမှာ မဟုတ်။ ခရမ်းနှုတ်က ဖြေတဲ့ အဖြေကပဲ အဓိကသည်။

အဲဒီ နှုတ်ခမ်းလေးကတော့ အခြေအနေ အကြောင်း ကြောင်းကြောင့် ညာပြီး ဖြေဖို့ များတာလည်း သူ သိသည်။

ကဲကွာ . . . ဘယ်လိုများ လုပ်မှာလဲ။

မိုးတိမ်တိုက်က သက်ပြင်းတစ်ချက်သာ ရှိုက်၏။

ခရမ်းမှာ သူ့အမူအရာကို ထိုင်ကြည့်နေမိတာမို့ သူ မျက်ခုံးကြီး ရှုံ့သွားတာ၊ သက်ပြင်းချတာကို တွေ့နေကြားနေ ရပါသည်။

ဒါဟာ ခရမ်းကြောင့် ဖြစ်သွားတာမို့ သနားရမလား၊ အမြင်ကပ်ရမလား။

"အဲဒီ သန်းထိုက်တို့ အိမ်လာရင် စကားပြောလို့ တော် တော်နဲ့ပြီးမှာ မဟုတ်ဘူး ကိုမိုးရေ၊ ရှင်လည်း ပြင်စရာရှိတာ ပြင်ဆင်၊ ကျွန်မလည်း ရှောပင်နဲ့သွားဖို့ အလှသွား ပြင်တော့မယ်၊



သူ့ညီသည် ရောက်လို့ သူ နောက်ကျနေရင် ထားခဲ့ပစ်လိုက်မယ်၊ နေပစေ"

သခွားရောင် စကားကြောင့် လက်ရှိ ပစ္စုပ္ပန်သို့ သူ့စိတ်တွေ ပြန်ရောက်လာကာ ထိတ်ခနဲလည်း လန့်သွားရပါ သည်။

သခွားရောင်နှင့် နှစ်ယောက်တည်း ရှောပင်နဲ့ထွက်ဖို့ ဘယ်တုန်းကမှ မရည်ရွယ်၊ စိတ်ကူးလည်း မရှိ။

ကျွန်တော်တို့ ခရမ်းကို စောင့်ရအောင်လို့ပဲ အားနာနာနှင့် ပြောရမှာပင်။ ခရမ်းမပါဘဲ သူ ဘယ်မှ မသွားချင်ပါ။

ခရမ်းတို့ စကား မြန်မြန် ဖြတ်နိုင်ပါစေ၊ ညီသည် နှစ်ယောက် မြန်မြန်ထပြန်ပါစေလို့ပဲ ကြိတ် ဆုတောင်းရတော့ မည် ထင်သည်။

◆ ◆ ◆

www.burmeseclassic.com

သန်းထိုက်နှင့် အေးကိုတို့ကို ပြန်သွားတဲ့အချိန်မှာ ခရမ်းက အလှပြင်လို့ ပြီးစီးသွားပြီ။

"ဟဲ့... ငါ့ကို ခဏစောင့်ဦးနော်၊ ငါ မြန်မြန် လုပ်လိုက်မယ် သိလား"

ခရမ်းရဲ့ အခန်းတံခါးကို ဟပြီး သူမက သွားပြော၏။

"တော်သေးတာပေါ့၊ နင်ပြောလို့ မပြီးရင် ငါနဲ့သူက နှစ်ယောက်ထဲပဲ သွားတော့မယ်လို့ တိုင်ပင်နေတာ"

ကြည့်စမ်း... အဲဒီ ခရမ်းက အခွင့်အရေးရတာနှင့် စုံတွဲခုတ်ဖို့ ကြိတ်ကြံစည်တော့တာပဲ။

ဒီလိုတော့လည်း ဘယ်ဖြစ်ပါ့မလဲ။

"မရပါဘူး ... ငါလည်း လိုက်မှာပေါ့"

ပြောပြောဆိုဆို သင်္ခါးရောင်က သူ့အခန်းထဲ ပြေးဝင်၍ အဆင်သင့်ပြင်သည်။



ခရမ်းက အလှပြင်ချိန် တစ်နာရီကျော်ပေမယ့် သင်္ခါးက ဆယ်မိနစ်နှင့်ပြီးအောင် ဒုန်းဆိုင်းပြေးလွှား လှုပ်ရှားသည်။

ရေကို စိတယ်ဆိုရုံ ကမန်းကတန်းချိုး၊ ပြီးတာနှင့် တီရှပ်နှင့် ဂျင်းဘောင်းဘီတစ်ထည် အလွယ်ဆွဲဝတ်၊ ဆံပင်ကို တစ်ချက်နှစ်ချက်ဖြီး (ဘီတာမင်အီး ဆေးလုံးပုံစံမျိုးလေးတွေ ဖောက်လိမ်းထားတာမို့) လိုက်သည်။ ရှင်းရလွယ်လို့ တော်သေး၏။

ပြီးတော့ ဦးခေါင်းရဲ့ နောက်ဘက်တည့်တည့် အပေါ်တင်ပြီး ပိုနီတေး ချည်နှောင်လိုက်သည်။ အေးရော...။

မျက်နှာကိုတော့ Two Way Cake တူးဝေးကိတ်လေး တဘုတ်ဘုတ် ရိုက်ကာ နှုတ်ခမ်းကို Lip Inloss ကလေး ပါးပါးတင်၊ ရေမွှေးဆွတ်ပြီးတာနှင့် ပြီးပြီ။ ဖိနပ်က ရှူး ခါးနိမ့် ငွေရောင်လေးပဲ စီးလိုက်သည်။

"ဟင်... ပြီးပြီလား"

"အင်း"

"မြန်လှချည်လား... ရေရောချိုးရဲ့လားဟယ်"

"သြော်... မချိုးပဲ နေပါ့မလားလို့"

ခရမ်းကိုယ်တိုင် သိပ်မယုံချင်ပေ။ ကိုယ့်မှာတော့ ဂါဝန်အဆန်းလေးတစ်ထည်ပဲ ဝတ်ခဲ့ရမလို စကဒ်အတိုပဲ ဝတ်ခဲ့ရမလိုနှင့် အဝတ်အစား ရွေးနေခဲ့တာပဲ နာရီဝက်မက။ သူ့ကျတော့ ဆယ်မိနစ်နှင့် အားလုံး အပြီးအစီးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းသည် နောက်ဆုံးတော့ ကိုယ်တိုင်စကာဒ်အရှည်၊ အနား အစွန်းပါတဲ့ ခြေလှမ်းတုတ်တုတ် လှမ်းရတဲ့ စကာဒ်ကိုပဲ ရွေးချယ်လာခဲ့မိသည်။ အင်္ကျီအဖြူလေးက ကိုယ်တိုင်ချုပ်ထားလို့ သပ်ရပ်ပေမယ့် လည်ပင်းက ခပ်ကျယ်ကျယ် ဟိုက်ထားတာမို့ ဝတ်လာရတာ သိပ်မလုံချင်ဘဲ ရှိုးတိုးရှန့်တန့် ဖြစ်နေမိသည်။ ကြည့်လိုက်ရင်တော့ သူမက မိန်းကလေးပီပီ ခန္ဓာကိုယ်ကောက်ကြောင်းလှလှနှင့် ထင်းကနဲပေါ်နေမှာ သေချာသည်။

သခွားဝတ်ထားတဲ့ ဂျင်းဘောင်းဘီနဲ့ တီရှပ်ဆိုတာက သာမန် ထသွားထလာပုံစံချည်းပါ။ ဒါပေမယ့် အပေါ်ထပ်က ဆင်းလာတဲ့ ကိုမိုး မျက်လုံးတွေက, သခွားဆီသို့သာ တန်းတန်းမတ်မတ် စူးစူးစိုက်စိုက် ကျရောက်သွားသည်။

ရှေ့ကထွက်ဖို့ ခြေလှမ်းပြင်နေတဲ့ ခရမ်းမှာ အောင့်သက်သက်ပင် ဖြစ်သွားရ၏။

"ကိုမိုး၊ ပြီးပြီဆို သွားရအောင်လေ၊ ဒေါ်ဖေါင်းရေ တံခါးသေချာလာပိတ်ဦး"

ကြာကြာ ငေးစိုက်ကြည့်နေခွင့်မရအောင် ခရမ်းက ခပ်ကျယ်ကျယ် အသံလေးနှင့် ဆရာလုပ် အမိန့်ပေးလိုက်သည်။

ခရမ်းအသံ ကြားဖြတ်ဝင်လာသဖြင့် မျက်လုံးချင်း ငြိကနဲတွယ်ချိတ်မိနေသော နှစ်ယောက်သားမှာ 'ကတ်' ဟု တစ်ခန်းအဖြတ်ခံလိုက်ရသလို အမူအရာ ပျက်သွားကြတာ ခရမ်း မြင်သည်။



သို့သော် အသာလေး မမြင်ယောင်ဆောင်ပြီး အောက်ဆင်းဖို့ ပြင်သည်။ သခွားသည် သူ့ဟန်အတိုင်း လှေကားကို သွက်သွက် ပြေးဆင်းသွားသည်။ ခရမ်းက ပဲများကာ စကာဒ်အရှည်လေး တမမဖြင့် တစ်ထစ်ချင်း ဖြေးဖြေး ဆင်းလာ၏။

ဤသို့ နေးနေတာကတစ်ကြောင်း၊ ကားက လိုက်ထရပ်ဖုံကားမို့ အပေါ်တက်ဖို့ မြင့်နေတာကတစ်ကြောင်း၊ သခွားက ဂျင်းဘောင်းဘီနှင့်မို့ ပိုသွက်လက် အဆင်ပြေနေတာကတစ်ကြောင်း၊ ကိုမိုးက သခွားကို အရှင်တံခါးဖွင့်ပေးပြီး ဦးဆုံးတက်စေတာကတစ်ကြောင်းတို့ကြောင့် သခွားက အော်တိုမစ်တစ် ကိုမိုးရဲ့နံဘေးခလယ်နေရာကို ရသွားပါတော့သည်။

သူမက ဒီဖက်အစွန်မှာ၊ ခရမ်းမျက်နှာက မပြုံးနိုင်လောက်အောင် အလိုမကျစွာ မှုန်တင်းတင်း ဖြစ်သွားရပါသည်။ သခွားမှာတော့ ခရမ်းနှင့်ဆန့်ကျင်စွာ နီးကပ်နေတဲ့ ကိုမိုးမျက်နှာကို မရဲတရဲလေး မော့ကြည့်ရင်း ရှက်စနိုးဟန်နှင့် ပြုံးမြမြလေး ဖြစ်နေရပါသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

သခွားသည် စံပယ်ပန်းကုံးတွေ တစ်ထွေးကြီးကို ကြိမ်ဇကာပြန့်ပြန့်လေးထဲ ခွေထည့်ပြီး အိပ်ရာပေါ်သို့ ယူလာမိ၏။

သူမ အခန်းထဲမှာ တစ်ခန်းလုံး ပန်းရနံ့တွေ မွှေးကြိုင်နေသည်။

ကိုမိုးလေ... ဘာစိတ်ကူးပေါက်သလဲမသိ။ သူ အပြင်က ပြန်အလာမှာ သခွားဖို့ဆိုပြီး စံပယ်ပန်းအကုံးရှည်တွေ အများကြီး လက်ဆောင်ဝယ်လာပေးသည်။ တကယ်တော့ သခွားကို ပန်း လက်ဆောင်ပေးဖူးတဲ့သူတွေတော့ ရှိခဲ့တာပေါ့ နော်။

ဒါပေမယ့် အခုလို ရင်ထဲတသိမ့်သိမ့် မကြည်နူးခဲ့ရဘူး... အခုတော့ သူ့အမူအရာ၊ သူ့မျက်လုံးလေးအကြောင်း ပြန်တွေးတိုင်း ရင်ထဲ ရှိန်းကနဲ ဖိုကနဲ နွေးနွေးသွားရသည်။

သူ သခွားကို တစ်ချက် ကြည့်လိုက်တိုင်း ရင်ထဲ သိမ့်ကနဲ ဖိုနွေးသွားရတဲ့ အရသာက ကြောက်ခမန်းလိလိ တိုးဝေ့နေသည်။



အခုအချိန်ကျမှ... ကျွန်မက သခွားရောင်ပါ၊ ရှင့်စိတ်ကို ...သိချင်လို့ စမ်းသပ်ခဲ့တာဟာ ပြန်ပြောရမလား။

ဟင့်အင်း... သူ စိတ်ဆိုးမှာပေါ့၊ ရှက်သွားမှာပေါ့။

မဖြစ်သေးပါဘူး။

ဒါဆို ဒီအတိုင်းလေးပဲ ဆက်ပြီး နေရင်ရော။

သခွားရဲ့ သူငယ်ချင်း ခရမ်းလို့ပဲ သူက သိထားလေတော့ ...မြတ်နိုးမိရင်တောင် မြိုသိပ် ကြိတ်မှိတ်နေရရှာမှာပါ။

အိုး... ခက်လိုက်တာနော်။

သခွားမှာ ပင့်သက်ကလေး ရှိုက်ခါရှိုက်ခါဖြင့် ခုတလော ...က်တွေမှာ စိတ်ထဲ တနုံ့နုံ့နှင့် ဘာကိုမှန်း မသိ၊ အလိုမကျ ဖြစ်နေ ...ပါသည်။

အရေးထဲမှာ ခရမ်းကလည်း တမျှော့်၊ သူမကို အလိုလို ...ရင်း ကြည့်မရ၊ အမြင်ကပ်နေပုံရသည်။

ရှော့ပင်န်သွားပြီး ပြန်လာတဲ့ နေ့တုန်းကဆိုရင်...

"အဲဒီ ကိုမိုးတစ်ယောက်ကတော့ တော်တော်ကြီး ...န်လာပြီ သိလား"

"ဘာဖြစ်လို့လဲ ခရမ်းရဲ့"

"အဖြစ်သည်းလိုက်တာ၊ နင် ဖိနပ်ဝယ်တုန်းကလေ ...ကြိုးသိုင်းဖိနပ်ကို ဆိုင်က ကောင်မလေးကတောင် မသိုင်းပေးဘူး၊ ...က ထိုင်ချပြီး နင့်ဖိနပ်ကြိုးကို ချိတ်ပေးနေတာ မတွေ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“အင်း . . . ဟုတ်တယ်နော်၊ ငါတောင် အရမ်း အားန
သွားတယ်”

“သူ့ရည်းစားကျနေတာပဲ တယုတယနဲ့ အကဲ ပိုနေတာ”

“အဲလိုတော့ မဟုတ်ပါဘူး။ သူက ဖျတ်ဖျတ်လတ်လတ်
ကူညီတတ်တာပါ”

“အဟင်း . . . ဟင်း ကူညီတတ်ရင် ငါဖိနပ်စီးတော
ဘာလို့ လာမကူညီသလဲ၊ ငါ ဘာဝယ်လိုက်သလဲတောင်
မသိပါဘူး။ နင်ဝယ်တဲ့ အထုပ်အပိုးတွေကျ အားလုံး သယ်
တယ်။ ဒင်း တော်တော် မတရားတာပဲ၊ မျက်နှာလိုက်ပုံ
သိသာတယ်၊ ဒါဟာ အင်ကြင်းညီမကို လူကြီးတွေ ဘာ
ထားထား သူ ဂရုမစိုက်ပါဘူးဆိုတဲ့ အချိုးမျိုး ချိုးတာ။ ငါ
လုံးဝ မကျေနပ်ဘူး၊ ဒင်းရဲ့ အကျင့်ကိုက မကောင်းတာ၊ ကြ
လိုက်ရင် ရိုးသားအေးဆေးတဲ့ ပုံစံနဲ့ လူက ကုတ်ကမြင်းပဲ ဖြစ်မယ်

ခရမ်း ဒေါပွပွနှင့် ရေရွတ်ပြစ်တင်နေ၏။ ပြီးလျှင် သူမ
ခပ်တင်းတင်း ကြည့်လျက်။

“သွားနော်၊ ငါ ကြပ်ကြပ် သတိပေးထားမယ်၊
တစ်ခုခု ဖွင့်ပြောလာရင် နင့်ဖက်က အပြတ်သာ ငြင်း၊ သိလာ

ဟောတော့ . . . သွားက ဘာလို့ ငြင်းရမှာလဲ။ ငြ
ရင်တောင် ကိုယ့်သဘောနဲ့ပဲ ကိုယ်ဆုံးဖြတ်မှာပေါ့၊ သူက ဘာကြော
ဝင်စီမံပေးနေရသလဲ။



ခရမ်းမျက်နှာကို ကြည့်ပြီး သွားမှာ အတော် အံ့သြခဲ့ရ
သည်။ တကယ်တော့ သွားရဲ့ ကလေးဆန်ဆန် အကြံအစည်ကို
က်ခံခဲ့တာ ခရမ်းမှာလည်း သူ့အကြံနှင့်သူ၊ သူ့တွက်ကိန်းနှင့်
ပဲဆိုတာ အခုမှပဲ ရိပ်မိသည်။

သွားအတွေးက ကလေးအတွေး . . ။ သူ့အတွေးမှာက
တွက်အချက် စီမံကိန်းနှင့် ဖြစ်ပုံရသည်။ အခြေအနေက သူ
သလို ဖြစ်လာမယ့်ပုံ မရှိသောအခါ သွားဖက် လှည့်ရမ်းတာ
ဖြစ်သည်။

“နင် ငါ့ကို ဘာကြည့်နေတာလဲ သွား၊ တကယ်လို့
ကို နင်လက်ခံမယ်ဆိုရင်လည်း သွားရောင်ဆိုတာ ပွင့်ပွင့်
လင်း ဝန်ခံလိုက်လေ မဟုတ်ဘူးလား၊ ဟိုလိုလို ဒီလိုလို
တော့ မလုပ်နဲ့၊ ကြားထဲကနေ ငါ သိက္ခာကျမယ်”

“ခရမ်းရယ် . . . နင် သူ့ကို မုန်းနေသလိုပဲ”

“သူ့စိတ်ဓာတ်ကိုမှ မကြိုက်တာ”

တကယ်တော့ ခရမ်း မကျေမနပ် ဖြစ်နေတာက သူ့
ကြောင်းနှင့်သူ . . ။

ကိုမိုးသည် တကယ်တော့ သွားကို စိတ်မဝင်စားသင့်။
ကို သူကြည့်လိုက်တဲ့ ချိုရီရီ မျက်လုံးတွေကိုပင် ခရမ်း မနှစ်မြို့
ချေ။

“ခရမ်း သိက္ခာကျစရာတော့ မရှိပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မကျေရမှာပဲ၊ ငါက သခွားရောင်အတု လုပ်ေ
တာ ဘယ်လောက်အောက်သလဲ"

ခရမ်းသည် အခံရခက်သဖြင့် ပေါက်ကွဲနေခဲ့မိ၏။ အ
ကိစ္စကလည်း ရှင်းလေ ပိုရှုပ်လေ ဖြစ်နေသည်။ ဘယ်လိုပဲဖြစ်
ဒီအနေအထားကိုတော့ ခရမ်း ခံပြင်းသည်၊ သခွား အရူးလုပ်တာ
ခံရသလို ဖြစ်နေသည်။

မိန်းကလေးနှစ်ယောက် ရှိနေတာကို သူက သခွား
ရွေးရစိုက်နေတာကိုက ခရမ်းကို အောင့်အီးအောင့်သက် ဖြစ်
တာပါပဲ။

သူမမှာ သခွားရောင် အတုနေရာလည်း ယူရ
အရှုံးလည်း ပေါ်ရသေးဆိုတာမျိုး ဖြစ်နေပြီ။

ဒီအရှုံးနေရာမှာ ကြာကြာ ဘယ်သူ ရပ်တန့်နေချင်ပါ
ပြီးတော့ သခွား မျက်နှာပေးကိုလည်း မကြိုက်။

ကိုမိုးကောင်းကင်ရှေ့ကို ရောက်လာပြီလားဆို သူ
ရှက်သလိုလို မရဲတရဲဟန်လေးက ပေါက်နေပြီ။

အတုနေလာတာလည်း ကြာပြီ။

အချင်းချင်းဆိုတော့ သိနေပြီ။ ဒီမိန်းမ သခွား
ကိုမိုးကို ကြွေနေပါပြီ။

နှုတ်က ဘယ်လောက်ပဲ ကာကွယ်ငြင်းဆိုနေနေ အမူ
တွေကိုတော့ မဖုံးဖိနိုင်ပါဘူးနော်။



အဲဒီညက ခရမ်းမှာ ကိုယ့်အခန်းကိုယ် မဝင်နိုင်သေးဘဲ
ခွားအခန်းမှာပဲ လာထိုင်၍ မကျေနပ်သမျှကို ပွစိပွစိ ဖွင့်ထုတ်
မိသည်။

သခွားမှာ မျက်နှာလေးပျက်ပျက်နှင့် ငြိမ်သာ နားထောင်
နေရ၏။

သူ့လည်း ကလန်ကဆန် သွားမလုပ်ရဲပေ။

သူ ပေါက်ကွဲပြီး အခုချက်ချင်း ကျွန်မသာလျှင် ခရမ်း
အစစ်ဖြစ်သည် သွားလုပ်လို့က သခွား အရှက်ကွဲသွားမှာပေါ့။

ဖွင့်ပြောဖို့ လိုအပ်လာပြီဆိုလျှင်တောင် သခွား ကိုယ်တိုင်
ဲ အသိပေးချင်ပါသည်။

ဒါပေမယ့် အခုနေ အသိပေးဖို့လည်း မလိုဘူးလေ။
လည်း အဆင့်တက်လာသေးတာမှ မဟုတ်တာ။ သခွားသည်
ခြေအနေလေး ပျက်စီးသွားမှာစိုး၍ အချိန်ဆွဲထားချင်မိတာ
မှန်ပါ။

အမှန်အတိုင်း သိသွားတဲ့အခါ သူ သခွားကို ဘယ်လို
ျက်တင်မလဲ၊ ဘယ်လိုထင်မလဲ၊ မုန်းများ မုန်းသွားမလား
ကြောက်နေမိသည်။

သူ့မျက်လုံးထဲက မြတ်နိုးအသည်းယွေးစရာ ကောင်းလှတဲ့
ရိပ်အခြည်လေးကို မက်မော တန်ဖိုးထားရလွန်းသည့်မို့ ပြောင်းလဲ
ွားမှာ မတွေ့ရဲဘဲ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဒါဟာ သခွားကိုယ်တိုင် သူ့ကို ရင်မှာ နေရာပေး ချစ်လို မိပြီမို့လို့ပဲလား မဝေခွဲတတ်။

စံပယ်ပန်းလေးတွေကို ရှိုက်နမ်းမိရင်း သူနှင့် သခွား ကြားမှာ ဖွင့်မပြောရသေးသော တစ်စုံတစ်ရာဟာ နိုင်မာ ဖြစ်ထွန်းပေါက်ဖွားခဲ့ပြီဆိုတာ သခွား အလိုလို သိသည်။

တိတ်တဆိတ်လေးတော့ ကိုယ် မြတ်နိုးနေမိကြ သို့သော် ဒါကို သူ့ဖက်က ဖွင့်ပြောဖို့ မလွယ်ကူသလို ခရ ဖက်ကလည်း လက်ခံ ခေါင်းညိတ်ဖို့ အလွန် ခက်ခဲလှပါသည်။

အင်းလေ . . . လွယ်တာကို ခက်အောင် လုပ်မိသူ ကိုယ်ပဲ သခွားအပြစ်ပဲ . . . သခွားအမှားပဲမို့ ရှင် ငြိုငြင်ခဲ့ရင်လည်း မတတ်နိုင်ဘူးပေါ့။

ဒါပေမယ့် နှလုံးသားချင်း သိနေတဲ့ ဒီအခိုက်အတန့် လေးကို ကျွန်မ သိပ်ပျော်ရွှင် ရင်ခုန်မိပါတယ်။

❀

"ကြည့် . . . ဒီနေ့ တစ်ရက်တလေ ရုံးစောဆင်းရတော့ ည်း ဖယ်ရီက မရောက်သေးဘူး"

သခွားရောင်သည် ပခုံးပေါ်မှာ သားရေအိတ်အပြာနုလေး လွယ်လျက် လက်ထဲမှာ လေးထောင့်အိတ်အနီရောင်လေး ဆွဲလျက် အပြင်သို့ လျှောက်လာရင်း သန်းထိုက်ကို ပြောလိုက်သည်။ မနံဘေး သန်းထိုက်၊ ပြီးတော့ မငယ်၊ အန့်တီသက်၊ ဇော်ဝင်း အားလုံးက အိမ်ပြန်ဖို့ ရုံးပြင်ထွက် လာကြတာပင် . .။

ခါတိုင်းဆို သူတို့ရဲ့ ဖယ်ရီတောင်းအေ့စ်အလုံးလေးက နေ့စောစောကတည်းက ရောက်နေပြီးသား။ ဒီနေ့မှ ကားဆီ ထည့်ဖို့ ဆိုပြီး တစ်ခေါက် ပြန်ထွက်သွားတာ။

"ဖယ်ရီ မရောက်သေးရော ဘာဖြစ်လဲ၊ ပိုတောင် ကောင်းသေးတယ်၊ ငါတို့ ကော်ဖီဆိုင် သွားထိုင်လို့ ရတာပေါ့"

"မထိုင်ချင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"လာပါ သခွားရာ၊ နင်ကလည်း"

"အိမ်ပြန်ပြီး နားချင်ပြီ"

အမှန်တော့ သခွားက အိမ်ကို လွမ်းတာ မဟုတ်။ ညဖ ဖက် ကိုမိုး ပြန်လာတဲ့အချိန် အိမ်မှာ ရှိနေချင်တာ။

"ပေး ... ပေး ... ငါ အိတ်ဆွဲပေးမယ်"

သန်းထိုက်က သူမ လက်ဆွဲအိတ်ကို လာလုဆွဲပေး

"ရပါတယ်"

"ပေးပါဆိုကွာ"

"ဟော့ ... မျက်စိနောက်တယ်နော်၊ မောင်ထိုက် မ သိပ်ဆွဲချင်နေရင် ငါ့အိတ်ဆွဲ ရော့"

"ဟာဗျာ ... အန်တီသက်က လုပ်ပြီ"

သန်းထိုက် မျက်နှာရှုံ့မဲ့သွား၏။

"ဟုတ်သားပဲ သန်းထိုက်ရဲ့ ... နင်က ကော်ဖီဆိုင် တော့လည်း ငါတို့ မပါဘူး၊ သခွားကိုပဲ ကပ်တိုးလေးနဲ့ ခေါ်တ မဟုတ်ဘူးလား"

မငယ်ကလည်း မျက်စောင်းတစ်ချက်ခဲရင်း ဝင်ပြေ လိုက်၏။

"ခေါ်ပါတယ်ဗျာ၊ ကိုယ့်ရုံးသားအချင်းချင်း ဒီကောင် မခွဲခြားပါဘူး၊ အားလုံး အတူတူ သွားတာပေါ့"

ဇော်ဝင်းက လေပြေလေးနှင့် လျှောချသည်။



တကယ်တော့ သူတို့နှစ်ယောက်လုံး သခွားနား ရစ်သီရစ်ဝဲ လုပ်နေခဲ့တာ ကြာပြီ။ အမှန်က သုံးယောက်။ ဒီနေ့ အေးကိုက မြို့ထဲ ပါသွားလို့ ...။ နှစ်ယောက်တည်းရှိတုန်း သခွားနှင့် အတူ ထိုင် စကားပြောခွင့်ရဖို့ အကြံတူ ချိန်နေကြတာ ဖြစ်သည်။

မိုးတိမ်တိုက်သည် ရုံးခန်းဖွင့်လှစ်ထားရာ ခြံဝင်း၏ အပြင်ဘက် ပလက်ဖောင်းမှာ ကားကိုရပ်ရင်း ခရမ်းတို့ လျှောက် လာတာကို ကြည့်နေမိသည်။

အိမ်ကို ရောက်လာခဲ့တဲ့ နှစ်ယောက်ထဲက အရပ်ပိုမြင့်တဲ့ ပိန်ရှည်ရှည် ကောင်လေးဟာ ခရမ်းနှင့် ပခုံးချင်း တိုက်မတတ် လျှောက်လာတာ တစ်ခုခုကို ပြောဆို ငြင်းခုန်နေတာ၊ သူမ လက်ထဲ က အိတ်ကို အတင်းလုဆွဲလိုက်တာ။ ခရမ်းက မပေးဘဲ ပြန် ဆုပ်ကိုင်ထားတာ၊ တဟေးဟေး တဟားဟား လုပ်နေကြတာ။ အကုန်မြင်နေရ၏။

သူ့စိတ်တွေလည်း ဗလောင်ဆူလာရသည်။ နှုတ်ခမ်းကို တင်းတင်းစေ့လျက် စူးစူးရဲရဲ ကြည့်နေမိသည်။

ခရမ်းနံဘေးမှာ ကောင်လေးတွေ ရှိနေတဲ့ မြင်ကွင်းကို သူ မကြည့်နိုင်။ ကြည့်လည်း မကြည့်ချင်။

သခွားရောင် ပြောတဲ့ ပုံစံအရ ဒီကောင်လေးတွေဟာ ခရမ်းနှင့် ရိုးရိုးတန်းတန်း ရင်းနှီးတာမျိုး မဖြစ်နိုင်ဘူးဆိုတာလည်း သူ ရိပ်မိသည်။

www.burmeseclassic.com



ဒါကြောင့် ကြည့်နေရင်း သူ စိတ်တိုလာသည်။

ကားတံခါးကို ဆတ်ကနဲဖွင့်ပြီး သူ ခုန်ဆင်းလိုက်တဲ့အခါ ခရမ်းက သူ့ထံ မျက်ဝန်းလေး လှစ်ကနဲ ရောက်လာတာ မြင်သွားပါသည်။

ဟောတော့ . . ။

အံ့အားတသင့်လေး ခြေလှမ်းတုန့်သွားမိ၏။ ရုံးရှေ့မှာ သူ့ကို ဘွားကနဲ တွေ့လိုက်ရတာ ရင်လည်း ခုန်သည်။ လန့်လည်း လန့်သွားမိ၏။

သူ ဘယ်လို ရောက်လာပါလိမ့်၊ သခွားရင်ထဲ ခြောင်းဆန် အောင် လှုပ်ရှားတုန်ရီသွားသည်။

ကိုမိုးကောင်းကင် ဒီကို ရောက်လာလိမ့်မည်ဟု လုံးဝ မျှော်လင့်မထားမိ။

စတိုင်လ်ဘောင်းဘီရှည်အနက်နှင့် အပြာရောင်အပွင့် ရုပ်အင်္ကျီ အရောင်တောက်တောက်ကို ဝတ်ထားသဖြင့် သူ့သဏ္ဍာန် က ထင်းလင်းတောက်ပ ရှင်းသန့်နေပါသည်။

အဝေးကပင် လူချောလေးတစ်ယောက်ဆိုတာ သိသာနေ သည်။

နံဘေးက သခွားရဲ့ အမူအရာကြောင့် သန်းထိုက်က သတိထားမိသွားပြီး . . .

"နင့်အသိလား"



"ဟုတ်တယ်လေ၊ သူက မန္တလေးက အခု သခွားတို့ အိမ်မှာပဲ တည်းတာ"

"သြော်"

သူတို့ကို ဒီလောက်ပဲ ပြောကာ သခွားက ကိုမိုးဆီ ခြေလှမ်းဖို့ ဦးတည်လိုက်သည်။

သူ့ကို မြင်တာနှင့် ကပျာကယာလေး ဆံပင်ရှည်လေး တွေ အိခနဲ လှုပ်ရှားသွားအောင် ခပ်မြန်မြန် လျှောက်လာတာမြင် တော့ မိုးတိမ်တိုက် နည်းနည်းတော့ စိတ်ပြေကျေနပ်သွားရ၏။

"ကိုမိုး"

"ခရမ်းတို့ ရုံးဆင်းပြီလား"

"အင်း . . . ပြန်ကြမလို့လေ၊ ဖယ်ရီစောင့်နေတာ"

"ကျွန်တော်က ခရမ်းကို လာကြိုတာ"

"ရှင်"

"ကြိုလို့ မရဘူးလား"

"ရှင် . . . သြော် . . . ရပါတယ်၊ သခွား . . အဲ . . ကျွန်မ က ကိုမိုး ဒီနားလမ်းကြုံလို့ ဝင်လာတာလား ထင်လို့ပါ၊ ထွက် နှုတ်ဆက်မယ်ဆိုပြီး လျှောက်လာတာ"

"ကားပေါ်တက်လေ"

"ခဏလေး . . . သူတို့ကို ဖယ်ရီနဲ့ မလိုက်တော့ဘူးလို့ သွားပြောလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သခွားက အပြေးလေး သွားပြန်ပြော၏။ ပြီးမှ သူ့ဖုန်ကားပေါ် အသာတက်ထိုင်သည်။

ကိုမိုးက ကားမောင်း ထွက်လာရင်း သခွားဖက် စောင်းငဲ့ကြည့်ကာ . . .။ ◆

"အခုန ခရမ်းနားမှာ တွေ့လိုက်တာ အိမ်ကိုလာတဲ့ တစ်ယောက်ပဲ မဟုတ်လား"

"အင်း . . . ဟုတ်တယ် . . . သန်းထိုက်ကို ပြောတာ ထင်တယ်"

"အဲဒါ ခရမ်း ရည်းစားလား"

ဘွင်းဘွင်းမေးချလိုက်တာကြောင့် သခွားမျက်နှာလေး ရှက်အမ်းသွားရကာ . . .

"ဟင့်အင်း . . . မဟုတ်ပါဘူး၊ ဒီလိုပဲ သူငယ်ချင်းတွေပါ"

"ခရမ်းမှာ ရည်းစား မရှိသေးဘူးပေါ့ . . . ဟုတ်လား"

သူ့အမေးကြောင့် သခွား ဘယ်လို ဖြေရမည်မသိ။

"ရှိပါဘူး"

"မသိပါဘူးဗျာ၊ ကျွန်တော်က သခွားကို မေးကြည့်တော့ သူက ခရမ်းကို မေးကြည့်ဆိုလို့"

ကြည့်စမ်း . . .

အဲဒီ ခရမ်းကတော့ သခွားနှင့် မရိုးမသား ပတ်သက်မှု မရှိသေးဘူးဆိုတာ သူ အသေချာ သိရဲ့နဲ့လေ။



"ဘာပဲဖြစ်ဖြစ် ခရမ်းကိုယ်တိုင် ပြောတာကိုပဲ ကျွန်တော်ယုံပါတယ်၊ မရှိဘူးဆိုတော့ စိတ်ချမ်းသာသွားပြီဗျာ"

သူ့အပြောကြောင့် သခွားမျက်နှာလေး နွေးကနဲ ပူသွားရသည်။

ဒါက ဘယ်လို အဓိပ္ပာယ်တုန်း . . .။

သခွားမှာ ရည်းစားမရှိတာ သိတာနှင့် သူက စိတ်ချမ်းသာတယ်ဆိုပါလား။

"ကျွန်မကိုတော့ မေးတယ်၊ ရှင်ရော . . ."

"ကျွန်တော်လား"

သူက ရယ်ကျဲကျဲ ဖြစ်သွား၏။ သခွား ဒီလို ပြန်မေးတာကိုပဲ အံ့မြူးသွားတဲ့ပုံ။

"ညာမယ်တော့ မကြံနဲ့နော်"

"မညာပါဘူး၊ ကျွန်တော့်မှာ ချစ်သူ မရှိသေးပါဘူးဗျာ . . . ယုံပါ"

"ဒါဆို . . . မမဆိုတာ ဘယ်သူလဲ"

"ဗျာ"

မိုးတိမ်တိုက် အလန့်တကြား ဖြစ်သွားရ၏။

သူမဘက်သို့ ရှောင်ယမ်းပြီး လှည့်ကြည့်လိုက်မိသည်။

"ဟိုတစ်ရက်က ဖုန်းပြောနေတာ ကြားပါတယ်နော်"

"မဟုတ်ဘူး ခရမ်း၊ အဲဒါ တကယ့်အစ်မပါ"

www.burmeseclassic.com



"ဘယ်က အစ်မလဲ၊ ယုံအောင်လည်းဖြီးနော်၊ ကိုမိုးမှာ အစ်မမှ မရှိပဲ"

"ဟိုဟာလေ… ဝမ်းကွဲထဲကပါ"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ကိုကြီးဆိုတာကရော အစ်ကိုပဲလား"

ဟောဗျာ… ဒါလည်း သိနေပြန်ပြီ။ ခရမ်းရဲ့ စူးရှတဲ့ မျက်လုံးနက်ရှန်းရှန်းလေးကို သူ ဖျားချင်လာသည်။ မျက်နက်ကလေး ထောင့်ကပ်ကာ ကြည့်နေပုံက သူ တစ်စုံတရာ မှားယွင်းဖြေလို့ မရဘူးဆိုတာ သေချာနေသည်။

"သြော်… အလုပ်ထဲက အစ်ကိုလိုခင်နေတဲ့သူကို ပြောတာထင်တယ်၊ တစ်ခါတလေ ဒီလိုပဲ အလုပ်ကိစ္စ ဘာညာ ဖုန်းပြောဖြစ်ပါတယ်"

မိုးတိမ်တိုက် မျက်နှာပူပူနှင့် ညာရ၏။

နေစမ်းပါဦး၊ အဲဒီနေ့က ဖုန်းထဲမှာ ဘာတွေ ပြောဖြစ်ကြပါလိမ့်။

သခွားရောင်အကြောင်းလည်း ပါတော့ပါသည်။ ခရမ်းဆိုတဲ့ တစ်ယောက်ရှိနေတာလည်း သူ ပြောဖြစ်မယ် ထင်သည်။

"အဲဒီ အစ်ကိုနဲ့ တော်တော် ရင်းနှီးတဲ့ပုံပဲနော်"

"ဗျာ… ဘာဖြစ်လို့လဲ"



"ကျွန်မတို့ အကြောင်းတွေတောင် သူက မေးတယ်ဆိုလား"

"အဟား… ဘာရယ်လို့ မဟုတ်ပါဘူး။ ဒီလိုပဲ အလ္လာပ သလ္လာပ ပြောဖြစ်တာပါ"

မိုးတိမ်တိုက် လျှောချပစ်လိုက်၏။ သခွားသည် အခုမှ လမ်းနံဘေးသို့ တစ်ချက် ကြည့်မိသည်။ ခါတိုင်း အိမ်ပြန်နေကျ လမ်းလည်း မဟုတ်ပါလား။

သူမ သတိပြုမိကာ…

"ကိုမိုး… ဘယ်လမ်းက သွားနေတာလဲ"

သူ ရန်ကုန်မှာ သိပ်ပြီး ကားမောင်းမကျွမ်းကျင်လှဘူးလို့ သခွားက ထင်ပြီး မေးလိုက်တာပါ။

"ဟုတ်သားပဲ… ခရမ်းကို ပြောဖို့ မေ့နေတာဗျ၊ ကျွန်တော်တို့ အင်းလျားကန်ဘောင် ခဏ ဝင်မလားလို့ပါ"

"ရှင်"

"အကြော်စားရင်း စကားပြောလို့ ရအောင်ပါ"

သူ့စကားကြောင့် သခွား အံ့အားသင့်ရ၏။ အိမ်မှာကျတော့ ဘာလို့ မပြောချင်ရတာလဲ။

သူနှင့် နှစ်ယောက်တည်း ဒီလို သွားလာနေတာ ခရမ်းသာသိရင် ရင်ထဲ ပူစပ်ပူလောင်နဲ့ ရေတံသီး စားသလို ဖြစ်တော့မှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဘာပဲဖြစ်ဖြစ် သူ့ဖက်က အမှတ်မထင် ဒီလိုတောင် ဆိုလိုက်တာကို သခွား ရင်ခုန်မြန်သွားရသည်။

လိုက်ထရပ်စ် အဖြူသန့်သန့် အဲသစ်ကလေးက ကန်ဘောင်ရှိရာ ဝင်းထဲ ချိုးကွေ့လိုက်တာနှင့် သခွားရင်ထဲ ပျော်မြူးသလိုလို စိတ်တွေ ရှင်ပြလန်းဆန်းသွားရသည်။

ပန်းလွှယ်အိတ်ကလေး လွှယ်လျက် ကားပေါ်က ခုန်ဆင်းလိုက်သည်။

သူမ ဆံနွယ် စင်းစင်းပျော့ပျော့လေးတွေက အိကန့်တုန်သွား၏။

မိုးတိမ်တိုက်က ကားခေါင်းဖက်က ပတ်ပြီး သူမ ဖက်ကနေအတူ လာလျှောက်၏။

"ဒီနေ့ လူရှင်းသားပဲ"

"ရှင်းတာ ပိုကောင်းတယ်၊ အေးအေးဆေးဆေး ရှိတာပေါ့"

"ရှင်က ရန်ကုန် အမြဲလာနေကျလားဟင်"

"အရင်ကလည်း ရောက်တဲ့အခါ ရောက်ပါတယ်"

"အဲဒီတုန်းက ကျွန်မတို့နဲ့ မသိဘူးပေါ့နော်"

"အေးဗျာ...၊ စောစောကတည်းက တွေ့ရမှာ"

သူက ခရမ်းဘက် စောင်းငဲ့ကြည့်လိုက်ကာ ခပ်ပြုံးပြုံးလေး ဆိုသည်။



သူမတို့နှစ်ယောက် စကားတပြောပြောဖြင့် ကန်ဘောင်သမ်းလေးအတိုင်း လေညှင်းခံရင်း ဖြေးဖြေး လျှောက်လာခဲ့ကြ၏။

"သခွားရောင်သာ ပါလာရင် မုန့်တီ အရင်ပြေး သောက်မှာ၊ သူက ရနိုင်မုန့်တီ အရမ်းကြိုက်တယ်"

ခရမ်းကို ရုတ်တရက် သတိရကာ သခွားက ပြောလိုက်၏။

"သူ့ကို ခေါ်လို့တော့ မဖြစ်ဘူး"

"ဟင်... ဘာလို့လဲ"

"ကျွန်တော် ခရမ်းနဲ့ပဲ အေးအေးဆေးဆေး ပြောချင်တာ"

သူ့ဖက် ဆတ်ကနဲ လှည့်ကြည့်မိ၏။

"ကျွန်တော် သူ့ကို အစ်မတစ်ယောက်လိုပဲ သဘောထားတယ်"

ကိုမိုး ပြောပုံနှင့် ခရမ်းပြောပုံက ကွက်တိ ဖြစ်နေ၏။ တကယ်ကို တစ်ထပ်တည်း။

ခရမ်းကလည်း အစ်မရင်းလို ရိုးရိုးသားသား ဆက်ဆံတယ်ဟု ထပ်တလဲလဲ ညည်းညူနေတာပဲလေ။

"ကိုမိုးထက် သူ ငယ်မယ်"

"ဒါဆိုလည်း ညီမလေးပေါ့"

"ကိုမိုး ဒက်ဒီက သူနဲ့ ရင်းနှီးစေချင်တာမှတ်လား"

"ကျွန်တော်မှ မကြိုက်ဘဲ"

သူ ပွင့်လင်းတာကို သခွား မျက်လုံးလေး ပြူးရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မကြိုက်ဘူးဆိုတော့ ဘယ်သူ့ကိုများ ကြိုက်နေသလဲ။

မိုးတိမ်တိုက်ကလည်း တွေးသည်။

သူဟာ မိုးကောင်းကင် မဟုတ်တဲ့အတွက် ကိုကြီးဇနီးလောင်းနှင့် ဘာမှ မဆိုင်။ ဘာမှလည်း မျက်နှာပူစရာ မရှိ။

အချိန်တန်ရင် ဒီကိစ္စက ပေါ်လာမှာပဲ။

သူ့အနေနှင့် ခရမ်းကို လွတ်လွတ်ကျွတ်ကျွတ် ကြိုက်ခွင့်ရှိတာပဲဟု သူ့ကိုယ်သူ အားပေးခဲ့... ဆုံးဖြတ်ခဲ့ပြီ။

ခရမ်းဘက်က ကြည့်ရင်တော့ သစ္စားရောင်နှင့် ပတ်သက်ပြီး တစ်မျိုး ရှိန်ကောင်းရှိန်လိမ့်မည်။

"ကျွန်တော်က ကိုယ် အရမ်းချစ်တဲ့ မိန်းမကိုပဲ လက်ထပ်ချင်တယ်၊ အဲလို ချစ်တဲ့ ကောင်မလေးတစ်ယောက်လည်း တွေ့ထားပြီ၊ ကျန်တာ ဘာမှ ဂရုမစိုက်ချင်တော့ဘူးဗျာ၊ ခရမ်းမှာလည်း အဲလို သတ္တိမျိုး ရှိစေချင်တယ်"

သစ္စား ခေါင်းလေးငုံ့ချကာ တိတ်ဆိတ်သွားရသည်။ ရင်ထဲမှာလည်း ပြောင်းဆန်အောင် ခုန်ပေါက် ဆူညံပြည့်ဟီးနေသည်။

ဘုရားရေ... ဒါ ရည်းစားစကား ပြောတာလား။

ခရမ်းကို ချစ်တယ်လို့ ပြောတာလား။ သူ့ကို မော့မကြည့်ရဲ ရင်မဆိုင်ရဲ...။ လူက ရှက်အမ်းအမ်းနှင့် ဟုန်ဟုန်ကြီး ဖြစ်နေသည်။



မထင်မှတ်ဘဲ ဒီစကားမျိုးကြားရတော့ လူက မနေတတ်ကြီး ဖြစ်သွားရသည်။

နှစ်ယောက်သား အလိုလို ခြေလှမ်းတွေလည်း နှေးသွားသည်။ မိုးတိမ်တိုက်က ငုံ့ထားသော မျက်နှာလှလှလေးကို ဘရိုက်မဟ်မှတ် စူးနှစ်စွာ ကြည့်နေမိသည်။

ဆံပင်ရှည်ရှည်တို့ ကျောမှာ ပြည့်နေကာ မိုးပေါ်က ကျလာတဲ့ နတ်မိမယ်လေးအလား ချစ်သူလေးက အင်မတန် လှပပြီး ကျက်သရေရှိတဲ့ မိန်းကလေးပါ။ မျက်နှာလေးက နူးညံ့ကြင်နာတတ်မည့်ပုံလည်း ရှိသည်။ ကဗျာဆန်ဆန်လေးနှင့် နှစ်ဖို့လည်း အလွန်ကောင်းသည်။ ဒီမိန်းကလေးကိုပဲ ဘဝအဖော်အဖြစ် ရဲသက်ပန် လက်တွဲသွားချင်သည်။

ခွင့်ပြုပါ မိန်းကလေးရယ် ... မင်းကို သိပ်ချစ်နေလို့ပါ။

"ခရမ်း"

သူက တိုးဖွဖွ ခေါ်၏။ သစ္စားက ခေါင်းမော့မလာ။

"ကျွန်တော် ပြောတာ ကြားရဲ့လား"

"အင်း"

သူမရဲ့ အင်းက မပွင့်တပွင့်လေး ..။ ရှက်စနိုးနှင့် မျက်လုံးချင်းလည်း ဆုံမကြည့်ရဲဘဲ လွှဲဖယ်ထားသည်။

"သတ္တိရှိမှာလား" -

www.burmeseclassic.com

www.burmeseclassic.com



"  ---------"

"ပြောလေဗျာ"

"မသိဘူး"

ကျွန်မသာ သစ္စာ:ရောင်အစစ်ဆိုရင်ရော ရှင် ဘယ် သဘောထားမှာလဲ။ ညာမိတဲ့အတွက် စိတ်ဆိုးမှာလား . . . စိတ်ပြောင်းပြီး မချစ်တော့ရင်ရော။

တကယ်တော့ သစ္စာ:ပဲဖြစ်ဖြစ်၊ ခရမ်းပဲဖြစ်ဖြစ် တမြတ်တနိုး အသည်းအသန် သိပ်ချစ်မိတဲ့ ကောင်မလေးက ကျွန်မပဲ ဖြစ်ခွင့်ရချင်ပါတယ်။

◆ ◆ ◆

ခရမ်းက သင်တန်းသွားဖို့ အခန်းထဲကနေ ကြော့ကြော့ မော့မော့ လှလှပပလေး ပြင်ဆင်ဝတ်စားပြီး ထွက်လာပါသည်။

ဒေါ်ဒေါ်င်းက သင်းပျံ့သော ရေမွှေးနံ့ ချိုချိုလေးကို မိတာမို့ ဧည့်ခန်းမှာ တံမြက်စည်းလှည်း ဖုန်ခါနေရင်းက တစ်ချက် လှည့်ကြည့်လိုက်သည်။

"ခရမ်းလေးရယ် . . . မွှေးလိုက်တာ"

"မွှေးပဲ မွှေးတာလား . . . ပုံရော မလှဘူးလား"

"လှပါ့။ မင်းသမီး ပုလဲဝင်းတောင် ခရမ်းလေးလောက် မှာ မဟုတ်ဘူး"

ခြေသလုံး တစ်ဝက်ခန့်ထိရောက်သော ခွဲသား ဘောင်းဘီ ရှည် အနက်ရောင်ကျပ်ကျပ်လေးကို ဝတ်ထားသဖြင့် သွယ်စင်းသော ပေါင်တံရဲ့အလှ၊ ဝင်းနှစ်စိုပြေသော ခြေသလုံးသား သွယ်သွယ် လေးရဲ့ အလှဟာ ငေးချင်စဖွယ် ဆွဲဆောင်မှု ရှိသလို၊ အပေါ်က

www.burmeseclassic.com



အသားပျော့ပျော့ တင်ပါးဖုံးသော အင်္ကျီ ပုံဆန်းလေးဟာလည်း ဘာတွေ ဘယ်လို ကြည့်ကောင်းသလဲ မပြောတတ်အောင် ကြည့်ကောင်းနေပါသည်။ အနက်ရောင်နှင့်မို့ ညို့ဝင်းသော အသားအရေလေးက ဖြူလာသလို ထင်ရသည်။

အဖျားခွေကောက်ကောက် တူးစတက်ဆံပင် ကော်ဖီရောင်လေးကို ဒီအတိုင်း ချထားပြီး၊ နားမှာ နားကွင်း အဝိုင်းကြီးက တလှုပ်လှုပ်နှင့်။

မျက်နှာကို မသိမသာလေးနှင့် ဖွေးနုဝင်းပနေအောင် ခြယ်သထားသည်။ မျက်တောင်လေးတွေ ကော့ရှန်းနေပြီး အိုင်းလိုင်နာ ကွပ်ထားသော မျက်ဝန်းနက်ကလေးက ရှန်းလက်တောက်ပ လင်းဖြာနေသည်။ နှုတ်ခမ်းဖူးဖူးလေးက စိုလက်တင်းပြောင်ပြီး ကြွရွနေ၏။

ဒေါ်ဒေါင်းက ခရမ်းရဲ့ ပြင်ဆင်ခြယ်သထားမှုကို အသေးစိတ် ငေးမောကြည့်ရင်း လက်ထဲမှာ ကြက်မွေးတံ ကိုင်ထားလျက်နှင့်ပင် ..။

"ရေမွှေးနံ့လေးက ကောင်းလိုက်တာ ခရမ်းရယ်၊ ဒေါ်ကြီးကို တစ်ခါလောက် ပေးဆွတ်ပါလား"

"အမယ်လေးနော်၊ ဒါ တစ်ပုလင်းကို တစ်သိန်းနားကပ်နေတဲ့ ရေမွှေး ... သိရဲ့လား"

"အေးလေ ... ဒါကြောင့် ဆွတ်ဖူးချင်တာပေါ့"



"အပြင်သွားစရာရှိတဲ့အခါပြော ... ဘုရားလေး ဘာလေးသွားတဲ့အခါ ..."

"အခု နမူနာ နည်းနည်းလေး"

"ကျွတ် ... ဒေါ်ဒေါင်းကလည်း အရေးထဲနော်"

ခရမ်းက စိတ်ပျက်ပျက်နှင့်ပဲ အခန်းထဲ မှန်တင်ခုံဆီပြန်သွား၊ ရေမွှေးကိုယူ၊ ဒေါ်ဒေါင်းပခုံးဆုံးမှာ တစ်ချက်နှစ်ချက်ပြန်ဖြန်းပေးရင်း ...

"ဒေါ်ဒေါင်းနော် ... ခရမ်းထွက်သွားရင် အိပ်မနေနဲ့ဦး၊ ကိုကြီး အပေါ်က ဆင်းလာရင် ကော်ဖီနဲ့ မုန့်တစ်ခုခု စီစဉ်ပေးလိုက်ဦး"

"ကော်ဖီကတော့ ဖျော်ပေးမယ်၊ မုန့်ကတော့ ဘီစကစ်ပဲရှိတယ် သမီးရဲ့"

"အာ ... ဘီစကစ်နဲ့ ဘယ်ဖြစ်မလဲ၊ သူစားချင်တာမေးပြီး သွားဝယ်ပေးလိုက်ပေါ့"

"အေးပါ၊ ဒါဆိုလည်း ဝယ်ပေးလိုက်ပါ့မယ်"

"ကဲ ... ဒါဖြင့် သမီး သွားမယ်"

ခရမ်းက ဖိနပ်စင်လေးပေါ်မှ ခွါချွန်ကြိုးသိုင်းဖိနပ် အနက်ရောင် ပြောင်ပြောင်လေးကို ချယူပြီး စီးလိုက်ပါသည်။ ဖိနပ်ကြောင့်သူမ အရပ်က ပိုမြင့်သွားပြီး ပိုလည်း ဝင့်ကြွား သွားရ၏။

မောင်မိုးက အပေါ်ထပ်မှာ ငြိမ်ချက်သား ကောင်းနေပြီးသွားက ရုံးဆင်းမလာသေး။

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းကလည်း သင်တန်းသွားပြီမို့ အိမ်မှာ တိတ်တဆိတ် ခြောက်သွေ့နေတာကြောင့် ဒေါ်ဒေါ်င်းက ကြက်မွှေးလေး အသား ချပြီး ဆိုဖာပေါ်မှာပဲ လှဲအိပ်လိုက်ပါသည်။

ခရမ်းနဲ့ သခွား အိမ်မှာ မရှိတဲ့အချိန် ဒီညေ့ခန်း ဆိုဖာ ရှည်ကြီးဟာ သူ့ရဲ့ အိပ်ရာပါပဲ။ ပျင်းရင် ဒီဗွီဒီလေးပင် သူက ထည့်ကြည့်လိုက်ပါသေး၏။

ဒါတောင် အခု အပေါ်ထပ်မှာ ညေ့သည်သူစိမ်းတစ် ယောက် ရှိနေလို့ . . .။

ဒေါ်ဒေါ်င်းက အိမ်မှုကိစ္စ တာဝန်ကျေပေမယ့် ကလေး လေးတွေ လစ်ရင်လစ်သလို ပတ်ဝန်းကျင်က တခြားအခန်းများသို့ လည်း အိမ်လည်ထွက်တတ်ပါသေးသည်။

ဒီလိုနှင့် သူ ခဏမှိန်းကာ အိပ်ပျော်လုဆဲဆဲမှာ အပေါ်ထပ် လှေကားရင်းက တံခါးဖွင့်သံ တစ်ချက် ကြားရ၏။

ဒေါ်ဒေါ်င်းက ကမန်းကတန်း ငုတ်တုတ်ထထိုင်လိုက်ချေ

"မောင်မိုး"

"ဟုတ်ကဲ့ . . . ဘယ်သူမှ မရှိကြဘူးလား"

"မရှိဘူး . . . ခရမ်းက . . . အဲ၊ သင်တန်းသွားတဲ့သူလည်း သွားပြီလေ အခုလေးတင်ပဲ၊ မောင်မိုး ကော်ဖီ သောက်မလား ဘာစားချင်လဲ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ နန်းကြီးသုပ် ရတယ်၊ ဝယ်ပေးရမလား"



"နန်းကြီးသုပ်လား . . . ကောင်းသားပဲ"

"ဒါဖြင့် ဒေါ်ဒေါ်င်း သွားဝယ်ခဲ့မယ်"

"ပိုက်ဆံ ယူသွားလေ"

"အမယ်လေး . . . အဲဒါတော့ မလုပ်ပါနဲ့၊ ဒေါ်ကြီးမှာ သူတို့ ပေးထားတာ ရှိပါတယ်။ ညေ့သည်ဆီက ပိုက်ဆံယူလို့က တော့ ဒီအိမ်ပေါ်က ခေါင်းနဲ့တောင် ဆင်းရမှာ သေချာတယ်"

"ဟား . . . ဟား . . .ဟား"

ဒေါ်ဒေါ်င်းရဲ့ မဲ့မဲ့ရွဲ့ရွဲ့ ပြောဟန်ကိုကြည့်ပြီး မိုးတိမ်တိုက် ရယ်မိသည်။

"အခု သူတို့မှ မရှိတာဘဲဗျာ"

"အံမယ် မရဘူးနော်၊ သခွားရော ခရမ်းရော အလည် တွေ"

"ဟုတ်လား . . . ဘယ်သူ ပိုလည်လဲ"

မိုးတိမ်တိုက်က ပြုံးစိစိ ပြန်မေးမိသည်။

"နှစ်ယောက်စလုံး အလည်ချည်းပဲ"

"ခရမ်းက ဒီမှာနေတာ ကြာပြီလား"

"ကြာပြီ"

"သူ့မိသားစုက ဘယ်မှာလဲ"

"မိဘတွေ ဆုံးသွားတော့ အဒေါ်နဲ့ နေတာတဲ့၊ အဲဒီကမှ သခွားအိမ်ကို ရောက်လာတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား… သူက တစ်ကောင်ကြွက်လို ဖြစ်နေတာပေါ့။ သနားပါတယ်၊ ဒေါ်ဒေါ်င်းလည်း သူ့ကို ဂရုစိုက်ပေးပါ"

"သနားစရာတော့လည်း မဟုတ်ပါဘူး မောင်မိုးရဲ့၊ သူ့အိမ်နဲ့ ခြံကို ငှားထားတာ တစ်လတစ်လ မနည်းမနော ရတာပဲ"

"ဟုတ်လား"

မိုးတိမ်တိုက် အံ့ဩသွားသည်။ သူ ဒါကို မသိ။ ခရမ်းကို ကမ္ဘာကြီးက ရတဲ့ လစာလေးနဲ့ ခြစ်ခြစ်ချုပ်ချုပ် သုံးစွဲနေရတယ်လို့ပဲ ထင်တာ။

ဒေါ်ဒေါ်င်းသည် သူ့ဟာသူ လျှာရှည်မိပြီးကာမှ မှားသွားပြီဟု နောင်တရသည်။ စကားဆိုတာ များများပြောလေ များများ အမှားပါလေ…။

တော်ပြီ… ပါးစပ်ပိတ်ပြီး အမြန်လစ်မှပါပဲ။

"ကဲ… ကဲ ဒေါ်ဒေါ်င်းလည်း နန်းကြီးသုပ် သွားဝယ်ဦးမယ်"

စကားကို တိခနဲ ဖြတ်ကာ ဒေါ်ဒေါ်င်းက လှည့်ထွက်သွားပါသည်။

သံပန်းတံခါးကို စေ့ပိတ်၍ သော့ကို ချိတ်ကာ ဒေါ်ဒေါ်င်းက လှေကားမှ ဆင်းသွားသည်။

မိုးတိမ်တိုက်သည် ညှော်ခန်းမျက်နှာကြက်က ဖန်မီးဆိုင်း သတိတရ မော့ကြည့်မိ၏။



မီးကွေး အရှည်လေးတွေ ငါးပွင့်ပိုင်းထားသော ဖန်မီးဆိုင်းမှာ တစ်ပွင့်က မီးခေါင်းက ချောင်ထွက်နေပြီး မီးမလင်းတာ ဟိုညကတည်းက သူ သတိထားမိတာ။

ချက်ချင်းပဲ ခုံရှည်လေးတစ်ခု သွားဆွဲလာပြီး ခုံပေါ် တက်၍ မီးကွေးကို မီးခေါင်းထဲ သေချာ ပြန်ထည့်သည်။ တခြား မီးကွေးတွေလည်း ကျပ်မကျပ် လိုက်စစ်ဆေးနေဆဲမှာပဲ လှေကားပေါ် တက်လာသော ခြေသံလေးတစ်ခု ကြားရ၏။

ခုံပေါ်ရပ်နေရင်းပဲ သူ နားစွင့်လိုက်သည်။

ဒေါ်ဒေါ်င်း အခုပဲ ဆင်းသွားသဖြင့် ကျွန်းတံခါးရွက်ကဟာဟာ ပွင့်နေ၏။

ဟယ်တော့… တံခါးကြီး ဖွင့်ထားပါလား။

ဒေါ်ဒေါ်င်းတို့ကတော့ တိုက်ခန်းနေပြီး၊ ခုထိ ပေါ့ပေါ့ဆဆပဲ၊ ကြည့်ပါဦး။

သခွားက စိတ်ထဲမှ ပြစ်တင် ရေရွတ်မိရင်း ချိတ်ထားတဲ့ သံပန်းသော့ကို ဖြုတ်ဝင်လိုက်သည်။

ခရမ်း ပြန်လာပြီ…။

မိုးတိမ်တိုက် ရင်မှာ လှစ်ကနဲ နွေးသွားရ၏။

အိမ်ထဲ လှမ်းဝင်လာတဲ့ သခွားရောင်နှင့် ခုံပေါ် မတ်တပ်ရပ်နေတဲ့ မိုးတိမ်တိုက်တို့ အကြည့်ချင်း ဆုံမိကြသည်။

"ကိုမိုး ဘာတွေ လုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမျက်နှာကြက် မီးဆိုင်းထဲက မီးတစ်ပွင့် မလင်းလို့ ဗျ"

"အခု ရသွားပြီလား"

သခွားက အိတ်တွေ စားပွဲပေါ် လှမ်းတင်ရင်း သူ့ကို ဘာကူညီရမလဲ မေးကြည့်မိသည်။

မိုးတိမ်တိုက်သည် အိမ်နေရင်း ဘောင်းဘီတိုပွပွနှင့် ခုံမြင့်ပေါ် တက်ရပ်နေရသည်ဖြစ်ရာ၊ ချစ်သူလေးကို မြင်တော့ ရှက်ကိုးရှက်ကန်းနှင့် ကမန်းကတန်း ခုံပေါ်က ခုန်ဆင်းလိုက်ပါသည်။

"ဒုန်း"

"အား..."

ခုန်ပါလဲပြီး သူပါ ခြေချော်ကျသွား၏။

"ဟင်... ကိုမိုး"

သူမက အထိတ်တလန့် အပြေးကလေး လာထူသည်။ ကောင်မလေးက ထူပေးရသဖြင့် မိုးတိမ်တိုက် မျက်နှာနှင့် နားရွက်များတွေမှာ ရဲကနဲ နီမြန်းသွားရပါသည်။

"ဘာဖြစ်သွားလဲဟင်... အရမ်း နာသွားပြီလား"

"ရပါတယ်"

မိုးတိမ်တိုက်က ဘာမှ မဖြစ်သလို တစ်ချက်ရယ်ရင်း မြန်ထရပ်ဖို့ ကြိုးစား၏။



"အား... ကျွတ်...ကျွတ်"

ခြေခေါက်ပြီး ကျတာကြောင့် ခြေဆစ်က ချက်ချင်း ရောင်လာသည်။

"အို... မရရင် မထောက်နဲ့ဦးလေ၊ လာ... ဒီမှာ အရင်ထိုင်လိုက်"

သခွားက သူ့ခါးကို လက်လျှိုတွဲပြီးကာ ဆိုဖာခုံမှာ ထိုင်စေသည်။

သူမရဲ့ ကိုယ်ငွေ့နွေးနွေးနှင့် အိအိထွေးထွေး နူးညံ့သော အထိအတွေ့မှာ ခြေထောက်က နာကျင်မှုကိုပင် မေ့မေ့လျော့လျော့ ဖြစ်သွားရသည်။

မိုးတိမ်တိုက် ရင်ခုန်သံတွေက မြန်ဆန် ကြမ်းတမ်းလာရ၏။ သူမကိုယ်လေးကို လဲပြိုချင်ယောင်ဆောင်ပြီး ဆက်ဖက်ထားမိ၏။

"အို... နည်းနည်းဖယ်ဦးလေ"

"မရဘူး... ကျွန်တော် မခံစားနိုင်ဘူး"

"ခဏလေး အောင့်ထားနော်၊ ကျွန်မ ဒဏ်ကြေဆေး သွားယူလာမယ်"

"မဖြစ်ဘူး။ ဒဏ်ကြေဆေးနဲ့ မရဘူး"

သူ့ ထွက်သက် နွေးနွေးက နီးကပ်လှတဲ့ သခွားမျက်နှာလေးပေါ် ကျရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သခွားက သူ့ရင်ခွင်ထဲ ရောက်လာလုမှ သူ့လက်မောင်းထဲက အသာရုန်းမိသည်။

ခြေထောက်နာတာနှင့် မဆီမဆိုင် လူကို တင်းတင်းကျပ်ကျပ် လာဖက်ထားပါလား။

သူ တမင် ဖက်ထားပါလားဆိုတာ သိလိုက်တော့ သခွားမျက်နှာလေး ရက်သွေးဖြာလျက် သူ တစ်ကိုယ်လုံး ပူထူရှိန်းပြီး အနေခက်သွားမိ၏။

"ကျွန်မကို လွှတ်ဦး"

"ခရမ်းကို ချစ်တယ်"

သူက နားနားကပ်ပြောရင်း ပါးပြင်လေးကို တို့ထိ ရှိုက်နမ်းသည်။

"အို . . . ရှင် ဘယ်လိုဖြစ်နေတာလဲ ကိုမိုးရဲ့ ဟိုမှာ တံခါးကြီးလည်း ဖွင့်ထားတဲ့ ဥစ္စာ"

"ဘယ်သူမှ မရှိပါဘူးဗျာ"

ရက်နေတဲ့ ချစ်သူလေးကို မိုးတိမ်တိုက်က မလွှတ်ဘဲ ဆက်ပြီး တင်းတင်းကျပ်ကျပ် တိုးဖက်ပစ်လိုက်၏။

အိတွေးသော ကိုယ်လုံးသွယ်သွယ်လေးမှာ သူ့ရင်ခွင်ထဲ မြုပ်သွားရတော့မတတ်မို့ သခွားမျက်နှာလေးမော့ကာ အသက်ပင် မနည်းရှူရ၏။

ထိုသို့ မျက်နှာလေးမော့မိတော့မှ ပိုဆိုးသည်။



ကိုမိုးရဲ့ မျက်နှာကြီးက သူမကို ထိကပ် နမ်းရှိုက်ဖို့ အသင့် . . ။

"ချစ်တယ် ခရမ်းရယ်"

"ဟင့်အင်း . . . ဖယ်ကွာ"

"ခရမ်းလည်း ကျွန်တော့်ကို ချစ်ပါတယ်၊ ချစ်တယ်မို့လား၊ မညာနဲ့ ချစ်လိုက်ပါဗျာ . . . နော်"

သူက တတွတ်တွတ်ပြောရင်း တစာစာ အဖြေတောင်းရင်းကပဲ သခွားကို မချင့်မရဲ တိုး၍ဖက်ကာ နှုတ်ခမ်းနွေးနွေးတို့က သခွားမျက်နှာအနှံ့သို့ မွှတ်သိပ်စွာ ကျရောက်လာသည်။

သူ့အပြုအမူတွေက ဖြန်းစားကြီးမို့ သခွားမှာ အလန့်တဖျပ် ထူပူပြီး အသက်ရှူ မှားရပေမယ့် သူ့အယုအယတွေက တမြတ်တနိုးနှင့် တရိုက်မက်မက် ဆန့်လွန်းတော့လည်း ရုန်းထွက်ဖို့ ခက်လှသည်။

သူမ အငိုက်တစ်ချက်မိ၍ ငြိမ်သက်သွားစဉ်မှာ သူက နှုတ်ခမ်းငုံလေးကို ကြင်နာစွာ ထိတွေ့သည်။ မကြုံဘူးသော အထိအတွေ့လေးမှာ ခရမ်းရင်တွေ တလှပ်လှပ် ဖိုသွားရ၏။

တိတ်ဆိတ်နေသော ဧည့်ခန်းလေးမှာ နှစ်ဦးသား သတိလက်လွှတ်နှင့် မိန်းမိန်းမူးမူး ကြည်နူးယစ်မူးသွားကြသည်။

သခွားသည် ကိုယ့်အဖြစ်ကိုယ်လည်း မယုံနိုင်၊ အဲဒီခဏမှာ သူ့ရင်ခွင်ထဲက ဘာကြောင့် ရအောင် မရုန်းခဲ့မိသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလည်း ပဉ်းစားမရတော့ပါဘူး။

သခွားက ရှက်ရှက်နှင့် သူ့ရင်ဘတ်မှာ မျက်နှာဝှက်ထိ
သခွားတို့ နှစ်ယောက် မြန်မြန်ဆန်ဆန် ချစ်သူတွေ ဖြစ်သွားပုံက
အိပ်မက်ကလေးတစ်ခုလို ဆန်းကြယ်ပြီး မယုံချင်စရာ ကောင်းလှပ
သည်။

◆ ◆ ◆

ညက မိုးအတော်ရွာလိုက်သဖြင့် မနက်ခင်းမှာ ပတ်ဝန်း
ကျင်တစ်ခုလုံး စိုစွတ်အေးမြပြီး ချမ်းစိမ့်စိမ့် ဖြစ်နေရ၏။

မိုးတိမ်တိုက်က ခါတိုင်း နေ့တွေနှင့်မတူတဲ့ ရင်ထဲ တလှိုက်
လှိုက် ပျော်နေတာမို့ လှေကားကနေ လေကြာလေးချွန်ရင်း ဆင်းလာ
သည်။

အောက်ထပ်ရောက်တာနှင့် သူ ခရမ်းကို ရှာမိ၏။

ဟော . . . တွေ့ပါပြီ။

ဝရံတာမှာ ရပ်နေတာ။ ဂျင်းဂျာကင် နက်ပြာလေးနှင့်
ဆံထက်ကလေးပိုက်ထားကာ ငြိမ်ငြိမ်လေးရပ်နေတဲ့ သဏ္ဌာန်က သူ့စိတ်
ကို လှုပ်ရှားစေပါသည်။

သူတို့နှစ်ယောက်ရဲ့ အခြေအနေက မနေ့ကနှင့် မတူ
တော့ပါ။

အရင်လို သူစိမ်းတွေ မဟုတ်တော့ဘူးလေ။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က နန်းကြီးသုပ်ဝယ်ပြီး ပြန်လာတဲ့ ဒေါ်အေး တစ်ယောက် သူတို့ အခြေအနေ အပြောင်းအလဲကို ရိပ်မိသွား မလား မိုးတိမ်တိုက် စိုးရိမ်ခဲ့ရသေးသည်။

သူမရင်ထဲမှာလည်း စိုးထိတ်နေမှာပဲလေ။

"ခရမ်း"

တိုးဖွသည့်သာသော ခေါ်သံကြောင့် သခွားက ဖြည်းဖြည်း လေး လှည့်ကြည့်၏။

"ကျွန်တော် ညက ကောင်းကောင်း အိပ်မပျော်ဘူး သိလား"

သူမက အိမ်အတွင်းဖက် မလုံမလဲ တစ်ချက် လှမ်းကြည့် သည်။

"ရင်ထဲမှာ တဒိန်းဒိန်း မြည်အောင်ခုန်နေတယ်"

"ဘာတွေ လျှောက်ပြောနေတာလဲ"

"ခရမ်းကို ချစ်တယ်လို့"

"ရှူး ... တိုးတိုး ... ရှင် အဲလို စွပ်ပြောမနေနဲ့လေ သူများတွေ ကြားသွားဦးမယ်"

"ချစ်လို့ ချစ်တယ် ပြောတာပဲ"

"ရှင်နော် ... အနားလာမကပ်နဲ့ သူတို့ ရိပ်မိသွားလိမ့်မယ်"

"ဘာကို ဒီလောက် ကြောက်နေတာလဲဗျာ၊ အပျိုနဲ့ လူပျို ချစ်ကြတာပဲ"



"စိတ်ညစ်လိုက်တာနော်"

"စိတ်ညစ်ရင် ပျော်အောင် ဖတ်ထားလိုက်မယ်"

သူက ရွှတ်နောက်နောက် ပြောင်စပ်စပ် လုပ်နိုင်၏။ သခွား အတော့ ရှေ့ဆက် ဘာတွေဖြစ်လာမလဲ စိတ်မသက်မသာ ရင်မောနေရပါသည်။ ခရမ်းသာ ဒါတွေ သိသွားရင်တော့ မလွယ်။

"ဒီနေ့တစ်ရက် ရုံးလစ်လိုက်ဗျာ၊ ကျွန်တော်တို့ နှစ်ယောက် လျှောက်လည်ရအောင်"

"အို ... ဘယ်ဖြစ်ပါ့မလဲ"

"ဘာလို့ မဖြစ်ရမှာလဲ၊ ချစ်သူတွေဆိုတာ ဒီလိုပဲ တွဲပြီး သွားလာကြတာပဲဗျာ၊ မဟုတ်ဘူးလား"

"ရုံးက လစ်လို့ မရဘူး"

"ဒါဆိုရင် ရုံးအဆင်းကျ ကျွန်တော် လာကြိုမယ်"

"ဟင့်အင်း ... မကြိုနဲ့"

ရုံးကို သူ ခဏခဏ ရောက်လာရင် သခွားကို သခွားရောင် လို့ သူ သိသွားမှာပေါ့။

အနေးနှင့်အမြန် ဝန်ခံပြောပြရတော့မည်ဆိုတာ သခွား သဘောပေါက်နေပေမယ့် ဖွင့်ပြောဖို့ ခက်နေသည်။

ခရမ်းနှင့်လည်း တိုင်ပင်ရဦးမှာပါ။ ချစ်သူတွေ ဖြစ်နေ ပြီဆိုတာ ခရမ်းသိလျှင် သူမကို အကြီးအကျယ် ငိုယိုဆိုး နဲလုပ်ဦးမှာ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



“မရဘူးဗျာ၊ လာကြိုမှာပဲ၊ ဟိုကောင်တွေနဲ့ စိတ်လည်
မချဘူး”

သူက ဖွတ်အတင်း တောင်းဆိုနေသဖြင့် သခွားက
ခေါင်းလေး တခါခါ ငြင်းဆန်နေဆဲ။ ဝရံတာသို့ ခရမ်း ရော
လာသည်။

“ဒီနှစ်ယောက်နော် ဘာတွေ ပြောနေကြတာလဲ”

မိုးတိမ်တိုက်နှင့် သခွားတို့ရဲ့ တစ်မျိုးသော ဟန်အ
အရာတွေကို ခရမ်းက အကဲခတ်သည်။

“ငါလာမှ အသံတိတ်သွားပါလား၊ ဆက်ပြောကြလေ”

“ဘာမှ မဟုတ်ပါဘူး”

သခွားက တိုးတိုးလေး ငြင်းဆိုသည်။

ဒီလေသံဟာ တစ်ခုခုကို ဖုံးကွယ်ထားတဲ့ အရိပ်အယော
ပါတယ်ဟု ခရမ်း ယူဆသည်။

“ကိုမိုး... ထမင်းကြော်ရပြီ၊ စားကြမယ်လေ၊ ကိုမိုး
ဒီမနက်စာ ပဲပြုတ်နိုင်းချင်းနဲ့ ထမင်းကြော် ကောင်းကောင်းလေ
စားချင်တယ်ဆိုလို့ ထမင်းအပူချက်ပြီးမှ ပြန်ကြော်ပေးထားတ
သိလား၊ ဆိတ်ကားကင်လည်း ပါတယ်”

ခရမ်းက သူ့ပဲ ကြော်ထားသလိုလို မျက်နှာလုပ်ပါသည်
မနက်ခင်းစာ ဘာရိတ်ဖတ်စ်ကို အတူတူဆုံပြီး စားနေကျအတိုင်
သုံးယောက်သား ထမင်းစားပွဲရှိရာ အလယ်ခန်းက အကန်လေး



ဝင်လာကြသည်။ အတူထိုင်မိကြစဉ်မှာ ကိုမိုး မျက်လုံးတွေက
ကြည်နူး ရွှန်းတောက် ညို့ရီနေကာ သခွားမျက်နှာလေးဆီမှ
အကြည့် မခွာနိုင်ဘဲ ဖြစ်နေပါသည်။

ဒီနှစ်ယောက်ရဲ့ အမူအရာ ဒီမနက် ထူးခြားနေပါတယ်
ဆင်တဲ့ ခရမ်းရဲ့ သံသယက ပိုပြီး ခိုင်မာလာရသည်။

ချစ်သူချင်း ကြည့်ကြတဲ့ စူးစူးနစ်နစ် တွယ်ငြိတတ်တဲ့
မျက်ဝန်းတွေဆိုတာ ဘေးလူ သိသာအောင် မဖုံးနိုင် မဖိနိုင်
ပေါ်နေတတ်သည် မဟုတ်လား။

ထမင်းကြော် ပူပူနှင့် ဆိတ်ကားကင်အိအိရဲ့ အရသာ
ကိုင်မ့ မှုကာ ခရမ်းက အကဲခတ်ရင်း ရင်တွေ ဗလောင်ဆူနေရပြီး
ကော်ဖီကလည်း လျှာဖျားမှာ ခါတိုင်းထက် ပိုခါးနေသလို
ထင်မိသည်။

ခါးသက်သက်ခံစားမှုက တစ်ကိုယ်လုံး စိမ့်ပျံ့ပြီး ချောက်ချား
ဘုန်လှုပ်စ ပြုလာ၏။ ငါတော့ ကျန်ခဲ့ပြီ ထင်တယ်ဟု အလန့်တဖျပ်
တွေးမိသည်။

သူတို့ချင်း တွေ့တွေ့ထူးထူး စကားပြောနေကြလို့လည်း
မဟုတ်ပါ။ သူတို့နှစ်ဦးသား ခါတိုင်းထက်ပင် ပိုတိတ်ဆိတ်ပြီး
ငြိမ်သနေတယ်လို့တောင် ပြောရဦးမည်။

ဒါပေမယ့် ဘာရယ် မပြောပြတတ်တဲ့ ထူးခြားမှုတစ်ခု
ရှိနေသည်ဟု ခရမ်းစိတ်ထဲ ခံစားမိတာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သခွားက ဘာမှ မဖြစ်ပုံဖြင့် ထမင်းကြော်ကို နှုတ်ခမ်းလေး စေ့ပိတ်လျက် ကြွေရရ စားနေသည်။ မျက်လွှာလေးလည်း စင်းချထားပြီး မျက်နှာချင်းဆိုင်မှာ ရှိနေတဲ့ ကိုမိုးကို မော့ပင် မကြည့်တော့။

ခရမ်းက ပြုံးပြုံးလေးဖြင့် မိုးကောင်းကင်ကို ကြည့်ကာ ...၊

"ဒီနေ့ ကိုမိုး စက်ရုံသွားမှာလား"

"ဗျာ .. အင်း ... သွားမှာ ဘာဖြစ်လို့လဲ"

"ညနေ စောစော ပြန်ခဲ့လို့ရမလားဟင်"

ခရမ်းရဲ့ အီညောင့်ညောင့်အသံကို သခွား အတော် အသည်းယားဏ်။

ဘာလဲဟ ... သူ့ကိုယ်သူ မိုးဟောကိုလိုလို၊ သင်ဇာဝင့်ကျော်လိုလိုပဲများများ အိုက်တင်များများ လုပ်နေပါလား။ 'ရမလားဟင်' မှာ နောက်က ကပ်ပါတဲ့ 'ဟင်' က အသံရှည်ခဲ့ပြီး ချွဲပျစ်နေသည်။

မိုးတိမ်တိုက်က သခွားကို ကမန်းကတန်း လှမ်းကြည့်၏။ ချက်ချင်း မဖြေသေးဘဲ သခွားထံ လှမ်းကြည့်လိုက်တာက ခရမ်း မကျေနပ်။ သူက ဘာမို့လို့လဲ။ ကိုယ့်ရဲ့ ဘုရင်မလို ဖူးဖူး ထွတ်ထွတ် အရေးတကြီးလေး ကြည့်ရတဲ့ အမိပ္ပာယ်က ဘာ တုန်း ... အမြင်ကပ်လိုက်တာနော်။



သခွားကိုကြည့်ပြီးတာနှင့် မိုးတိမ်တိုက်က ဘာဖြေရမလဲ ...စ်ခဏလေး စဉ်းစားလိုက်သည်။

"အဲဒါက ဟိုရောက်မှပဲ ကြည့်ရမှာဗျ၊ ကျွန်တော် မပြော ...တ်သေးဘူး၊ သခွားရောင်မှာ ဘာကိစ္စများ ရှိလို့လဲ မသိဘူး"

"ဘာမှတော့ မဟုတ်ပါဘူး။ သင်တန်းက သူငယ်ချင်းရဲ့ ...နေ့ပွဲ သွားချင်လို့ပါ၊ သူက ထရိတ်ဒါးဟိုတယ်မှာ ဖိတ်ကျွေးမှာ ...တော့ ကိုမိုး လိုက်ပို့ပေးမလားလို့ပါ"

"အင်း ... အဲဒါက ..."

မိုးတိမ်တိုက်က ဆံပင်တွေ တစ်ချက် တို့ဖွရင်း ...

"ထရိတ်ဒါးဆိုတော့ မြို့ထဲဖက်ပဲ၊ ကျွန်တော့်ကားကြီး ...ည်း ဇုံကားကြီး ဖြစ်နေတော့ ပရိုက်မိတ် တက္ကစီ နံပါတ်အနက် ...စ်စီးနဲ့ဆို ပိုအဆင်ပြေမယ် ထင်တယ်"

"တော်ပါပြီ ... ရှင် မပို့ပေးချင်လို့ မဟုတ်လား"

"ဟာ ... အဲလို မဟုတ်ပါဘူး"

မိုးတိမ်တိုက် ကပျာကယာ ငြင်း၏။

သခွားမှာတော့ ခရမ်း တောင်းဆိုပုံကို အံ့အားသင့်ရ ...ည်။

သူ့သူငယ်ချင်း ဘတ်ဒေးရှိတာ သခွားကိုတော့ တစ်ခွန်း ...ား ညနေဆို သခွား ပြန်လာမှပဲ အတူတူသွားလျှင် ရတာကိုပဲ ...ာ အဖော်မရှိသလိုလို ညည်းညူနေတာ။

www.burmeseclassic.com

www.burmeseclassic.com



ကိုမိုးကို မျက်စောင်းလေးချီ နှုတ်ခမ်းလေး ထော်လျှ ကောက်ချိတ်ချိတ် ပုံစံလုပ်နေပုံက သူ့ရည်းစားလိုလို သူနှင့် သက်ဆိုင်သလိုလို။

"မမအင်ကြင်း ဖုန်းဆက်ရင် တိုင်ပြောမှာပဲ"

သူ့စကားကြောင့် သခွားရော မိုးတိမ်တိုက်ရော လှုပ်လှု ရှားရှား ဖြစ်သွားရပါသည်။

"ဟဲ့ . . . ဘာတွေ လျှောက်ပြောနေတာလဲ"

"မသိဘူးလေ၊ တိုင်သင့်ရင်တော့ တိုင်ရမှာပေါ့"

"နင်ကလည်းဟယ် . . . တလေးကျနေတာပဲ"

"ကိုမိုးက မျက်နှာလိုက်တယ်လေ၊ ငါ့ကိုကျတော့ ဘယ် လိုက်မပို့ချင်ဘူး၊ ငြင်းချဖို့ စကားလုံးက သူ့ဆီမှာ အဆင်သင့်"

"ကျွန်တော်က အချိန်မရမှာ စိုးလို့ပါ။ သခွားရော တောင်းတဲ့ အကူအညီ မပေးချင်လို့ မဟုတ်ပါဘူး၊ ကျွန်တော် နားလည်ပါဗျာ"

"ဟွန်း . . . နားမလည်နိုင်ပါဘူး"

ခရမ်းက မကျေမနပ် မျက်စောင်းခဲပစ်လိုက်သည်။

မမအင်ကြင်းလို့ အသံကြားတာနဲ့ သူတို့နှစ်ယောက် ပျာယာခတ်သွားကြမယ်ဆိုတာ သိသွားပဲ။

ခရမ်းကလည်း အညှာကိုမှ ကိုင်လှုပ်ပစ်မှာပေါ့။

ဘာရမလဲ။



"လိုက်ထရပ်စ်နဲ့ပဲ သွားချင်တယ်ဆိုရင်တော့ ပို့ပေး ရမှာပေါ့"

"ဟင့်အင်း . . . မရပါဘူး၊ ကိုမိုးပါ လိုက်ခဲ့ရမှာ၊ ကျွန်မ က သူတို့ကို ပြောပြီးသား၊ ငါ့အစ်ကို ပါလာမှာလို့ ကြွားထား တာ"

ခရမ်းက မိုးတိမ်တိုက် လိုက်လျောသောအခါ နောက် တစ်ဆင့် တက်လာပါသည်။

"ဟာဗျာ၊ အဲဒါတော့ မလုပ်နဲ့၊ ကျွန်တော်နဲ့ မှုခင်ဘဲ ပွဲတွေ ဘာတွေ မတက်ချင်ဘူး၊ အဲဒါတစ်ခုတော့ ခွင့်လွှတ်ပါ သခွားရောင်၊ တကယ်လို့ သခွားရောင် အဖော်လိုရင် ခရမ်း ရှိသားပဲ၊ ညပွဲဆိုရင် ခရမ်းလည်း ရုံးက ပြန်လာပြီးပဲ အတူတူ သွားလို့ ရတာပေါ့ မဟုတ်ဘူးလား"

သူက ဒီဖက်လှည့်ကာ တိုင်ပင်သလို ပြောပါသည်။

"ကိုမိုး မသိဘူး၊ သူက ပွဲလမ်းဆို ပိုတောင် ရှောင် သေးတယ်"

"အမယ် . . . ငါ ဘယ်မှာ ရှောင်လို့လဲ၊ နင်က မခေါ် တာပါနော်၊ ဟိုတစ်ခါ နင် ချုပ်ပေးထားတဲ့ အိုးပီးနှင်း ဒရက်စ်လေး မဝတ်ရသေးတာ ရှိတာပဲ၊ အဲဒါလေးဝတ်ပြီး လိုက်ခဲ့မယ်၊ ကြွေရော မဟုတ်လား၊ ကိုမိုးကို သွားပြီး ဦးနှောက် မစားစမ်းပါနဲ့ဟာ၊ သူက အလုပ်များတဲ့ ဥစ္စာ"

www.burmeseclassic.com



"အေးဗျာ ... ခရမ်းပြောတာ အဆင်ပြေသားပဲ၊ သခွားရောင်ကို ကျွန်တော် အားတော့ နာပါတယ်၊ စိတ်မဆိုးပါနဲ့"

"ဆိုးမှာပဲ ... ဟွန်း"

"ဟောဗျာ"

"မမအင်ကြင်းမေးရင် သူက အားနာတတ်တဲ့သူလို့ ပြောလိုက်မယ်"

"အဟား ... သခွားရောင်ကတော့ ကြပ်ပြီဗျာ"

မိုးတိမ်တိုက်က ရှယ်ရယ်မောမော စကားကို လျော့ချပစ်၏။ မတော်တဆ မမအင်ကြင်းဆီကနေ အန်ကယ်လ်ကျော်ဆီ ရောက်သွားပြီး အန်ကယ်လ်ကျော်က သူ့ဆီ ဖုန်းဆက်လာလျှင် မလွယ်၊ ကိုကြီးမိုးကောင်းကင်ဆီက ဘာမှ အစီအစဉ် ထပ်ထွက်မလာသေးဘဲ သူ့ဖက်မှာ အတိမ်းအစောင်း ပြဿနာ မရှိစေချင်။

ချစ်သူလေး အထင်လွဲခံရမှာလည်း စိုးရိမ်ရသေးသည်။

သူ့အခြေအနေက မလှုပ်သာ မရှန်းသာ။

သခွားရောင် စကားတွေကြောင့် ခရမ်းစိတ်ပြောင်းသွားမှာ၊ သူ့ခရမ်းလေး စိတ်ငြိုငြင်မှာ မိုးတိမ်တိုက် လန့်နေသည်။

ချစ်သူဖြစ်ကြတာတောင် နှစ်ဆယ့်လေးနာရီ မပြည့်သေးဘူးလေ။

သူတို့ချင်း ဘာမှလည်း သေသေချာချာ မဆွေးနွေးရသေး။



ခရမ်းသာ သူ့ကို မိုးတိမ်တိုက်မှန်း သိသွားရင် စိတ်အနှောင့်အယှက်ကင်းကင်း ချစ်နိုင်မှာဟု သူထင်သည်။

မိုးတိမ်တိုက် အထင်က သူ့ဖက်မှာပဲ လိမ်ညာ ဟန်ဆောင်ထားတာ ရှိနေတယ်လို့ ထင်တာ။

ဒီပြစ်ချက်ကြောင့်ပဲ သူ အစစအရာရာ တွန့်ဆုတ်တွေဝေနေရတာ။

သခွားအနေနှင့်ကျတော့လည်း ကိုယ် သခွားအစစ်ဆိုတာ ဖွင့်ဟပြောဖို့ မဝံ့မရဲ ဖြစ်နေရပါသေးသည်။

ဒီကိစ္စအတွက် ကိုမိုးက ခွင့်လွှတ်ရင်တောင် ခရမ်းကတော့ ကိုယ့်ကို ပေါက်ပေါက်ကွဲကွဲ စိတ်ဆိုးရန်တွေ့တော့မှာပဲ။

အချစ်ကြောင့် တစ်ခါတစ်ရံတော့ ရန်ဖြစ်ချင်လည်း ဖြစ်ရဦးမှာပေါ့လေ ... မတတ်နိုင်ပါဘူး။

ခရမ်းရဲ့ တုန့်ပြန်မှုကို ခံယူဖို့ ကြိုတင် အားမွေးနေရပါသည်။

ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းတော့ ပြောကို ပြောမှ ဖြစ်တော့မည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

မိုးတိမ်တိုက်က စက်ရုံဝင်းထဲက ကိုယ်ပိုင်ရုံးခန်းလေးသို့ ရောက်လျှင် နက်ခတိုင်ကို ဖြေ၍ တင်းကြပ်နေသော ရှပ်အင်္ကျီရဲ့ အပေါ်ကြယ်သီးတစ်လုံးကို ဖြုတ်ပစ်လိုက်ပါသည်။

"ဂူး…"

လေပူတစ်ချက် မှုတ်ထုတ်၍ ဆုံလည်ခုံမှာ ထိုင်လိုက်သည်။

ကိုမိုးကြီးဆီကလည်း ဘာဖုန်းမှ မလာ။

သူပဲ ဆက်သွယ်လိုက်ရကောင်းမလား။

မနေ့က ရည်းစားရသွားလို့ ရင်ခုန်မြန်ပြီး မေ့နေတဲ့ ခြေထောက်က ထိခိုက်မှုကလည်း ဒီနေ့မှ သိသိသာသာ ပြန်နာလာသည်။

"အား… ကျွတ် … ကျွတ်"



ခြေဆစ်ကို သွားဖိကြည့်တော့ မခံနိုင်။

အင်း … အိမ်ပြန်ရောက်မှ ဒဏ်ကြေဆေး တစ်ခုခု လိမ်းကြည့်ရမှာပဲ …။ ခရမ်းကတော့ လိမ်းပေးမယ်လို့ ပြောသား။

ဒါပေမယ့် အိမ်မှာ ဒေါ်ဒေါင်းရော၊ သခွားရောင်ရော ရှိနေတော့ အကြည့်ချင်းဆုံရတာတောင် မလွတ်မလပ်နဲ့ သတိဆွဲထားရတာ။

ဒီလိုတော့ မဖြစ်သေးပါဘူးကွာ…။

မိုးတိမ်တိုက်ဆိုတာ မြန်မြန် အသိပေးချင်နေပြီ။

ကိုမိုးကြီးဆီကလည်း ဘာမှ အော်ဒါ ထွက်မလာသေးတော့ သူ့မှာ ဒီတိုင်းပဲ ငြိမ်နေရသေးသည်။

အေးလေ… ဒီတစ်ပတ်တော့ သူမဆက်ရင် ငါ ဆက်ရမှာပေါ့။

ရန်ကုန်ရောက်နေတာလည်း တစ်လကျော်သွားပြီမို့လား။ စိတ်ထဲမှာ ခရမ်းကို ပြင်းပြင်းထန်ထန် သတိရမိ၏။

ချစ်သူ ပူပူနွေးနွေးလေးနှင့် စကားလက်ဆုံတောင် ကျခွင့်မရသေးပါလား။

မနက်ကလည်း သခွားရောင်ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရသေးသည်။ ခရမ်း မျက်စိမျက်နှာပျက်နေတာလေးကိုလည်း သူ သနားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချစ်ဖို့ ဘယ်လောက်များ စွန့်စားရရှာမလဲ။

ခရမ်းရဲ့စိတ်ကို သူ နားလည်ပါသည်။ သူငယ်ချင်းနှင့်လည်း မျက်နှာမပျက်ချင်ဘူးပေါ့။

မနက်က ထွက်လာတော့ တစ်ယောက်နှင့်တစ်ယောက် စကားတစ်လုံးမှပင် မပြောရ။

မျက်လုံးချင်းသာ နှုတ်ဆက်ကြရပြီး သူကလည်း စက်မှုရုံကို ထွက်လာ၊ ခရမ်းကလည်း သူ့ကုမ္ပဏီဖယ်ရီပေါ် သူ တက်သွားဆိုတော့ မိုးတိမ်တိုက် အလုပ်တွေသာ လုပ်နေရသည်။ ရင်ထဲက အလိုမကျ ဘဝင်မကျ ဖြစ်နေရပါသည်။

ညနေပြန်တော့လည်း လွတ်လွတ်လပ်လပ် ပြောခွင့် ဆိုခွင့် ရှိဦးမှာမဟုတ်။

ရုံးအဆင်း သွားကြိုမှပဲ ဖြစ်မည်၊ ဒါပေမယ့် ရည်းစားက မလာနဲ့ချည်း တားမြစ်ထားသည်။

မိုးတိမ်တိုက် ရင်မှာ ဂဏှာမငြိမ်လှပါ။

သူသည် နောက်မှ သတိရကာ ခရမ်းတို့ရုံးကို ဖုန်းဆက်ကြည့်ဖို့ အကြံရလာသည်။

ခရမ်းဆီက ဖုန်းနံပါတ် မတောင်းထားမိ၍ စုံစမ်းရပါသေးသည်။ ဖုန်းနံပါတ်ရပြီဆိုမှ သူ ရုံးခန်းဖုန်းကို ခေါ်လိုက်ပါသည်။

"ဟဲလို... အမိန့်ရှိပါရှင်၊ ယူအက်စ်အမ် ကုမ္ပဏီကပါ"

ဖြေသံချိုချိုလေး တစ်ခု ကြားရ၏။



"ခရမ်းနဲ့ ပြောချင်လို့ပါ"

"ရှင် ... ဘယ်က ခရမ်းလဲ"

"အဲဒီ ယူအက်စ်အမ်ကပဲလေဗျာ"

"မာကက်တင်းကလား"

"အဲဒါတော့ မသိဘူးဗျ"

"ဒီရုံးမှာတော့ ခရမ်းဆိုတာ မရှိဘူး၊ မိန်းကလေးလား၊ ယောကျ်ားလေးလား"

"မိန်းကလေးပေါ့ဗျ၊ မခရမ်း... ဆံပင်ရှည်ရှည်လေးနဲ့ ခင်ဗျားတို့ရုံးမှာ အချောဆုံး မိန်းကလေးလို့တောင် ပြောလို့ရတယ်"

မိုးတိမ်တိုက်က စိတ်မရှည်တော့ဘဲ ဘုကျကျ ဆိုလိုက်ပါသည်။

"ဪ ... ဆံပင်ရှည်နဲ့လား၊ ဆံပင်ရှည်တာက သခွားရောင်နဲ့ မငယ်နဲ့ပဲ ရှိတာ"

"ဟာ ... ခင်ဗျားကလည်း ဘာသခွားရောင်လဲဗျ၊ သခွားရောင်ဆိုတာ အဲဒီ ခရမ်းရဲ့ သူငယ်ချင်းပါ၊ ခင်ဗျား မှားနေပြီ"

"အောင်မယ် ... ကျွန်မဘာလို့ မှားရမှာလဲ၊ ဒီမှာ သခွားရောင်ပဲ ရှိတယ်"

"ခင်ဗျားတော့ မဟုတ်တော့ပါဘူး"

"ရှင်သာ အူကြောင်ကြောင်နဲ့ ကိုယ့်မိတ်ဆွေကို နာမည် သေချာမသိတာ"

www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေ မဟုတ်ဘူးဗျ"

"ရှင်"

ချစ်သူဟု သူ့နှုတ်က ပိုင်ပိုင်နိုင်နိုင် ကြေညာလိုက်မိတော့မယ်။

မိုးတိမ်တိုက်က နှုတ်ခမ်းတစ်ချက် ကိုက်ကာ ခေါင်းယမ်းမိပြီးမှ . . .

"ကဲ . . . ကြာတယ်၊ အဲဒီ သခွားရောင်ပဲ ခဏ ခေါ်ပေးဗျာ"

"သခွားရောင် အခု မရှိဘူး"

"ဘယ်သွားလဲ . . သူက"

"မန်နေဂျာနဲ့ ဘဏ်ကို လိုက်သွားတယ်"

"မန်နေဂျာနဲ့"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့ မန်နေဂျာက ဘယ်သူလဲ၊ ယောက်ျားလား မိန်းမလား"

"မမသဖင်ပါ . . . ရှင်သိလို့လား"

"မသိပါဘူး၊ မေးကြည့်တာ၊ အဲဒီ သခွားရောင်က ဘယ်အချိန် ပြန်ရောက်မှာလဲ"

"ဒါတော့ ကျွန်မ မသိဘူး၊ ပြန်ရောက်ရင် ပြောထားပေးရမလား"



"ကိစ္စမရှိပါဘူး၊ ကျွန်တော် ပြန်ဆက်လိုက်မယ်"

ခေါက်ဖုန်းကို ပြန်ပိတ်ပြီးနောက် မိုးတိမ်တိုက် စိတ်ရှုပ်ရှုပ်နှင့် ...ာ်ခုံးကို ရှုံ့ထားမိ၏။

ခရမ်းကို သခွားရောင်တဲ့၊ ဘာကြောင့် ဒီလို မှားရတာလဲ။

ပထမတော့ သူ လုံးဝ မစဉ်းစားမိ။ နောက်မှ ရေးရေး ...ါလာတာက ပထမဆုံး သခွားရောင်တို့ အိမ်ကို သူ စုံစမ်းတဲ့ ...နကပဲ။

စတိုးဆိုင်လေးမှာ သခွားရောင်တို့အခန်း ဘယ်အခန်းလဲ ...ွားမေးတော့ . . .

သူ့ကို ဆံပင်ရှည်ရှည်နဲ့ အစ်မကြီးလားဟု ကောင်မလေးက ...န်မေးခဲ့တာ အမှတ်ရသည်။

သူက မသိဘူးဟု ဖြေခဲ့သည်။ သူမှ မသိတာ။

ကိုမိုးကြီးဆီမှာ ဓာတ်ပုံတွေ ဘာတွေ ရှိသလားတော့ ...ပြောတတ်။

သူလည်း တောင်းယူ မကြည့်ခဲ့ပါ။

အဲဒီ ရောက်ရောက်ချင်းနေ့က ဆံပင်ရှည်ရှည် မိန်းကလေး ...ာ လှေကားက ပြေးဆင်းလာပြီး သံပန်းတံခါး ဖွင့်ပေးတော့ သူက ...ခွားရောင်လား မေးခဲ့တာပဲ။

ခရမ်းကိုယ်တိုင်က သူက သခွားရဲ့သူငယ်ချင်း ခရမ်းဆို ...ဖြေခဲ့တာပဲ။

www.burmeseclassic.com

www.burmeseclassic.com



ကျွတ် . . . ခေါင်းတွေတောင် ထူပ်သည်။

ဒီနာမည်နှစ်ခုကို ပတ်ဝန်းကျင်က သချော မသဲ

တာလား။

မဖြစ်နိုင်ပါ။ ရုံးက ဖုန်းကိုင်တဲ့ ကောင်မလေးက

မမှားလောက်ပါဘူး။

ဒါဆိုရင် မှားနေတာက သူလား။

ဒေါ်ဒေါင်းကလည်း သူရောက်စရက်တွေက သဌား

ခရမ်းကို ခဏခဏ မှားခေါ်သည်။

နောက်ပိုင်း ခရမ်း သဌားရေဟု ပူးတွဲခေါ်တတ်တာက

သူ ပြန်ကြားယောင်မိသည်။

သူ ဒေါ်ဒေါင်းကို ခရမ်းအကြောင်း တစ်ခုခု မေးလိုက်

လည်း ဒေါ်ဒေါင်းက သူ့နားက မြန်မြန်လစ်ပြေးတာလည်း ကြ

သည်။

ခရမ်းက လျှောက်မပြောရဘူး မှာထားလို့လားပဲ သူ

တွေးပြီး ပြုံးစိစိ ဖြစ်ခဲ့သေးတာ။

အခုတော့ သူမတို့ နှစ်ယောက်မှာလည်း လျှို့ဝှ

ချက်ဆန်ဆန် ဖြစ်နေပါလား။

သူ ချစ်မိတဲ့ ကောင်မလေးဟာ တကယ်ပဲ သဌားရေ

လား . . .။

ဒါဆိုရင် သူနှင့် ကိုမိုးလိုပဲ လူချင်းချိန်းထားတာလာ



မိုးတိမ်တိုက် ရင်ခုန်သံတွေက တဒိတ်ဒိတ် မြည်အောင်

ရွာ၍ မြန်ဆန်လာပါသည်။

သူ ချစ်မိသွားတာဟာ တကယ်ပဲ မမအင်ကြင်းရဲ့ ညီမ

သဌားရောင်ဆိုတာပဲလား။

ရှင်းရှင်းလင်းလင်း တိတိကျကျ သူ သိချင်လာမိ၏။ ဒီကိစ္စ

အဖြေရှာဖို့လည်း လိုလာပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

သခွားရောင် ရှိပါသလား ခင်ဗျာ''

''ရှိပါတယ် ဟိုဖက်ခန်းမှာပါ''

ရုံးဆင်းခါနီးဆဲဆဲမှာ မိုးတိမ်တိုက်က အပြင်က မစောင့်

ရုံးခန်းထဲထိ ဝင်သွားလိုက်သည်။

သူတို့ ညွှန်ပြတဲ့ စားပွဲများရှိရာ သူ လျှောက်လာလျှ

သူမက သူ့ကို အလန့်တကြားလေး လှမ်းမြင်သွားပါသည်။

''ဟင် ... ကိုမိုး''

သူမကို ဒီစားပွဲနား အရောက်အထိ သွက်သွက်လက်လ

ဝင်ခေါ်လိမ့်မည်ဟု သခွားမထင်။

သူမကြောင်အမ်းလျက် ရပ်ကြည့်နေမိသည်။

မိုးတိမ်တိုက်ကလည်း မဆိုင်းမတွပင် သူမအနား

ပိုင်စိုးပိုင်နင်း ကပ်လာပါသည်။



သူမရဲ့ လည်မှာ ချိတ်ဆွဲထားတဲ့ ဝန်ထမ်းကဒ်ကလေး

ာ အမည်ကို အမြန်ဖတ်သည်။

THAKHOE YAUNG တဲ့။

ဟာ ... ဒါဆို သခွားရောင်ပဲပေါ့။

သခွားကလည်း ကိုမိုးအကြည့်ကို သတိပြုမိကာ ကဒ်

ာလေးကို ဖုံးအောင် ဆံပင်ရှည်ရှည်တွေ မြန်မြန် ရှေ့ဖက် ဆွဲယူပြီး

ွယ်လိုက်ပါသည်။

''ကိုမိုး၊ ကားနားကပဲ စောင့်နော်၊ ကျွန်မ သိမ်းစရာရှိတာ

လေးတွေ သိမ်းပြီးရင် ထွက်လာခဲ့မယ်''

မတတ်နိုင်ပါ။

သူ့ကို နှင်လိုက်ရ၏။

''အိုကေ ... အိုကေ''

သူက ဒါပဲပြောပြီး ပြန်လှည့်သွားပါသည်။ ရပြီလေ၊ ကိုယ်

သိချင်တာ သိလိုက်ရပြီပဲ။

သခွား ... သခွား ခင်ဗျားလည်း ကျွန်တော့်ကို ပေါ်တင်

ညာသားပဲဗျာ ... ကြည့်စမ်း။

သခွားက ဒီဖက် မြန်မြန်လှည့်ပြီး အရင်ဦးဆုံး ကဒ်ကို

ဖြုတ်သိမ်းကာ အိတ်ထဲ ကမန်းကတန်း ထည့်ရသည်။

ဘုရားရေ ... သူ ရိပ်မိသွားပြီ ထင်တယ်။

ရင်တွေက တဒိတ်ဒိတ် တုန်လာရ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်မပြောရခင် သူ သိရှိသွားတာဟာ သခွားအတွက် ကောင်းတဲ့ လက္ခဏာတော့ မဆောင်နိုင်ပေ။

လက်တစ်လုံးကြား လှည့်စားရမဟော။

အရှုံးလုပ်ရမလားဟု သူ အပြစ်တင် ကြိမ်းမောင်းရင်ထော ပြဿနာပဲ။

မနေ့ကမှ ချစ်ပြီး၊ ဒီနေ့ ပြဿနာဖြစ် လမ်းခွဲကြတယ် ဆိုရင် နှလုံးသားက ဘယ်လို ခံနိုင်ရည် ရှိပါ့မလဲ။

သိမ်းစရာ ရှိတာသိမ်း။ ရှင်းစရာရှိတာ ရှင်းနေရင်း သခွား ခေါင်းထဲမှာ ဒါပဲ ထပ်ပြီး တွေးနေမိသည်။

မတတ်နိုင်ပါဘူး။

အမှန်အတိုင်းပဲ ရင်ဆိုင်ရမှာပေါ့။

သူ မေးလာရင် သခွားက သခွားအစစ်ပဲဆိုတာ ရှင်း လိုက်တော့မည်။

ထိုသို့ ဆုံးဖြတ်လိုက်မှသာ တုန်တုန်ယင်ယင်ကြီး ဖြစ်နေတဲ့ သခွားရဲ့ နှလုံးခုန်သံတွေက နည်းနည်း ငြိမ်သက်သွားရသည်။

သူ့ကားနားသို့ ဖြေးညှင်းစွာ လျှောက်လာသော သခွား ရဲ့ ခြေလှမ်းတွေက ခါတိုင်းလို မတက်ကြွဘဲ တုန့်နှေးနှေး ဖြစ် ရသည်။

သူက ကားတံခါး အသင့်ဖွင့်ပေးသည်။

မျက်နှာက မှုန်တည်နေပေမယ့် သခွားကို ဘာမှ မပြော



သခွား ကားပေါ်ရောက်လျှင် ဟိုတစ်ခါကလိုပဲ တံခါးကို ဂရုတစိုက် ပြန်ပိတ်ပေးသည်။

မိုးတိမ်တိုက်သည် အတော်ကြီး စိတ်မသက်မသာနှင့် မှုန်းကျုပ်နေရ၏။

ခရမ်းဟာ သခွားရောင် အစစ်ဖြစ်တယ်ဆိုလျှင် ဒါဟာ သူမရဲ့ နေရာအမှန်ပင်။

သူမက နေရာအမှန်ကနေ မိုးကောင်းကင်ဆိုတဲ့ လူ တစ်ယောက်ကို အဖြေပေးတာ။ ချစ်ခဲ့တာ။

သူကသာ တကယ်တမ်း နေရာအမှား။

မိုးတိမ်တိုက်က ကားကို စက်နှိုးမောင်းထွက်လာရင်း သက်ပြင်းတစ်ချက် ခိုးရှိုက်မိ၏။

ရင်တွေ မောလိုက်တာကွာ။

ကိုကြီးမိုးရဲ့ ဖုန်းလောင်းကို မရိုးမသား တစ်ချက်ကလေး တောင် မကြည့်ပါဘူး။ ဘာဘာညာညာ စိတ်မကူးပါဘူး။ ပစ်မှား မိတော့ အဝေးကြီးဆိုပြီး စိတ်ဆုံးဖြတ်လာခဲ့တာ။

အခုတော့ သွားပြီ။

သူ ဖျပ်ဖျပ်လူးလူး အရှုံးအမှုံး အသည်းအသန် ရူးရူးနှစ်နှစ် ကြီး ချစ်မိသွားတာ မမအင်ကြင်း ညီမတဲ့... သခွားရောင်တဲ့

ကျွတ်... ငါကွာ... ငါ ဘာလုပ်ရမှာလဲ။

အခုမှတော့ မချစ်ဘဲလည်း မနေနိုင်။

www.burmeseclassic.com

www.burmeseclassic.com



အနံကာယ်လ်ကျော် ဘယ်လို အပြစ်တင်တင်၊ မမအင်ကြင်း ဘယ်လို ဒေါသထွက်ထွက်၊ ကိုမိုးကြီး သူ့ကို ဘယ်လို စိတ်ဖြူ အထင်သေးသေး သူ ဘာကိုမှ ဂရုမစိုက်ချင်တော့ပေ။

သူသိတာကတော့ သခွားရောင်ကို သူ ပိုင်ဆိုင်ချင်တာပဲ မြတ်မြတ်နိုးနိုး ချစ်ခဲ့မိပြီမို့ ပျက်စီးဆုံးရှုံးမှာ၊ ဝေးကွာရမှာ သူ မတွေးရဲတော့ပါ။

"ကျွန်တော်တို့ တစ်နေရာမှာ အေးအေးဆေးဆေး စကား ပြောကြရအောင်"

သူ့စကားသံက အေးစက်ပြတ်သားနေသည်ဟု သခွား ထင်ကာ လန့်ဖျပ်မိပြီး ...

"ဟင့်အင်း ... အိမ်ကိုပဲ မောင်းပါ ကိုမိုး၊ အိမ်မှာ တို့ တစ်ယောက်က အလုပြင်ပြီး အခင်းသင့် စောင့်နေမှာ၊ ကျွန်မလည်း အရမ်းအိုက်နေတယ်၊ ရေချိုးချင်ပြီ နောက်နေ့ အချိန်ရမှ တစ်နေရာ သွားကြတာပေါ့"

"ကောင်းပြီလေ ... ဒါဆိုရင်လည်း မေးစရာရှိတာတွေ ကျွန်တော် မမေးသေးဘူး၊ ခင်ဗျားလေးလည်း ကြိုပြီး စဉ်းစား ထားလိုက်ပါ"

သူက ခင်ဗျားလေးဟု နာမ်စားသုံးသည်။

ခရမ်းလို့လည်း မခေါ်။

သခွားလို့လည်း မခေါ်။



သူ့မျက်နှာကိုကြည့်ပြီး သခွားမှာ အတော်အားငယ် ရပါသည်။

သူသည် မီးပွိုင့်တစ်ခုအဝင်မှာ စီးကရက်ဗူးကို ဆွဲယူ၍ တစ်လိပ် ထုတ်ယူကာ ထောက်ခနဲ မီးညှိရှိုက်ဖွာလိုက်သည်။

သခွားဆီခွင့်လည်း မတောင်း။

ခါတိုင်းဆို သခွားနားမှာ သူ ဘယ်မှာ စီးကရက် သောက်လို့လဲ။

ဒါက အရေးမစိုက်ပုံ ဖမ်းပြီး အရွဲ့တိုက်တာလား။

သခွားက မှုန်တင်းတင်းလေး ကြည့်နေတော့ သူက သခွားဖက် တမင် စီးကရက် မီးခိုးမှုတ်ထုတ်လိုက်ကာ မရယ်မပြုံးဘဲ စကားတစ်ခွန်း ဆိုသည်။

"ခင်ဗျားလေးကို သိပ်ချစ်တာပဲ"

သူ့အပြောလေးကြောင့် သခွားရင်မှာ ဖိုကနဲ နွေးသွား ရလျက် ပြောမပြတတ်အောင် ကြည်နူးလှိုက်ခုန်သွားမိ၏။

သူက မီးပွိုင့်ကြီးမှာ သခွားခံနွယ်လေးတွေကို တယုတယ ကိုင်တွယ်ပွတ်သပ်လိုက်သဖြင့် မနေတတ်အောင် ရှက်သွားမိ သည်။

ဘေးနားက ကားတွေကများ မြင်သွားသလား မလုံမလဲ ဘေးဘီကို ကြည့်မိစဉ် သူက အတင့်ရဲစွာ သခွားပါးလေးကို ရှုံ့ခနဲ အမြန် ခိုးနမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



အနမ်းဆိုပေမယ့် ရှပ်ကနဲလေး ထိရုံထိတာပါ။

"ကျွန်တော့်အချစ်က ဘာကြောင့်မှ ပြောင်းလဲမှာ မဟုတ်ဘူး။ အဲဒါတစ်ခုတော့ ယုံထားပါ"

"ကားမောင်းတာ အေးအေးဆေးဆေး မောင်းတာ မဟုတ်ဘူး။ ဘယ်လိုဖြစ်နေတာလဲ မသိဘူး"

သခွားက ရှက်ရိပ်စွန်းသော အမူအရာလေး မပွင့်တပွင့် ညည်းညူ၏။

"ချစ်ချင်နေတာလေ"

"သွား"

သခွားက မျက်စောင်းခဲကာ မျက်နှာလေးတစ်ဖက် လွှဲသွားချိန် မီးကလည်း ပြန်စိမ်းပြီမို့ သူက ကားကို မောင်းထွက်လာခဲ့၏။

သူ့ဆီက ခင်ဗျားလေးကို ချစ်တယ်ဟု ထပ်ပြောတာ ကြားရတာဟာ မနေ့တုန်းက ခရမ်းကို ချစ်တယ်လို့ နာမည်မှားကြီး တပ်ပြီး ချစ်ရေးဆိုခံရတာထက် အများကြီးပဲ ပိုမို စိတ်ချမ်းသာစေပါသည်။

ပွလောင်နေသော သခွားနှလုံးသားက အခုမှပဲ ချမ်းမြေ့ငြိမ်းအေးသွားရသည်။

ကျေးဇူးတင်ပါတယ် ကိုမိုးကောင်းကင်ရယ်...။

ကျွန်မဟာ ဘယ်သူဘယ်ဝါ ဖြစ်ဖြစ်၊ ဘယ်အခြေအနေမှာ ဘယ်လိုရှိရှိ ရှင်ဖက်က ချစ်တဲ့ အချစ်က မပြောင်းလဲဘူးဆိုရင် ပြီးပြီပေါ့။

ကျွန်မ လိုချင်မက်မောတာကလည်း ဖြောင့်မတ်စစ်မှန်တဲ့ အဲ့ဒီအချစ်... ရှင့်ရင်ထဲက အချစ်ကိုပါပဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ခရမ်းသူငယ်ချင်းရဲ့ မွေးနေ့ပွဲပြီးလို့ ဟိုတယ်ထဲက ပြန်အထွက်မှာ ခရမ်းက သူ့ဘော်ဒါတွေနှင့် နှုတ်ဆက်လို့ မပြီးတော့တာမို့ သခွားက စိတ်မရှည်ဘဲ ရှေ့ကနေ ကြိုထွက်လာလိုက်သည်။

ဟိုတယ်ကြီးရဲ့နံဘေးက ကားစတန်းမှာ ကိုမိုးက စောင့်နေမှာလေ။

တစ်ယောက်တည်း စောင့်နေရတာကို အဲဒီ ခရမ်းတစ်ယောက်က အားမနာတတ်ပါဘူး။ ဘာမှန်းလည်း မသိ။

သခွားကတော့ ကိုယ့်ချစ်သူတစ်ယောက်တည်း ကားထဲက စောင့်ပြီး ပျင်းပေါင်ပေါင်ဖြစ်နေမှာ သနားစိတ်ဖြင့် မြန်မြန်သွက်သွက် လျှောက်လာခဲ့သည်။

မိုးတိမ်တိုက်က ချစ်သူလေးရဲ့ ဖက်ရှင်ကျကျ သားနားလှပဝင့်ကြွားနေပုံလေးကို ချစ်စနိုး လှမ်းငေးကြည့်နေမိသည်။



စီးကွင့်တွေ၊ ကျောက်ရောင်စုံတွေ စီခြယ် ချုပ်လုပ်ထားသော မြင်းချေးရောင် မှောင်မှောင် ဂါဝန်ရှည်ရှည် ကိုယ်ကျပ်လေးဟာ သူမရဲ့ ပြေပြစ်သော ကိုယ်လုံးလေးကို ပိုမို ထင်ရှားစေသည်။

တကယ့်ကို မော်ဒယ်လ်ကောင်မလေးချောချောနှင့် တူသည်။

ဂါဝန်က ပခုံးလေးကိုလွှတ်ပြီး ချုပ်လုပ် ဖန်တီးထားတဲ့ ပုံစံမို့ နူးညံ့သော အသားစိုင်ဝင်းဝင်းနုစ်နုစ်၊ တင်းတင်းပြေပြေလေးက မျက်စိမလွှဲနိုင်အောင် ဆွဲဆောင်မှု ရှိနေသည်။

လည်တိုင်လေးက ကြော့ဖတ်ပြီး ချောမွတ်နေသလို ပခုံးလေးကလည်း ကုပ်မနေဘဲ ကိုယ်နေဟန်ထားကိုက ကြည့်ကောင်း စတိုင်လ်ကျတာ။

လျှောက်လာတဲ့ပုံ ခြေလှမ်းတာ လက်လွှဲတာလေးက အစ ငေးချင်စရာ ကောင်းနေတော့တာပဲ။ ခွာချွန်ကြိုးသိုင်း ဖိနပ်လေးစီးထားပေမယ့် ခြေလှမ်းက မြန်ဆန်နေသည်။

မိုးတိမ်တိုက်ရဲ့ ကြိုတင် ပြုံးငေးကြည့်နေဟန်ကြောင့် သခွားက လှမ်းပြုံးပြရင်း ခြေလှမ်းနည်းနည်း နှေးသွားရသည်။

“စောင့်နေရတာ အကြာကြီးပဲနော်၊ ပျင်းနေပြီလား”

“ရပါတယ် မပျင်းပါဘူး”

“ဟိုမှာ စကားပြောလို့ ကောင်းတုန်း၊ သူက အားမနာတတ်ဘူး ကိုမိုးရဲ့”

www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူးဗျာ၊ ခင်ဗျားလေး အဲလို သိတတ်တာပဲ ကျေနပ်ပါပြီ၊ ကားပေါ်တက်လေ"

သူနှင့် သခွားက ကားပေါ်ထိုင်ရင်း ခရမ်းကို စောင့်ကြပါသည်။

ထိုအချိန်မှာပဲ နံဘေးက ပရီဆီကား မီးခိုးရောင်ကို သော့လာဖွင့်တဲ့ ပိန်ပိန်ရှည်ရှည် လူရွယ်တစ်ယောက်က ကိုမိုးကို မြင်သွားပြီးလျှင် အားရဝမ်းသာ . . .

"ဟာ . . . မိုးတိမ်တိုက်၊ ယောက်ဖကြီးရော၊ မင်း ဘယ်တုန်းက ရန်ကုန် ရောက်နေတာလဲ"

အော်[illegible]ယ်ကျယ် နှုတ်ဆက်သံကြောင့် မိုးတိမ်တိုက် လှည့်ကြည့်လိုက်တော့ မန္တလေးက ငယ်သူငယ်ချင်း သောင်းမြင့် ဖြစ်နေ၏။

"မကြာသေးပါဘူးကွ မင်းရော"

မိုးတိမ်တိုက်က နှုတ်ကဖြေရင်း ကားတံခါးကို မြန်မြန် ဖွင့်ဆင်းလိုက်ရသည်။ ဒီကောင်က လျှာရှည်တတ်ပါဘိသနဲ့။

"ငါ တစ်နေ့က ရောက်တာ၊ မင်းရော အလုပ်ကိစ္စပဲလား။ ကိုမိုးကြီးရော နေကောင်းလား၊ ကိုမိုးကြီးသတင်းတွေ ငါ ကြားတယ် နော်၊ ဟော့ကောင် မင်းကို ပြောစရာရှိသေးတယ်၊ ဟ မင်းကားပေါ်က ဘယ်သူတုန်း၊ ရေလည် ချောတယ်ကွာ၊ အမိုက်စားလေးပဲ၊ မင်း မိန်းမရနေတာတော့ မဟုတ်ပါဘူး နော်၊ မိုးတိမ်တိုက်"



ကြည့် . . . ကမန်းကတန်း ဆင်းတာတောင် ဒီကောင့် ပါးစပ်က နန်းစတော့ . . . မရပ်မနားဘဲ ကားပေါ်က သခွား ကိုလည်း စပ်စပ်စုစု ပြူးဖြီးဖြီး ကြည့်ပြီးသွားပြီ။

"မဟုတ်ပါဘူးကွာ၊ ဘယ်က မိန်းမ ရရမှာလဲ၊ စွပ် မပြော စမ်းပါနဲ့၊ လာ မင်းရော ဒီ ဘာလာလုပ်လဲ"

မိုးဟိမ်တိုက်က သောင်းမြင့် ပခုံးကို အတင်းလှမ်းဖက်ပြီး ကသောကမျောနှင့် ဒီဖက် ဆွဲခေါ်လာရသည်။

ဒီကောင့်ကိုသာ ငါးမိနစ်လောက် လွှတ်ထားရင် မန္တလေး မှာရှိတဲ့ ဆွေခုနစ်ဆက်၊ မျိုးခုနစ်ဆက်အကြောင်း အူမချေးခါးမကျန် အကုန်လုံး ပါလာတော့မှာ သေချာသည်။

အခုတောင် မိုးတိမ်တိုက်လို့ အာကျယ်ကျယ်နှင့် ခေါ်နေတာ သခွားတော့ ကြားသွားလောက်ပါပြီ။ သူ့မျက်နှာတွေ တအား ပွလာရပြီ။

ကိုယ့်ဖက်က ဖုံးကွယ်လိမ်ညာဟန်ဆောင်ထားတာတွေ လည်း သူမ သိကုန်တော့မှာပဲ။

အဲဒီ သောင်းမြင့်ကွာ။

"ငါ့ညီမ ဥမ္မာလေ။ မင်းသိတယ်မို့လား၊ ဥမ္မာက ဒီမှာ ဒီဇိုင်နာကိုစ် လာတက်နေတာကွ၊ အဲဒါ သူငယ်ချင်းတွေနေ့ ပွဲလာတာ၊ ငါက လာကြိုပေးရတာလေ၊ ထုံးစံအတိုင်း မန္တလေးမှာ လည်း ငါက ဒရိုင်ဘာပဲ၊ ရန်ကုန်ရောက်တော့လည်း ဟာဉ်မောင်းသူ

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ငါ့ပဲ ဝိုင်းချောဆွဲကြတာကွ၊ စိတ်ညစ်တဲ့အထဲမှာ အဲဒါတွေလည်း ပါတယ်၊ မင်းလို ကောင်မလေး ချောချော ဘေးမှာ ပါလာရင်တော့ ငါလည်း ဒီလောက် မညည်းပါဘူး၊ အခုဟာက အစ်မတွေ ညီမတွေနဲ့ဖဲ ပတ်ချာလည်နေတာ၊ ငါလည်း ဒီတစ်သက် စွံဖို့လမ်း မမြင်တော့ဘူးကွာ''

သောင်းမြင့်က သူ့ကိုတွေ့တုန်း တရစပ် ဖွင့်ဟ ညည်းညူ တော့၏။

''အဲဒါ အသာထားစမ်းပါဦး၊ မင်း ငါ့ကို မိုးတိမ်တိုက်လို့ သိပ်မခေါ်နဲ့''

''ဘာဖြစ်လို့လဲကွာ၊ မင်း နာမည်ပြောင်းလိုက်လို့ လား''

''မဟုတ်ဘူး... ငါ နောက်မှ ရှင်းပြမယ်''

''အေး... အဲဒါ ကောင်းတယ်၊ ငါတို့ အေးအေးဆေး ဆေး တစ်ရက် တွေ့ရအောင်၊ မင်း အခု ဘယ်ဟိုတယ်မှာ တည်းတာလဲ''

''ဟိုတယ်မှာ မဟုတ်ဘူး၊ စမ်းချောင်းထဲက အသိအိမ်မှာ၊ မင်းရော ဂွတ်တာလစ်က မင်းအဒေါ်အိမ်မှာပဲလား''

''အေး... အဲဒီမှာပဲ''

''ဒါဆို ငါ လာခဲ့မယ်''

''မှင်း... တကယ်နော်''

''စိတ်ချပါကွာ''



''ဒါနဲ့ ကိုမိုးကြီးအကြောင်း မင်းသိလား''

မိုးတိမ်တိုက် မျက်မှောင်ကုတ်သွားရသည်။

''ဘာဖြစ်လို့လဲ၊ ပြီးခဲ့တဲ့ တစ်ပတ်ဆယ်ရက်ကတော့ ...ပြောဖြစ်သားပဲ''

''ဒါဆို မင်း မသိသေးဘူးနဲ့ တူတယ်၊ (-----) ကော်ဖီ ...က ကောင်လေး၊ မင်းအစ်ကိုကို လက်သီးနဲ့ ဆွဲထိုးတာကွ၊ ...ထဲမှာ ရန်ဖြစ်ကြတာ အုတ်အော်သောင်းနင်းပဲ၊ လူတွေ မနည်း ...ဆွဲထားလို့၊ ဝိုင်းသာ မဆွဲရင် ကိုမိုးကြီးတော့ မလွယ်ဘူး၊ ...ကလေး ကိစ္စပဲကွ၊ ဆိုင်ရှင်တူမနဲ့ ငြိတာလို့ ပြောကြတာပဲ''

''ဟင်... ဟုတ်လား၊ ကိုမိုးကြီး ဘာဖြစ်သွားလဲ''

''မျက်နှာတော့ ဖူးရောင်စုတ်ပြတ်သွားတာပဲ၊ ရပ်ကွက် ...ကြီးတွေလည်း ရောက်လာတယ်၊ ကိုမိုးကြီးကို ဆေးခန်း ...ပေးကြတာပဲ၊ မင်းအစ်ကိုကွာ၊ ဘယ်ကဟာတွေနဲ့ သွားငြိမှန်းကို ...သိဘူး၊ သူ့အဆင့်အတန်း သူ့ဂုဏ်သိက္ခာနဲ့ မတန်မရာကြီးပါကွာ၊ ...ကြည့်တာနဲ့ သိရတာပဲ၊ မင်း အစ်ကို လူပျိုကြီးတော့ ဒီတစ်ခါ ...တော်မှန်နေတာကွ၊ ကောင်မလေးက ရည်းစားရှိပြီးသားတဲ့၊ ...က နောက်ဆုတ်နိုင်းတာ မဆုတ်တာလို့ ပြောတာပဲ၊ ကိုမိုးကြီးကို ...လည်း နည်းနည်းပါးပါး ကြည့်ထိန်းပါဦးကွာ၊ တော်ကြာ ...မကောင်း ကြားမကောင်းတွေ ဖြစ်လာဦးမယ်''

သောင်းမြင့် စကားတွေကြောင့် မိုးတိမ်တိုက်မှာ ညီနောက်

www.burmeseclassic.com

www.burmeseclassic.com

အတော် စားသွားရ၏။ ဒါဆိုရင်တော့ ဟိုမှာ ကိုမိုးကြီး[...] ပြဿနာ တက်နေပြီပေါ့။

ဒါတွေ သူလည်း ဘာမှမသိရ။

သူ့ဆီလည်း ဖုန်းမဆက်။ ကုမ္ပဏီရုံးမှာလည်း ကိုမိုး[...] ရှိမနေ။

"အေးပါကွာ၊ ငါလည်း သတင်းမေးကြည့်ပါဦးမယ်"

"ကြည့်လည်းမေးနော်၊ တော်ကြာ ကိုမိုးကြီးက လျှောက်ဖွတယ် ဖြစ်နေဦးမယ်"

"သိပါတယ်ကွာ"

"ဟိုမှာ ဥမ္မာတို့လည်း ထွက်လာပြီကွ"

သောင်းမြင့် မေးဆတ်ပြတဲ့ဘက်သို့ ကြည့်လိုက်သော[...] သူ အတော် ချောက်ချားသွားရပါသည်။

ပြဿနာပဲ ...။

သောင်းမြင့်ညီမ ဥမ္မာနှင့် လက်တွဲပြီး လျှောက်လာသူ[...] ခရမ်း ဖြစ်နေပါရောလား။

သွားပြီ၊ အားလုံး ဘူးပေါ်သလို ပေါ်တော့မှာပဲ။

"အေး ... အေး မင်းကားလည်း ထွက်တော့၊ ငါ[...] လည်း ထွက်လိုက်တော့မယ်"

မိုးတိမ်တိုက်က သူတို့ အနားမရောက်ခင် စကားမြန်[...] ဖြတ်လျှောက် ကားဆီ ပြန်ပြေးလိုက်ပါသည်။



မျက်စိလျင်သော ခရမ်းဟာ ဥမ္မာ့အစ်ကိုနှင့် မိုးကောင်းကင်တို့ တရင်းတနှီး စကားရပ်ပြောနေတာကို မြင်လိုက်သည်။

"ဖြည်းဖြည်းပဲ လျှောက်ပါ ဥမ္မာရယ်၊ ဟိုမှာ နင့်အစ်ကိုက အသိတွေ့နေပါပြီ"

"ဟုတ်လား"

ဥမ္မာက လှည့်ပြေးသွားသော ကြော့ကြော့ဖတ်ဖတ် သားသားနားနား လူရွယ်ကို ကြည့်လိုက်ပြီး ...

"ဪ ... အဲဒါ ငါတို့ မန္တလေးက အသိတွေပါ"

"ကိုမိုးကောင်းနဲ့ ခင်လား"

"ကိုမိုးကြီးရော၊ ကိုမိုးလေးရော ခင်သားပဲ၊ ဘာဖြစ်လို့လဲ"

"သူတို့က ညီအစ်ကိုနှစ်ယောက်လား ဟုတ်လား"

ခရမ်းက အံ့အားတသင့် ပြန်မေးမိ၏။ မိုးကောင်းကင်က တစ်ဦးတည်းသော သားလို့ပဲ သူမ သိထားခဲ့တာပါ။

"တစ်ဝမ်းကွဲတွေလေ၊ ကိုမိုးတိမ်တိုက်က ပိုချောတယ်"

"ဘာရယ်၊ မိုးတိမ်တိုက် ဟုတ်လား"

"ခရမ်းရယ် နင်က အစ်ကို လာကြိုမယ်ပြောတော့ ငါက ဘယ်သူများလဲလို့ မိုးတိမ်တိုက်ဆိုတာ အစောကြီးက ခင်ပြီးသား ငါ့အစ်ကိုနဲ့ လည်ပင်းဖက်ကြီးလာတာဟ၊ သူ့အစ်မ မိုးသည်း ဆိုတာလည်း တအားလှတာ၊ သူတို့ မောင်နှမတွေက အသားတွေ ချည်းပဲ၊ မန္တလေးမှာတော့ နာမည်ကြီးတွေ၊ ကဲ ... နောက်မှ[...]

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောမယ်၊ ဖုန်းဆက်ဦးနော် ခရမ်း၊ ဟာ့ တာ၊ ဟိုမှာ အိမ်က
ကားထွက်လာပြီ၊ ငါ သွားတော့မယ်"

ပြောပြောဆိုဆို ကမန်းကတန်း နှုတ်ဆက်လက်ရှ
ဖြုတ်ရင်း ဥမ္မာက ပရိဆီကားလေးပေါ် ဖျပ်ခနဲ တက်၍ ထွက်
သွားပါသည်။

ခရမ်းက ကားဆီ လျှောက်လာသည်။

ချက်ချင်း ကားပေါ် မတက်သေးသဖြင့် ...

"သခွား ... တက်လေ"

ခရမ်းက ဆောင့်အောင့်တက်ထိုင်ပြီး ကားတံခါး
ဂျိုင်းကနဲ ဆွဲပိတ်၍ ...

"ဘာ သခွားလဲ၊ ငါ့ကို သခွားလည်း မခေါ်နဲ့တော့ န
ပိပိရိရိ ဆက်ညာနေလည်း ဘာမှ မထူးဘူး၊ သူက ကိုမိုးကောင်းက
မဟုတ်ဘူး"

"ဟင်"

သခွားလည်း အခုပဲ သူ့နာမည်အမှန်ကို ကြားခဲ့ပါပြီ။

"မိုးကောင်းကင်ရဲ့ ညီဝမ်းကွဲ မိုးတိမ်တိုက်တဲ့၊ ဟုတ်တယ်
မို့လား ကိုမိုး"

မိုးတိမ်တိုက်က ဝန်ခံသလို ခေါင်းညိတ်သည်။

ထင်တဲ့အတိုင်းပဲ ဥမ္မာက ပြောပြသွားပြီ၊ သူ့အညာရှေ
ပေါ်သွားရပြီ။



"စိတ်မဆိုးပါနဲ့ ခရမ်းရယ်၊ ကျွန်တော် သေချာ ရှင်း
ပြပါ့မယ်"

"ကဲ ... ကဲ ... ရှင်းရင်လည်း အိမ်ရောက်မှ ရှင်း၊ အခု
မောင်း ... မောင်း"

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com



ညက တိတ်ဆိတ်ငြိမ်သက်သွားပြီဖြစ်သည်။

သခွားရဲ့ အခန်းထဲမှာ ဝေါလ်လင့်မ်မီးပြာရောင်လေး ခပ်မှုန်မှုန် ဖြာလင်းလျက်ရှိသည်။

ခရမ်းက သခွားကုတင်ပေါ် လာအိပ်ပြီး နှစ်ယောက်သား ညသန်းခေါင်အထိ အိပ်မပျော်ကြ။

ကိုမိုးကတော့ အပေါ်ထပ်မှာ အိပ်ပျော်နေပြီလား မသိ

"သခွား"

"ဟင်"

"သူပြောတာတွေ နင် ယုံလား"

သခွားက နဖူးပေါ် လက်ကလေးတင်ပြီး ငြိမ်သက် တွေးတောနေ၏။

"နင်တို့ ချစ်သူတွေ ဖြစ်ကြပြီမို့လား"

သခွားက မဖြေပါ။

"ဘုရားသိကြားမလို့ ငါဖက် လှည့်မလာခဲ့တာ ကံကောင်း"

ခရမ်းသည် အတွက်အချက် ကိန်းဂဏန်းသမားမို့ င်းထဲမှာ အလျင်အမြန် တွက်ပြီးသွားပြီ။

သူဟာ သူဌေးသားလေး ကုမ္ပဏီပိုင်ရှင်လေး ကိုမိုး ာင်းကင် မဟုတ်တဲ့အတွက် ခရမ်းအနေနှင့် ဘာမှ မက်မောစရာ တော့ပါ။

ဒီလောက်ဆိုရင် အစကတည်းက စိတ်ကူးယဉ်မိမှာပင် တ်။

သို့သော် ဘာပဲဖြစ်ဖြစ် ခရမ်း ကံကောင်းသည်ဟု ယူဆ

"ဒါဆို သူက ခရမ်းကို သခွားလို့ ထင်ပြီး သူ့အစ်ကိုကြီးရဲ့ းလောင်းဆိုပြီး တလေးတစား ဆက်ဆံခဲ့တာပေါ့နော်၊ င်း ... ဟင်း အခုမှပဲ အဖြေက ရှင်းသွားတော့တယ်။ သူ့မှာ ည်းတစ်ခုတော့ ရှိတယ်၊ စိတ်ဓာတ်လည်း ပြတ်သားပုံရတယ်၊ ပေမယ့် အခုတော့ သူ သဘောကျတာ သခွားရောင် အစစ်ပဲ နေပြီလေ၊ ဘာမှ မတတ်နိုင်တော့ဘူး"

"ခရမ်းနော် ... နင်က ဝမ်းသာနေတာလား"

"ဝမ်းသာတာတော့ မဟုတ်ပါဘူး၊ အံ့သြမိလို့ပါ"

"လက်စသပ်တော့ သူလည်း ငါ့ကို ညာခဲ့တာပဲနော်"

"အဲဒီတော့ နင်တို့ ပွဲက သရေပဲပေါ့ သခွားရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ပါဘူး"

"အေးနော်၊ နင်က သခွားအစစ်၊ နင်ညာတဲ့ ပုံလေး... ရိုးသားပါတယ်၊ သူကမှ ကိုမိုးကြီးအတု၊ သူညာတာက ပိုအ... ကြီးတယ်"

"အဲလိုတော့ မဟုတ်ပါဘူးဟယ်၊ သူက ကိုမိုးကြီး အတ... လွှတ်လို့ လာရတာပါ"

"ဟွန်း..သူက အကောင်းမြင်နေသေးတယ်"

ခရမ်းက ရှုံ့မဲ့ပြီး ငေါ့တော့တော့ ဆို၏။

ချစ်သူကို သိပ်ချစ်မိတဲ့အခါ အကောင်းဖက်ကပဲ မြင်တ... ကြည့်ရှုတတ်တာဟာ သဘာဝပဲပေါ့။

ခရမ်းက နားမလည်။

သခွားရင်မှာတော့ အပြစ်မကင်းသလို မျက်နှာပူ... အနေခက်နေရှာတဲ့ ကိုမိုးတိမ်တိုက် အမူအရာကြောင့် စိတ်... မကောင်းဖြစ်မိတာ အမှန်ပါ။

အညာပေါ်သွားတော့ သူလည်း ရှက်မှာပေါ့လေ။

"ငါကတော့ အစကတည်းက ထင်သားပဲ၊ သူဌေး... လည်းဆိုသေး ဖိနပ်ကြီးကိုတောင် မန်နေဂျာဆီက ပြန်ယူစီးရတာ... ပြီးတော့ ကြည့်လိုက်ရင်လည်း ဘာမှ သားသားနားနား ဝတ်... မတွေ့ဘူး၊ ဒါက ဒါပဲ၊ ပိုက်ဆံသုံးရင်လည်း သားရေအိတ်ပြားလေး... နှစ်သောင်းသုံးသောင်းအပြင် ပိုမပါဘူး၊ ကုမ္ပဏီ ပိုင်ရှင်ကြီးကလည်း



ကပ်စေးနှဲလှချည့်လားလို့ ငါက အံ့သြနေတာ၊ နင့်ကိုတောင် ငါ ပြောမလို့ တော်ကြာ ပြောပြန်ရင်လည်း နင်က ငါ့ကို ငွေမက်တယ် ဘာညာ ထင်ဦးမယ်"

ခရမ်းသည် သူ ငွေမက်ပေမယ့် ငွေမက်တယ် အထင် ခံရမှာလည်း ကြောက်ပါသေးသည်။

"သူဌေးဆိုရင်လည်း အတော် စည်းကမ်းရှိပြီး အတော်ကြီး ခြစ်ခြစ်ချုပ်ချုပ် ဘုရားစူး သူဌေးပဲလို့ ထင်နေတာ၊ လူတစ်ယောက်ရဲ့ အကြောင်းကို သိချင်ရင် သူ့ရဲ့ အပြောအဆို၊ အနေအထိုင်၊ အပြုအမူတွေကို သေချာအကဲခတ်ရတာပဲ မဟုတ်လား၊ သူက အခုတော့လည်း ပွင့်လင်းသွားပဲနော်၊ သူ ကိုင်ထားတဲ့ဖုန်းတောင် ကိုမိုးကြီး ဖုန်းလို့ ပြောတယ်၊ သခွား ငါ အကောင်းနဲ့ အကြံ ပေးမယ်နော်၊ နင်လည်း သူ့ကို ပြန် စဉ်းစားသင့်တယ်"

သခွားက နဖူးပေါ် လက်ကိုဖယ်ပြီး ခရမ်းဖက် လှည့်ကြည့် လိုက်မိသည်။

"ကိုမိုးကြီးရဲ့ ညီဆိုပေမယ့် သူက ရှယ်ယာတွေ ဘာတွေ လည်း ပါပုံမရဘူး၊ ရိုးရိုးလခစားလောက် သဘောပဲ ရှိတာ၊ သူရတဲ့ လခကလည်း သူ့အမေကို ပြန်ထောက်ရသေးတဲ့ သဘောမျိုး၊ ကိုမိုးကောင်းကင်နဲ့ တစ်ခြားစီပဲ၊ ဒါတွေကို နင် ထည့်တွက်ဦးနော်၊ မမအင်ကြင်းက နင့်ဘဝ ရှေ့ရေး ကောင်းစားဖို့အတွက် စိတ်ပူတာ ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို . . . ဒါပေမယ့် သူက ငါ့ကို သဘွားအနေနဲ့ ကြိုက်တာမဟုတ်ပါဘူးဟယ်၊ ကုမ္ပဏီဝန်ထမ်းလေး ခရမ်းအနေနဲ့ပဲ ချစ်ခဲ့တာပါ၊ သူ့အချစ်က ငါ့အပေါ် ရိုးသားခဲ့တယ်၊ ဒီအချစ်ကို ငါ မပစ်ပယ်နိုင်ပါဘူး၊ သူ့ဟာသူ လခစားဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့"

"နင်က အချစ်ကိုပဲ ကိုးကွယ်မယ်ဆိုပါတော့ ဟုတ်လား"

"ငါ သူ့ကိုချစ်တယ်"

သဘွားက ခေါင်းမာမာဖြင့် ဖြတ်တိုးပြောချလိုက်ပါသည်။

အခုတော့ ခရမ်းကို သူမ ရင်ဖွင့်လို့ရပြီ။

ခရမ်းက မိုးတိမ်တိုက်လို သာမန်လောက်ဆို စိတ်မဝင်စားနိုင်ဘူးဟု ဝန်ခံ ထားပြီးပြီလေ။

ဒါလည်း ကောင်းတာပါပဲ။

ကိုမိုးကို သဝန်မတိုရတော့ဘူးပေါ့။

ဤကမ္ဘာမှာ မိုးတိမ်တိုက်ကို သဘွားတစ်ယောက်ပဲ ပုံအော ချစ်ချင်သည်။

ခရမ်း လုံးဝ စိတ်ပျက်သွားသဖြင့် သူမ ကျေနပ် ဘဝင်ကျ သွားမိပါသည်။

"နေစမ်းပါဦး . . . သူနဲ့ဆိုရင် မမအောင်ကြွင်းက သဘော တူလိမ့်မယ်လို့ နင်ထင်လား သဘွား၊ ငါတော့ မထင်ဘူးနော်၊ သူတို့ဖက်က ဒီလို လူစားထိုးပြီး လွှတ်လိုက်တာသာ သိရင် အကြီးအကျယ် ဒေါ်ပွမှာ"



"နင် ဘာမှ သွားမပြောနဲ့နော် ခရမ်း သိလား"

သူမက စိုးရိမ်စွာ သတိပေးသည်။ မမအောင်ကြွင်း သိလို့တော့ မဖြစ်ဘူးလေ။

ကိုမိုးကောင်းကင်ကို သဘွား မမြင်ဘူး၊ ကြိုက်လည်း မကြိုက်၊ သူမ ကြိုက်တာက မိုးတိမ်တိုက်။

လူကြီးတွေ သဘောမတူလို့ စိတ်ဆိုးကြ၊ ပြဿနာ တက်ကြရင်လည်း သူမကတော့ မိုးတိမ်တိုက်ဖက်ကသာ ရပ်တည် မှာ ဖြစ်သည်။

"မလွယ်တော့ မလွယ်ဘူးဟာ၊ ကိုမိုးကောင်းကင်မှာ လည်း ဘာဖာတ်လမ်းတွေ ရှိနေလို့ သူက ရန်ကုန် မလာချင်တာ လည်းမှ မသိတာ"

"ကိုမိုးပြောတော့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့် ဆို"

"အဲဒါ ရည်းစားကိစ္စပဲ ဖြစ်မှာပေါ့"

"ခရမ်းရယ် . . . သေချာလည်း မသိဘဲ ရမ်းသမ်း မစွပ်စွဲပါနဲ့ဦး"

"ဥမ္မာအစ်ကိုနဲ့ ခင်တယ်တဲ့၊ မနက်ဖြန်မှ မေးကြည့် ရဦးမယ်"

မိုးကောင်းကင်ဆိုတာ ဘယ်လိုလူစားလဲ၊ ခရမ်းက သိချင် လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အကြောင်းတွေ၊ အတွင်းရေးတွေအားလုံး ဝါ စပ်ရခဲ့မယ့် သီလား"

"လျှောက်မမေးပါနဲ့ဟယ်၊ ကိုမိုးက သူ့ကို မယုံကြည် လို့ စုံစမ်းတယ် ထင်နေပါဦးမယ်"

"မယုံဘူးလေ… သူလည်း တစ်ပတ်ရိုက် လိမ်ညာပြီး ဒီအိမ်ပေါ် လာတည်းတာပဲ ဥစ္စာ"

"အို… ဒါက သူ လိမ်ချင်လို့မှ မဟုတ်တာ ကိုမိုးကြီးရဲ့ အမိန့်နဲ့မို့လို့ လာရတာပဲ၊ ကိုမိုးကြီးက သူ့အလုပ်ရှင်လေ၊ ကိုမိုးကြီး စီမံတာ နာခံရမှာပေါ့"

"နင်ပဲ လိုက်သိတတ်ပေး၊ နားလည်ပေးတော့၊ တကယ် ဆိုရင် နင့်ဆီက ရင်းနှီးမှုတွေကို သူ မလိမ့်တပတ်နဲ့ ယူသွားတာ မဟုတ်ဘူးလား"

သင်္ဇာကတော့ ထိုသို့ မထင်ခဲ့ပါ။

သူဟာ လူပျိုလူလွတ်၊ အစ်ကိုဖြစ်သူရဲ့ ဖနီးလောင်း ကိုလည်း ယောင်၍ပင် စိတ်မကူး၊ သင်္ဇာကို တကယ်ပဲ ဒီအိမ် မှာ ကပ်နေရှာတဲ့ ကောင်မလေးတစ်ယောက်ဟု ထင်ပြီး သူနှင့် ဘဝတူ အခြေအနေတူလောက်ပဲဆိုပြီး တမြတ်တနိုး ရည်ရွယ် တန်ဖိုးထားခဲ့တာပါ။

အခုတော့ . . . သင်္ဇာက သင်္ဇာအစစ်ဖြစ်နေလို့ သူ စိတ်ညစ် အခက်တွေ့ နေပုံတောင် ပေါ်သည်။



သူ့မှာ မကောင်းတဲ့ ရည်ရွယ်ချက်၊ မရိုးသားတဲ့ အကြံ အစည် ဘာတစ်ခုမှ မရှိခဲ့ဘူးဆိုတာ သင်္ဇာ ယုံကြည်သည်။

သင်္ဇာတို့နှစ်ယောက် စစ်မှန်စွာ ချစ်ခဲ့မိကြတာ ယုံမှား သံသယ ဖြစ်စရာ မလိုပါ။ သူ့ခံစားချက်၊ သူ့စိတ်နေ သဘော ထားကို သင်္ဇာ နားလည်ပါသည်။

"အဲလောက်ကြီးတော့ မပြောပါနဲ့ဟယ်၊ နင်က ခပ် တင်းတင်းကြီးနဲ့ တစ်ခုပြီးတစ်ခု မေးခွန်းတွေ ထုတ်နေတော့ သူ့ခမျာ ဖြေရကျပ်တာပေါ့၊ မျက်နှာပူ အားနာတာပေါ့၊ ငါတို့တောင် ဘာမှ မဟုတ်ဘဲ သူ့ကို နေရာချင်းလဲပြီး ပညာပြသလို ဖြစ်ခဲ့သေးတာပဲ၊ သူက သူ့သဘောနဲ့သူ ဖန်တီးတာမှ မဟုတ်တာ၊ နင် အပြစ်တင် ချင်ရင် မန္တလေးမှာ ကျန်နေခဲ့တဲ့ ဦးမိုးကောင်းကင်ကိုပဲ အပြစ်တင်၊ သူကမှ တကယ် မလိမ့်တပတ် ပုံများရိုက်တာ"

"ကဲပါ ဟုတ်ပါပြီ၊ နင့် ကိုမိုးမှာ ဘာအပြစ်မှ မရှိပါဘူး၊ ပြောမိတဲ့ ငါပဲ မှားပါတယ်၊ နင် ဒီလောက် အသည်းအသန် သူ့ဖက် ပါနေတော့လည်း မတတ်နိုင်ဘူး၊ ဒီတစ်ခါ မမအင်ကြင်း ဖုန်းဆက် ရင် နင့်ဘာသာပဲ ကြည့်ဖြေတော့၊ ငါကတော့ အခုမှပဲ စိတ်ရှင်းရှင်း အသက်ရှူချောင်သွားပြီ သီလား"

ခရမ်း တတွတ်တွတ် ပြောနေတာတွေ နားထောင်ရင်း သင်္ဇာ မျက်တောင်လေးတွေ စင်းလာရကာ တဖြည်းဖြည်းနှင့် မျက်ဝန်းလေးပါ မှေးမှိတ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



တွေ ကျွန်တော် ကြားပြီးပါပြီ၊ ကျွန်တော့် ဘော်ဒါ သောင်းမြင့်နဲ့ တွေ့လို့ အကုန်ပြောပြတယ်၊ ကိုကြီးတို့ ရန်ပွဲဖြစ်တဲ့အချိန် သူ အဲဒီမှာ ရှိတယ်လေ"

"ဟာ... မင်းကလည်း ရန်ပွဲကြီးကြီးကျယ်ကျယ် ဖြစ်တာ မဟုတ်ပါဘူး၊ စကားဆိုတော့ ချဲ့ကားတာ ဖြစ်မှာပါ"

"မခင်လေးဘဲက ကိုကြီးကို ထိုးတယ်ဆို"

"ငါလည်း ဒီကောင့်ကို ပြန်ချတာပဲ"

"ဘူရော ဘာဖြစ်သွားလဲ"

"ဒီကောင်လည်း မှတ်လောက်သားလောက်အောင် ခံရတာပဲ၊ ဒါတောင် ငါက ကြေအေးလိုက်လို့ ပြဿနာတွေ မရှည်ချင်လို့ပါ"

"ဟုတ်တာပေါ့၊ ကိုကြီး နာမည်နဲ့ သိက္ခာကို ထိခိုက်လို့မဖြစ်တာ"

"အေးကွာ၊ အဲဒီကိစ္စတွေ ငါလည်း နောင်တရပါတယ် သွားပတ်သက်မိတာကိုက ငါ့အမှားပါ"

ကိုကြီးမိုးရဲ့ လေသံမှာ သိသိသာသာ ပြောင်းလဲသွားပါသည်။

လက်လျှော့လိုက်ပြီ ထင်ပါရဲ့...။



ဘာပဲဖြစ်ဖြစ်...

ဒီလို နောင်တစကားကြားရတာကို မိုးတိမ်တိုက် ဝမ်းသာသည်။

မခင်လေးရဲ့ မာယာကွန်ယက်ထဲက ရုန်းထွက်နိုင်တယ် ဆိုတာ တော်ရုံတန်ရုံ အသီးအသီးမှာ မဟုတ်။

သို့သော် ထပ်ကြားလိုက်တဲ့ စကားကြောင့် မိုးတိမ်တိုက်ရဲ့ ...သာမှုက တစ်ဝက်တပျက်နှင့် ရပ်တန့်ပြီး မျက်ခုံးတပင့် အံ့ဩ ...တ်လန့်သွားရသည်။

"အဲဒီကောင်က ခင်လေးကို ခိုးပြေးသွားပြီ၊ နဂိုကတည်းက ...ဘာတူထားပြီးသားကို ဒီကောင်က ငါ့ အနှောင့်အယှက်ရန်က ...အောင် ခိုးပြေးရသလိုလို သတင်းလွှင့်တယ်ကွာ၊ မင်းပဲ ...ားကြည့်၊ ငါက လူကြမ်းကြီးသဘော သက်ရောက် မသွားဘူး ... အမှန်တကယ်က ခင်လေးနဲ့ နှစ်ဦးသဘောတူလို့ ဒီကိစ္စတွေ ...ာက်ထိ ဖြစ်လာတာ၊ အခုတော့ ခင်လေးကို ဆုံးရှုံးရတဲ့အပြင် ... သူများ သမီးရည်းစားကြား အတင်းဝင်ပြီး ဖြတ်ခုတ်သလိုလို ...နေပြီ...

... အခု သူတို့က အကြီးအကျယ် မင်္ဂလာဆောင်ဖို့ ...င်နေကြပြီကွ၊ ငါက ဘယ်လို မျက်နှာနဲ့ ဒီမှာ ဆက်နေရမလဲ

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ရန်ကုန်လာတော့မယ် မောင်မိုး ခဏ ရှောင်နေတာ ကောင်းမယ်”

“ဗျာ … ကိုကြီး ရန်ကုန်လာမယ်”

“အေးလေ”

“ဒီက အခြေအနေက … ဟို”

မိုးတိမ်တိုက် စကားမဆက်တတ်အောင် ဆွံ့အနေမိသည်။

အားလုံးကို အမှန်အတိုင်းလည်း ဖွင့်ဟ၍ ဝန်မခံရဲတော့ပါ

သူနဲ့ စပ်ဟပ်သဘောတူပြီး မြန်းထားတဲ့ သခွားရောင်

ကိုယ့်ဖက်က အလိုက်သဲလိုက် တနင့်တပိုးကြီး ချစ်ခဲ့မိပြီမဟုတ်လား

အလိုလိုနေရင်း အပြစ်ရှိသူလို ဖြစ်နေရပါပြီ။

ဒီတော့ ကိုကြီး ဒီကိုရောက်ချလာမယ်ဆိုတော့ မိုးတိမ်တိုက်ရဲ့ စိတ်တွေ တုန်ရီ ချောက်ချားသွားရသည်။

ဘာကို ဘယ်လို ရှင်းပြရမလဲ လတ်တလောမှာ မစဉ်းစားတတ်သေး။

“ငါ သိပါတယ်ကွာ၊ သူက မင်းကို မိုးကောင်းကင်ထင်ပြီး အရေးတယူ ဂရုတစိုက် ရှိနေတယ် မဟုတ်လား၊ မင်း ငါ့ညီပဲဆိုတာ ငါ ရောက်လာတော့ ကြည့်ကျက်ပြီး ရှင်း တောင်းပန်ရမှာပေါ့”



“ဖြစ်ပါ့မလားဗျာ”

“ဖြစ်ပါတယ်ကွာ၊ ဒါ ငါ့တာဝန်ထားစမ်းပါ၊ မင်းအပေါ်မှ ပြဿနာ မရောက်စေရဘူး၊ ဒါပေမယ့် တစ်ခု တော့ ရှိတယ် မောင်မိုး၊ အဲဒါ သိပ် အရေးကြီးတယ်၊ မင်းက မင်းကတိအတိုင်း သခွားရောင်ကို မပစ်မှားမိဘူးမို့လား၊ မင်း မကြိုက်ဘူးမို့လား”

“ဟို … ကျွန်တော်”

“ငါ သိပါတယ်ကွာ၊ ဒီလောက် အချိန်ကလေးနဲ့ မင်းမှာ လောက် အစွမ်းအစလည်း ရှိမှာ မဟုတ်ပါဘူး၊ မင်းက မရိုး သောင်းဆိုပြီး ရဲရဲတောင် မော့ကြည့်ဝံ့မှာ မဟုတ်ဘူး၊ ဟဲ ဟဲ ငါ သဘောပေါက်ပါတယ်၊ မင်းကို ယုံလည်း ယုံပြီးသားပါ”

ကိုမိုးကြီးရဲ့ စကားကြောင့် မိုးတိမ်တိုက် တစ်ကိုယ်လုံး ထူ စိတ်လှုပ်ရှားသွားရ၏။

ယုံတယ်တဲ့၊ ငါ့သခွားရောင်တဲ့။

အခုမှ လူမှန် နေရာအမှန် ပိုင်ရှင်အမှန်က ပေါ်လာပြီ။

ကိုကြီးတစ်ယောက် ကောက်ကာငင်ကာ ဘာစိတ်ကူး ပေါက်သလဲ မသိ။

အင်း … ဒါပေမယ့် သူက ဘာစိတ်ကူးပေါက်ပေါက် ရဲ့ သခွား ကိုတော့ ငါ အထိမခံနိုင်တော့ဘူး …။

www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ငါဟာ သခွားရဲ့ တရားဝင်ချစ်သူ။

"ဒါ … ဒါနဲ့ နေပါဦး၊ ကိုကြီးက အစက ဒီကိစ္စ လုံး စိတ်မဝင်စားဘူးဆို သခွားရောင်ကို မင်းကြိုက်ရင် မင်း ယူလိုက်ဆို"

"အေးလေ … ဒါက အစက ပြောမိတာပဲ၊ အခု ဒီလို ငါ မပြောတော့ဘဲ အရင်က ပြောမိတာ ရှိချင်ရှိမယ်၊ ဒါတွေ မင်း ခေါင်းထဲက ထုတ်ပစ်လိုက်တာ၊ အခုက ငါ့အတွက် အရေးကြီးတဲ့ အခြေအနေ ဒက်ဒီပေးစားတဲ့ မိန်းမကို မြန်မြန် ကောက်ယူပြနိုင်မှ ငါ့သိက္ခာ အဖတ်ဆည်နိုင်မှာပေါ့၊ ခင်လေးကောင်ရဲ့ရှေ့မှာ ငါက ကျန်ရစ်တဲ့ သနားစရာ သတ္တဝါတော့ အဖြစ်မခံနိုင်ဘူးကွ အောက်တယ်၊ ငါ့မှာလည်း ယူစရာ မိန်းမ အဆင်သင့်ရှိတယ်ဆိုတာ ဒီကောင် သိစေရမယ်၊ ဒက်ဒီ့ကို မြန်မြန် လက်ထပ်ပေးဖို့ ငါ တောင်းဆိုရမယ်၊ ပြီးရင် သခွားရောင်ကို ငါ့ဇနီးအဖြစ်နဲ့ ငါ့ အသိုင်းအဝိုင်းထဲ ခေါ်လာပြရမယ်၊ အခု ငါ ဒီအတိုင်းပဲ ဆုံးဖြတ်လိုက်ပြီ မောင်မိုး"

သူ့အစီအစဉ်နှင့် သူ ဟုတ်နေသော မိုးကောင်းကင်ကို မိုးတိမ်တိုက်မှာ ဘာပြောရမှန်း မသိအောင် ဖြစ်သွားရပါသည်။

သူက အရေးပေါ် အခြေအနေနှင့် ဇနီးတစ်ယောက် အနားမှာရှိဖို့ လိုအပ်သတဲ့။



သူ့ဖက်ကတော့ သူ့ဟာသူ အကြောင်းပြချက် ခိုင်လုံပါလိမ့်မည်။

ဒီဖက်က မိုးတိမ်တိုက် အတွက်တော့ ကြားရချက်က မသက်သာလှပါ။

သူ့နှလုံးသားမှာ ပူလောင် ပျာယာခတ်သွားရသည်။

ဒီလို လွယ်လွယ်ကလေးတော့ ဘယ်ဖြစ်နိုင်မလဲ ကိုကြီးရာ …

"ဟော့ … မောင်မိုး … ကြားလား"

"ဗျာ … ဟုတ်ကဲ့"

"ငါ့အစီအစဉ် ဘယ်နှယ့်လဲ၊ မင်းက ဘာဖြစ်လို့ တိတ်သွားရတာလဲကွ"

"ကျွန်တော် စဉ်းစားနေတာပါ"

"မင်း စဉ်းစားနေဖို့ အချိန် မရှိဘူး ဟေ့ကောင်၊ ငါ မနက်ဖြန် မနက် ထွက်လာမယ်၊ သူတို့ကို ဘာမှ မပြောထားနဲ့၊ ငါရောက်မှ ငါ့ဘာသာ ကြည့်ကောင်းအောင် ပြောမယ်၊ မင်းစိတ်မပူနဲ့ မင်းက မန္တလေး ပြန်ခဲ့ဖို့ ပြင်ထား၊ ဟုတ်ပြီလား"

မိုးတိမ်တိုက် ခေါင်းညိတ်ရုံမှတစ်ပါး မရှိတော့ပါ။

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါ ဖုန်းချပြီ"

မိုးကောင်းကင်ရဲ့ တက်တက်ကြွကြွ အသံက ပြတ်တောက်သွားလျှင် မိုးတိမ်တိုက် ခပ်ငူငူ ဆက်ထိုင်နေမိ၏။

အခု ဘယ်လို လုပ်ရမလဲ။

ကိုမိုးကြီးက မနက်ဖြန် ပေါက်ချလာတော့မည်။

သူ ဒီတိုင်း နေလို့တော့ မဖြစ်တော့ပါ။

တစ်ခုခုကို ပိုင်နိုင်သေချာစွာ သတ္တိရှိရှိနှင့် ဆုံးဖြတ်ရမည် ဖြစ်မည်။

အသေချာဆုံးတစ်ခုက သူ သခွားနှင့် မခွဲနိုင်တာပဲ။

သခွားလည်း သူ့လိုပဲ ရှိလိမ့်မည်။

သူတို့ ချစ်သူနှစ်ဦးအတွက် အချိန်က သိပ်မရှိလှပေ။

မနက်ဖြန်ဆို ကိုမိုးကြီး ရောက်လာတဲ့အခါ ဘာဖြစ်လာမယ်ဟု ကြိုတင် မမှန်းဆနိုင်။

အန်ကယ်လ်ကျော်က သခွားရောင်ကို သူ့သားနှင့် ကြည့်ဖြူသဘောတူမှာ . . . ကိုယ်နှင့်ဆို သဘောတူမှာ မဟုတ်။

မိုးတိမ်တိုက်သည် ဒီလိုအခြေအနေမျိုးကို ရောက်မှာမို့ ကြိုတင် ပြင်ဆင်ပြီး . . .



ကိုယ့်ကိုယ်ကိုယ် ဆုံးမလျက် သခွားရောင်ဆိုတဲ့ မိန်းကလေးကို စေ့စေ့ပင် မကြည့်မိဖို့ ကြိုးစားခဲ့ပါသည်။

နိုင်မာရှင်းသန့်သော သူ့ဆုံးဖြတ်ချက်ဟာလည်း နှမ်းတစ်စေ့လေးပင် မတိမ်းစောင်း မယိမ်းယိုင်ခဲ့ပါ။

သူဟာ ပြဿနာထဲက လွတ်လွတ်ကင်းကင်း ဖြစ်မယ်ထင်တဲ့ ခရမ်း ဆိုတာလေးကိုပဲ ရွေးချယ်ခဲ့တာပါ။

ဒါပေမယ့် . . .

သူ ရွေးချယ်လိုက်မိတဲ့ ခရမ်းလေးဆိုတာက တကယ့် သခွားရောင်အစစ် ဖြစ်နေတာတော့ သူလည်း . . . ဘာမှ မတတ်နိုင်။

ကံကြမ္မာက သပ်သပ်ယပ်ယပ် စီစဉ်ခဲ့တာပဲလို့ သူ ယူဆသည်။

သူတို့နှစ်ယောက်ရဲ့ နဖူးစာ အမှန်က ဒီလိုပဲ ရှိနေခဲ့ပါ။

အခုမှတော့ မိုးတိမ်တိုက်လည်း လက်လွှတ်ဆုံးရှုံးခြင်း နောက်မဆုတ်နိုင်တော့ပါ။

အရင်ဆုံး ဒီအကြောင်းတွေ သခွားဆီ ရင်ဖွင့် ပြောပြ တိုင်ပင်မှ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com

သခွားရောင်လေး သူ့ဖက်မှာ ရှိပါစေဟု မိုးတိမ်တို့ အထပ်ထပ် ဆုတောင်းနေမိသည်။

သခွားရယ် . . .

ခင်ပျားလေးရဲ့ သဘောထားက သိပ်အရေးကြီးနေပြီ။

ကျွန်တော်တော့ သခွားနဲ့ အဝေးမခံနိုင်ဘူးဗျာ။

ဖြစ်တဲ့နည်းနဲ့ ဆုံဆည်းခွင့် ရမှာကို ဖြစ်မယ်၊ တခြား ရွေးစရာ လမ်းမရှိဘူးနော်။

◆ ◆ ◆

သူ့ကို မြင်လိုက်တော့ မနက်က စက်ရုံသွားတဲ့ အဝတ်အစားအတိုင်း။

နက်ခ်တိုင် အပြာနုလေး ချည်ထားတဲ့ ရှပ်အင်္ကျီ အဖြူပေါ် ကွမ်းရိုးစင်းလိုင်းလေးတွေပါတဲ့ အင်္ကျီနှင့် စတိုင်လ် ဘောင်းဘီ ရှားစေးရောင်နုနုနှင့်ပဲ ဖြစ်သည်။

သူ အိမ်ကို မရောက်သေးဘဲ စက်ရုံကနေ သခွားတို့ ကုမ္ပဏီကို တန်းလာခဲ့တာ ဖြစ်မည်။

သူ့မျက်နှာက ချွေးပြန်ပြီး နီမြန်းနေသည်။

သခွား လှမ်းကြည့်နေဆဲမှာပဲ သူက လက်ထဲက ယောက်ျားကိုင် လက်ကိုင်ပဝါဖြူဖြူနှင့် နဖူးစပ်က ချွေးကို စိတ်မရှည် သလို ပွတ်သုတ်လိုက်တာ မြင်ရ၏။
www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲထိ ဝင်မလာဘဲ ခြံဝင်းထဲမှာ ကားရပ်ကာ ကားနားမှာပဲ ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။

သူ့ပုံစံကို ကြည့်ရတာ တစ်ခုခု အရေးတကြီး ပြောချင်တဲ့ပုံ ပေါက်နေသည်။ သခွားရင်မှာ ထိတ်ခနဲ တစ်ချက် ခုန်သွားရရင်း သူ့ဆီ ခြေလှမ်းသွက်သွက် လှမ်းလာမိ၏။

"ကိုမိုး"

"ဟာ … သခွား … ရုံးဆင်းပြီလား"

"ဆင်းတော့ ဆင်းပြီ၊ ဘယ်သူမှတောင် ထွက်မလာသေးဘူး၊ သခွားက ကိုမိုးကို မြင်လို့ အရင်ဆုံး ထွက်လာတာ"

"ဒါဆို ကားပေါ်တက်၊ ကျွန်တော်တို့ တစ်နေရာ သွားရအောင်၊ ကျွန်တော် သခွားကို ပြောစရာတွေ ရှိတယ်"

"အင်းပါ … ရှင့်ပုံမြင်ကတည်းက သိပါတယ်နော်"

သခွားက သူ့ကားပေါ် မြန်မြန်တက်ထိုင်လိုက်၏။

သူ့မျက်နှာမှာ အရေးတကြီး ဖြစ်နေတဲ့ အမူအရာကို မြင်တာမို့ သခွားလည်း အလိုလို ရင်ခုန်လာပါသည်။

ဘာမှန်းမသိရသေးဘဲ ထိတ်လန့်နေမိ၏။

မိုးတိမ်တိုက်က ကားကို ကန်တော်ကြီးဖက် ဦးတည်ကာ ကရဝိတ်ဝင်ပေါက်ဖက်မှ ဝင်လာသည်။



အေးမြသော ကန်ရေပြင်နှင့် နုသစ်လတ်ဆတ်သော လေပြေအေးအေးကို ခံစားတွေ့မြင်ရသောအခါ ပူလောင်နေသော နှလုံးသားမှာ အနည်းငယ် လန်းဆန်း ငြိမ်းအေးသွားရသည်။

မိုးတိမ်တိုက်သည် ကားကို လူသူ ရှင်းလင်းသော သစ်ပင်ရိပ်ကောင်းကောင်းအောက်ထိ တောက်လျှောက် မောင်းဝင်လာပြီးမှ စက်သတ်ရပ်လိုက်ပါသည်။

ပြီးလျှင် ဘာမပြောညာမပြောနှင့် သခွားဖက် လှည့်ကာ …

သခွားကိုယ်လုံး အိအိလေးကို ပြုန်းကနဲ ရင်ခွင်ထဲ ဆွဲသွင်း၍ ဖက်ထားလိုက်သည်။

"အို … ရှင် ဘာဖြစ်တာလဲ"

"သခွားနဲ့ မခွဲနိုင်ဘူး၊ သခွားကို မစွန့်လွှတ်နိုင်ဘူး၊ သခွားကို မောင် အရမ်းချစ်တယ်ကွာ"

"အမယ်လေးနော် … ဖြည်းဖြည်းပြောပါဦး၊ ဘယ်သူကရော ရှင့်ကို စွန့်လွှတ်ရမယ်လို့ အမိန့်ပေးနေလို့လဲ"

"အမိန့်မပေးပေမယ့် သူက သခွားရောင်ကို လက်ထပ်မယ်လို့ ကြေညာလိုက်ပြီဗျ"

"ရှင် … ဘယ်လို"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးကြီးလေ၊ ကိုမိုးကောင်းကင် မနက်ဖြန် ရန်ကုန် ရောက်လာမယ်တဲ့"

"အို . . . မဖြစ်နိုင်တာ"

"ဖြစ်နိုင်လို့ ပြောနေတာပေါ့ သခွားရယ်၊ မောင့် ဘယ် လောက်ထိ စိုးရိမ်နေရသလဲ သခွားမသိဘူး"

"ကိုမိုးကောင်းကင်က မန္တလေးမှာ သူကြိုက်နေတဲ့ ရည်းစား ရှိတယ်ဆို၊ အဲဒီ ရည်းစားကြောင့်မဲ့ သူ ဒီကို မလာနိုင်လို့ ရှင့်ကို လူစားထိုး လွှတ်ရတာပါဆို၊ ရှင်ပဲ ပြောပြီးတော့ ကိုမိုးရယ်၊ အခု ဒါက ဘယ်လို ဖြစ်ရတာလဲ"

"မောင်လည်း မသိဘူး။ ကိုကြီး ကြိုက်နေတဲ့ မခင်လေးက တစ်ခြားလူ ယူသွားပြီ၊ အဲဒါကြောင့် ကိုကြီးက အခု အသဲတွေကွဲပြီး စိတ်ညစ်နေလို့ ရန်ကုန် လာတော့မယ်၊ သူ ဒက်ဒီ ပေးစားတဲ့မိန်းမ ကိုပဲ ယူတော့မယ်တဲ့၊ နေ့ခင်းကလည်း မောင့်ကို ဖုန်းထဲမှာ သေချာ ပြောလိုက်ပြီ"

"ဟင် . . . သူက အခုမှ ဖြန်းစားကြီး ဘာစိတ်ကူး ပေါက်တာလဲ"

"သူ့စိတ်ကူးက သခွားကို သိမ်းပိုက်ဖို့ စိတ်ကူးပဲ၊ မောင်တို့ ဘယ်လို လုပ်ကြမလဲဟင်"



သခွားက သူ့ရင်ခွင်ထဲမှ အသာရုန်းထွက်ပြီး စဉ်းစား ပုံလေးဖြင့် ငြိမ်သက်သွား၏။

မိုးတိမ်တိုက်က သခွားရဲ့ မျက်နှာနုနုလေးကို ပျောက်သွား တော့မလို မျက်တောင်မခတ် စူးနစ်စွာ ကြည့်နေသည်။ သခွားရဲ့ မျက်နှာပေါ်မှာ စိတ်ရှုပ်သော အရိပ်အယောင်လေး စွန်းထင်းနေ၏။

"သခွား . . . ဘာတွေ စဉ်းစားနေတာလဲ၊ မောင်တို့ ဒီတိုင်းနေလို့တော့ မဖြစ်တော့ဘူး ထင်တယ်"

"အင်း . . ."

သခွားရောင်က အင်းဟု သံရှည်လေး ဆွဲကာ ငြိမ်တွေနေ သည်။

"ကိုကြီးက မောင့်ကျေးဇူးရှင်၊ မောင့်အလုပ်ရှင်ဆိုတာ တော့ မှန်ပါတယ်။ သူ့အပေါ် သစ္စာ မရှိချင်လို့လည်း မဟုတ်ပါဘူး"

"အဲဒါတွေ သခွားသိပါတယ် မောင်ရယ်"

'မောင်ရယ်' ဆိုတဲ့ အသံချိုအေးလေးကြောင့် မိုးတိမ်တိုက် စိတ်သက်သာရာရပြီး ကြည်နူးမှုက ဖွားကနဲ ပေါ်လာရ၏။

"မောင်တို့ အတူတူ နေရအောင်"

"ဟင်"

"မောင့်ကို လက်ထပ်ပါ သခွားရယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက သခွားကို တင်းတင်းကျုပ်ကျုပ်ကြီး ထွေးဖက် ကာ ခွင့်တောင်းနေသည်။

သခွား ဘယ်လို ဖြေရမှာလဲ။

သူက လွတ်ထွက်သွားတော့မလို မချင့်မရဲ တိုး၍တိုး၍ ဖက်ထားတာကြောင့် သခွားကိုယ် နွေးနွေးလေးက သူ့ရင်ခွင်ထဲ နစ်မြုပ်လုနီးနီး ဖြစ်နေရ၏။

သခွား နှလုံးသားတို့ ပြောင်းဆန်အောင် ခုန်ပေါက် လှုပ်တုန်လာသည်။

နှလုံးသွေးတို့က ရုတ်ခြည်း ပူနွေးကာ လှည့်ပတ်စီးဆင်းမှု မြန်ဆန်လာရ၏။

ဤသို့ သူ့ရင်ခွင်ထဲ ခိုဝင်နေရချိန်မှာ သခွား သိလာတာ ကတော့ ဒီရင်ခွင်ဟာ သခွားအတွက် လုံခြုံ နွေးထွေးဆုံး၊ အလို အပ်ဆုံး၊ အတောင့်တဆုံး၊ အဖိုးမဖြတ်နိုင်ဆုံး ဆိုတာပါပဲ။

တခြားရင်ခွင်တစ်ခုမှာ သခွား ဘယ်လိုမှ မပျော်ပိုက်နိုင် တော့ပါ။ မောင်နှင့်သာ တစ်သက်လုံး အေးအတူ ပူအမျှ အတူတူ နေသွားချင်သည်။

"မောင် ... ဖယ်ဦးလေကွာ၊ သခွား ပြောမလို့"

"ဒီတိုင်းပဲ ပြောကွာ"



သူက ကလေးဆိုးကြီးတစ်ယောက်လို ဖွတ်ပင် ဖက် ထားသည်။

လုံးဝ ဖြေလွှတ်မပေး။

"မောင့်ကို လက်ထပ်မှာလား"

"သခွားလည်း မောင်နဲ့မှ မခွဲနိုင်တာ"

"ဟား ... တကယ်နော်၊ ဝမ်းသာလိုက်တာကွာ"

သခွားရဲ့ ထီးတိုး ဖြေသံလေးက သူ့အတွက် စိတ်ချမ်း သာစရာ ကောင်းလှပါသည်။

ဖိစီးနေတဲ့ သောကတွေ ရုတ်ခြည်း ပြေပျောက်သွား စေသည်။

ချစ်သူလေးကို ကျေးဇူးတင်စွာဖြင့် တရှိုက်မက်မက် မြတ်နိုးစွာ နမ်းရှိုက်နေမိ၏။

သခွားရဲ့ ဆုံးဖြတ်ချက်ကို သိရသောအခါ မိုးတိမ် တိုက်ရဲ့ ပူလောင်ထိပ်ပျာနေသော ခံစားချက်တွေက မီးကို ရေနှင့် ငြှိမ်းလိုက်သလို အေးကနဲ စိုစွတ်သွားရလေသည်။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

ခရမ်းသည် အိပ်ရာထချိန် အနည်းငယ် နေမြင့်သွား၍ ကမန်းကတန်း သွားတိုက်၊ မျက်နှာသစ်ပြီးတာနှင့် အိမ်မှာ တစ်စုံတစ်ရာ ထူးဆန်းနေသည်ဟု စိတ်ထဲ အလိုလို ခံစား မိလိုက်သည်။

ခါတိုင်းဆို သူမ အိပ်ရာနိုးချိန်ဆို သခွားက ကုမ္ပဏီသွားဖို့ ပြင်ဆင်လှုပ်ရှားနေတာ မြင်ရသည် မဟုတ်လား။

“ဒေါ်ဒေါင်းရေ”

“ဟေ”

“ဒီနေ့ စနေနေ့နော်”

“အေးလေ ဘာဖြစ်လို့တုန်း”

စနေဆိုတော့ ရုံးပိတ်ရက်ပေါ့၊ ဒါကြောင့်များ သခွားကို မမြင်ရတာလား။



“သခွားရော ဒေါ်ဒေါင်း... ခုထိ မနိုးသေးဘူးလား”

“ဘယ်က မနိုးရမှာလဲ၊ ဒီနေ့ မနက် ငါးနာရီ ကတည်းက လာတာ၊ ဒေါ်ဒေါင်းတောင် သူ့ကို ကော်ဖီ ဖျော်ပေး သေးတယ်။ ဖျာဖျာဖျာဖျာနဲ့ သွားစရာ ရှိတယ်ဆိုပြီး အိတ်ဆွဲပြီး သွားတာပဲ”

“ဟင်”

ခုမှ ခရမ်း ဆတ်ကနဲ ဖြစ်သွားရသည်။

ဒေါ်ဒေါင်း နားသို့ မြန်မြန် တိုးကပ်လာပြီး...

“သွားစရာ... ဘယ်သွားစရာတဲ့လဲ”

“အဲဒါတော့ ဒေါ်ဒေါင်းလည်း မသိဘူးလေ၊ အဒေါ်က မ်းလေး သိပြီးသားမှတ်လို့”

ခရမ်း လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး...

“ဒါဆို... ကိုမိုးရော၊ ကိုမိုး ရှိတယ် မဟုတ်လား”

“မောင်မိုးလည်း စောစောစီးစီး ရှေ့ဆင့်နောက်ဆင့် င်းသွားတာပဲ၊ ကျောပိုးအိတ်နဲ့မို့လို့ ဒေါ်ဒေါင်းတောင် လေး ပြန်မလို့လားလို့ နောက်လိုက်သေးတယ်၊ သူက ယ်နေတယ်၊ မိန်းမခိုးမလို့ဗျို့လို့တောင် ပြန်နောက်သွား သေးတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆိုရင် မဖြစ်ဘူး ပြဿနာတော့ ပြဿ
ပဲ၊ ဒေါ်ဒေါင်းကလေ သမီးကို စောစောစီးစီး လာနှိုးပြီး ပြော
မဟုတ်ဘူး"

"ဟဲ့ ... အဒေါ်လည်း ဘယ်သိပါ့မလဲ"

ဒေါ်ဒေါင်းက ခရမ်း အမူအရာကြည့်ပြီး အခုမှ မျက်လုံး
ရလေသည်။

"ခရမ်း ... သမီး၊ ဒါဆို သူတို့ချင်းက ကြိုက်နေ
လို့လား ဟုတ်လား"

အခုမှ အူလျားဖားလျား လိုက်မေးနေသည်။ ခရမ်း
ပြန်မဖြေအား၊ သခွား သူမကို မတိုင်ပင်ဘဲ တစ်ခုခု လုပ်ချသွား
ဆိုတာတော့ သိသည်။

ကိုမိုးက တကယ်ပဲ သခွားကို ခိုးပြေးပြီလား။

ရင်တွေ တဒိတ်ဒိတ် အခုန်မြန်လာရသည်။

အပြေးအလွှားဖြင့် ဘယ်ကို ဖုန်းဆက်ရမလဲ စဉ်းစား
ဖုန်းနားရောက်လာစဉ်မှာပဲ ကော့လက်စ် ထောင်ထားတဲ့ ကုလ
ထိုင်ပုံလေးအောက်မှာ စာအိတ်တစ်အိတ် ရှိနေတာ တွေ့လိုက်
ရသည်။

ဟာ ...။



ခရမ်းက တအံ့တသြ စာအိတ်ကို ကောက်ယူတော့
တ်မထားတဲ့ စာအိတ်ထဲမှာ သခွား လက်ရေးသော့သော့နှင့်
ကမန်းကတန်း ရေးသွားတဲ့စာလေးတစ်စောင် ...

ခရမ်း

ငါ ... ကိုမိုးတိမ်တိုက်ခေါ်ရာနောက် လိုက်သွားပြီ၊ နင်
ဘာမှ စိတ်မပူနဲ့နော်၊ ကိုမိုးက ငါ့ဘဝကို နွေးထွေး လုံခြုံမှု ပေးနိုင်တဲ့
ခင်ပွန်းကောင်းတစ်ယောက်ဆိုတာ ငါ ယုံပါတယ်။

ငါတို့ နှစ်ယောက် အဆင်ပြေသလို လက်မှတ်ထိုး
လက်ထပ်လိုက်မယ်၊ ပြီးရင် ပြင်ဦးလွင်ဖြစ်ဖြစ်၊ ကလောဖြစ်ဖြစ်
တစ်နေရာရာကို ဟန်းနီးမွန်းသွားမယ်။

ငါ့အတွက် စိတ်ချပါ။

ဒီလို ဘာကြောင့် ကမန်းကတန်း စီစဉ်လိုက်ရသလဲ ဆိုတာ
နင့်ကိုတောင် ပြောချိန် မရလိုက်ဘူးနော်။

ခရမ်း ... ဒီမနက်ပဲ ဦးမိုးကောင်းကင် ရောက်လာလိမ့်မယ်
သိလား၊ သူက သူ့ရည်းစား တစ်ခြားလူနောက် ပါသွားလို့ အသဲကွဲ
ပြီး ရောက်လာမှာလို့ ပြောတယ်၊ ငါတို့ကိစ္စတွေ သူ့ကို နင်ပဲ
ကြည့်ပြောလိုက်ပါ။ ငါကတော့ ကိုမိုးတိမ်တိုက်က လွဲရင် ဘယ်သူ့
မချစ်နိုင်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းကင်နဲ့လည်း ရင်မဆိုင်ချင်ဘူးဟာ...။

မမအင်ကြင်း ဖုန်းဆက်ရင်လည်း အားလုံးအမှန်အတိုင်း ပြောပြလိုက်ပါ။ စိတ်ဆိုးရင်လည်း မတတ်နိုင်ဘူး။ နောက်တော့ ငါ သေချာ တောင်းပန်ပါ့မယ်။

ကိုမိုးကလည်း သူ့အစ်ကိုကြီးကို မျက်နှာပူ အားနာနေ တယ်၊ ငါ့ကို မခွဲနိုင်လို့၊ မစွန့်လွှတ်နိုင်လို့ သူ ဒီလို ဆုံးဖြတ်လိုက် ပေမယ့် စိတ်တော့ မကောင်းဘူးပေါ့ဟယ်။

ငါအိမ်မှာ မရှိပေမယ့် ဦးမိုးကောင်းကင် လာရင် နှ ဧည့်ဝတ်ကျေကျေနဲ့ ဖော်ရွေလိုက်နော်။

သြော် ... ကုမ္ပဏီမှာ ခွင့်စာတင်ပေးဖို့လည်း အရေး ကူညီပါဦး။ ပလိစ်နော်၊ နောက်မှပဲ ကျေးဇူးတွေ ပြန်ဆပ်ပါ့မ ညီမလေးရယ်၊ နော်၊ (ကိုမိုးကောင်းကင်က ငါ့ရဲ့ ခဲအို ဖြစ်သွား ဆိုတာ မမေ့နဲ့) ဒါပဲနော်။

ကိုမိုးတိမ်တိုက် + သခွားရေး

စာဖတ်ပြီးလျှင် ခရမ်းက နှုတ်ခမ်းကို မဲ့ရွဲ့လိုက်ပါသည် အမယ်လေးနော် ... သူ့နာမည်ရှေ့မှာ မိုးတိမ်တိုက် ပါလာပြီ။



တော်တော်လာတဲ့ မိန်းမ၊ ခုကတည်းက မိုးတိမ်တိုက်ရဲ့ နီးဆိုပြီး ဘဝင်လေဟပ်နေပြီ။ ကြည့်ဦး ...။

ဟွန်း ... အမြင်ကပ်စရာ ကောင်းလိုက်တာ။

အရေးထဲမှာ သူ့ကုမ္ပဏီ အလုပ်က ပြုတ်မှာလည်း ကြောက်သေးတယ်။

ငါက ခွင့်တင်ပေးရဦးမတဲ့။

နင်နဲ့ ပေါင်းမိတာ ဘာတစ်ခုမှ ဟန်မကျပါလား သခွား ရေ ...

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

လမ်းထဲကို ဝင်လာတဲ့ LAND CRUISER လင့်ခရူဇာ ကား ပြောင်ပြောင်လက်လက် တောက်တောက်ပပကြီးကို မြင်လျှင် ခရမ်းရဲ့ ရင်ခုန်သံတို့ မြန်ဆန်သွားရသည်။

ဒါမှ မန္တလေးက တကယ်ရောက်လာတဲ့ ကုမ္ပဏီ သူဌေး အစစ်ကလေး ဖြစ်မှာ။

သေချာကြည့်တော့မှ ကားက အောက်ခြေတစ်လျှောက် ဖုန်တက်လာသည်။

တိုက်အောက်ခြေ ကွန်ကရစ်ခင်းပေါ် ကားကို ရပ်ပြီး ဆင်းလာသူမှာ အရပ်မြင့်မြင့် ထောင်ထောင်မောင်းမောင်း ကိုယ်နေဟန်ထား အနည်းငယ် ပြည့်ဖြိုးပြီး ဝမ်းဗိုက်က ဆူ သယောင်ယောင် ဖြစ်နေပြီ။



မျက်နှာက အပေါ်မော့ကြည့်တဲ့အခါ မိုးတိမ်တိုက်နှင့် တော်ဆင်ပါသည်။

ဒါပေမယ့် သူကမှ ယောက်ျားပီပီသသ ခန့်ခန့်ညားညားနှင့် ပြီး ထည်ဝါဝင့်ကြွားတဲ့ အဆင်းသဏ္ဌာန်ရှိတာ။

အို ... သူကမှ ပိုပြီး ကြည့်ကောင်းသေး။

ခရမ်းသည် သူ့ကို မြင်တာနှင့် နေရင်းထိုင်ရင်း အလိုလို လက်ဖျားအေးချင်လာသည်။

ဦးမိုးကောင်းကင် ...

သူ ရောက်လာခဲ့ပြီ ...။

မိုးကောင်းကင်က ဝဲဖက်သုံးလွှာရဲ့ ဝရံတာကနေ သူ့ကို ..ပ်ကြည့်နေတဲ့ မိန်းကလေးကို တွေ့လျှင် ချိုသာစွာ ပြုံးပြလိုက် ပါသည်။

သူက သူဌေးဆိုပေမယ့် ...

'ဒီလို တည်တည်ကြီး မနေနဲ့'၊ 'ဒီလို ပြုံးပြုံးလေးနေ' ဆိုတဲ့ ဆောင်ပုဒ်ကို ကျင့်သုံးတတ်သူမို့ လူတွေကို သူက အရင် ပြုံးပြတတ်တဲ့ အလေ့အကျင့်ကို ကောင်းစွာ လေ့ကျင့်ထားသည်။

နှုတ်ခမ်းလေးကို စေ့ပြီး ပြုံးပြလိုက်ရတာ ဘာ ပင်ပန်းသော ..တ်လို့ ...။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချိုတဲ့အတွက် လူချစ်လူခင်တောင် ပေါသေးသည်
တကယ်လည်း မိုးကောင်းကင်က သဘောမနော ကောင်းမွန်
လူပျိုကြီးဖြစ်ပြီး သူ့မျက်နှာက အမြဲပြုံးယောင် သန်းနေကာ
မာန ဟိတ်ဟန်တွေ မရှိပါ။

ကောင်မလေးက သူ့ကို ကြွေရရ ပြန်ပြုံးပြသည်။

ဒါ သခွားရောင်လား ... မဖြစ်နိုင်ပါဘူး ...

သခွားရောင်ဆိုတာကို ဓာတ်ပုံထဲမှာ မြင်ဖူးပေမယ့်
သူလည်း ကောင်းကောင်း မမှတ်မိပါ။

နေ့စမ်းပါဦး ...

ဟိုကောင် မောင်မိုးက ဘယ်မလဲ။

ဒီနေ့ သူ ရောက်လာမယ်ဆိုတာ သိနေရဲ့နဲ့ ဘာကြောင့်
ဆင်းမကြိုတာလဲ။

ရောက်ရောက်ချင်း မောင်မိုးကို မတွေ့ရသဖြင့် မိုးကောင်းက
တယ် ဘဝင်မကျလှ။

ဒါကြောင့် သူ နည်းနည်း မျက်မှောင် ကုပ်သွား
သည်။

တယည့်တယန်းမဒေါ်ဘဲ တစ်ယောက်ထဲ တောက် လျှောက်
ကားမောင်းလာခဲ့ရ၍ သူသည် ပင်ပန်းနွမ်းနယ်နေပြီ ဖြစ်ရာ



ကားပေါ်က ခရီးဆောင်အိတ်ကိုပင် ဆွဲမချချင်အောင် ညောင်းညာ
နေသည်။

ဒါကို ရိပ်မိတဲ့ ခရမ်းက ...

"ဒေါ်ဒေါ်ငါးရေ ... မန္တလေးက ဧည့်သည်ရောက်ပြီ၊
မြန်မြန်ဆင်းပြီး အိတ်တွေ ဘာတွေ ကူသယ်ပေးလိုက်ပါဦး"

"အေး ... အေး"

ဒေါ်ဒေါ်ငါး ဆင်းသွားသည်။ ခရမ်းက အသင့် တံခါး
ဖွင့်ထား၏။

"အိမ်ပေါ်ကြွပါရှင် ... လာပါ"

မိုးကောင်းကင်က (Guy Laroche) Brand ရှပ်အင်္ကျီ
ခရင်မ်ရောင်လက်ရှည်နှင့် စတိုင်လ်ဘောင်းဘီပွပွ ကာကီရောင်ကို
ခါးပတ်အနက်သေးသေးပတ်ကာ ဝတ်ထားပြီး ကြော့မော့
ရှင်းသန့်သော ပုံသဏ္ဌာန်နှင့် လှေကားပေါ် တစ်လှမ်းချင်း
တက်လာသည်။

ခရမ်းက တံခါးလေး အသင့်ဖွင့်ကြို စောင့်စားနေလိုက်
၏။

"ကျွန်တော်က စက်ပူက ဦးကျော်မောင် သားပါ။ ဒီမှာ
ရှိနေတဲ့ ကျွန်တော့်ညီ မောင်မိုး၊ အဲ ... မောင်မိုးရော ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးတိမ်တိုက် မရှိဘူး"

"ဗျာ"

"ရှင်က ကိုမိုးတိမ်တိုက်ရဲ့ အစ်ကို ဦးမိုးကောင်းကင် မို့လား"

"ဟာ… မင်း ဘယ်လို သိတာလဲ၊ မင်းက ဘယ်သူလဲ၊ သင်္ခါးရောင်ကရော ဘယ်မှာလဲ"

"ကဲ… ရှင် ခရီးပန်းလာတာမို့လား၊ အိမ်ထဲဝင်ပြီး နားပါဦးရှင်၊ ကျွန်မ အေးအေးဆေးဆေး အားလုံး ရှင်းပြပါ့မယ်၊ ကျွန်မက သင်္ခါးရဲ့ သူငယ်ချင်း ခရမ်းပါ"

ဒေါ်ဒေါင်းက အိတ်တွေ အထဲသွင်းသွားပြီး သူ့အတွက် အအေးတစ်ဘူးဖောက်ကာ ဖန်ခွက်ကလေးထဲ ထည့်၊ ဗန်းနှင့် သယ်ဆောင်လာပါသည်။

မိုးကောင်းကင်က လှမ်းယူပြီး အအေးကို တစ်ငုံ သောက်ကာ ပြန်ချထားလိုက်၏။

"ကဲ… ဆိုစမ်းပါဦး၊ မောင်မိုးတို့ သင်္ခါးရောင်တို့ ဘယ်မလဲ၊ ဘယ်သွားကြလဲ"

ခရမ်းသည် မျှော်လင့်တကြီး သူ့ရဲ့ မေးခွန်းအတွက် ဘာ ပြန်ဖြေရမည်မသိဘဲ အားတုံ့အားနာ ဖြစ်သွားမိပါသည်။



မိုးကောင်းကင်က သူ့ရှေ့က မိန်းကလေးကို စေ့စေ့ ကြည့်လိုက်မိသည်။

တူးစတက် ဆံပင်ညိုညို ခွေခွေလေးတွေ ကပိုကရို ကျနေပြီး မျက်နှာလေးက ပါးလျားလျားနှင့် ဆွဲဆောင်မှု ရှိသည်။

ပြူးပြူးပုံသွင်းထားသော မျက်ခုံးတန်းတန်းလေးနှင့် ရွှေရောင်ဆိုးထားသော နှုတ်ခမ်းလေးက ထင်းခနဲနေအောင် လှပသည်။

သူမ ဝတ်ထားတဲ့ ဂုတ်ပိုးသိုင်းကြိုးလေး တစ်ခုတည်း ချည်ထားတဲ့ ဂါဝန်အဝါပွင့်လေးကလည်း သူမနှင့် အတော် လိုက်ဖက်ပြီး၊ အခုမဲ ဖက်ရင်ပွဲ ထ,လျှောက်တော့မလို သူမ ဟန်ပန်နှင့် အဝတ်အစား ဝတ်ထားပုံလေးက ကြွကြွရွရွ သပ်သပ် ရပ်ရပ် ရှိလွန်းလှသည်။

ထိုင်နေပုံလေးကလည်း ဒူးကလေး ချိတ်ထားပုံကအစ ကိုယ်လေးကော့ပြီး မျက်နှာကိုပင် မော့ထားပုံကအစ အင်မတန် စတိုင်လ်ကျ စမတ်ဖြစ်နေသည်။

သင်္ခါးရောင်ကို တွေ့လျှင်ပင် ဒီလောက် စတိုင်လ်ကျ လှပမည်မဟုတ် သူမထင်။

မျက်ဝန်းကလေးက သူ့ကို ငြိမ့်ရီရီလေး ငေးမောနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ အကြည့်က အဓိပ္ပာယ် ဖော်ရခက်လှပြီး တစ်မျိုးလေး သက်ဝင်လှုပ်ရှားနေတာကြောင့် မိုးကောင်းကင်ရဲ့ ရင်မှာ ဖိုသလိုလို ဘာလိုလို ဖြစ်သွားရသည်။

“ဟိုလေ ပြောရမှာတော့ အားနာပါတယ်”

“ရပါတယ် ပြောသာပြော”

“မိုးတိမ်တိုက်နဲ့ သန္တာရောင်နဲ့ ဒီမနက်ကပဲ ထွက်သွားကြပြီ”

“ဗျာ ... ဘယ်ကို ထွက်သွားတာလဲ”

“ဒါတော့ ကျွန်မလည်း မသိဘူး၊ ရှင်းရှင်းပြောရရင် သန္တာကို ကိုမိုးက ခိုးပြေးတဲ့ သဘော”

‘ဟာ’ ဆိုပြီး သူက ကိုယ်ကြီးမတ်ခနဲ ဖြစ်သွားလျက် တအံ့တသြ ရေရွတ်သည်။

“ဒီကောင် ... မောင်မိုး ... ဒီကောင်”

“နေပါဦး၊ ရှင် အပြစ်တင် မစောပါနဲ့ဦး၊ ရှင်က ရှင်ကိုယ်တိုင် မလာဘဲ သူ့ကို လူစားထိုးပြီး လွှတ်လိုက်သလိုပဲ၊ ဒီမှာ သန္တာကလည်း သူ့အစ်မလွှတ်လိုက်တာ ဘယ်လို လူစားလဲ သေချာသိချင်လို့ ကျွန်မနဲ့ နေရာချိန်းပြီး သူ့ကိုယ်သူ ခရမ်းဆိုပြီး မိုးတိမ်တိုက်ကို မိတ်ဆက်တာ၊ အဲဒါနဲ့ ကိုမိုးလည်း သန္တာကို



ခရမ်းပဲထင်ပြီး သံယောဇဉ်ဖြစ်သွားတယ်။ ကျွန်မကိုတော့ သူက သန္တာရောင်အစစ်ပဲ ထင်ပြီး တလေးတစား ပြောဆို ဆက်ဆံပါတယ် ...

... ကျွန်မတို့လည်း ဒီအကြောင်းတွေ မနေ့တစ်နေ့ကမှ သိရတာ၊ အဲဒီအချိန်မှာ ရှင် ရောက်လာမယ်ဆိုတော့ သူတို့လည်း လန့်ပြီး ပြေးကြတာပေါ့ ...

... ဒီကိစ္စမှာ သန္တာရောင်လည်း အပြစ်မရှိပါဘူး။ သူချစ်တဲ့သူနောက် သူလိုက်သွားတာပဲ”

ခရမ်းသည် ရှေ့နေလိုက်ကာ ကာကာကွယ်ကွယ်လေး ပြောဆိုနေတာမို့ မိုးကောင်းကင်မှာ ရှက်ပြီး၊ ဘယ်သူ့ကို ရှက်ရမ်းရမ်းရမလဲတောင် မသိချေ။

မောင်မိုး ... မောင်မိုး သန္တာရောင်ကို မ,သွားပြီတဲ့။

“သူတို့က မမှားဘူးဆိုရင် ကျုပ်က မှားနေတာပေါ့ ဟုတ်လား”

“အဲလို မပြောပါဘူး ... ဒီကိစ္စတွေ ကျွန်မနဲ့မှ မပတ်သက်တာ၊ သူတို့ ထွက်သွားကြတာတောင် ကျွန်မ မသိဘူး။ သန္တာက ဒီမှာ စာတစ်စောင် ရေးသွားလို့သာ အကျိုးအကြောင်း သိရတာရှင့်”

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းသည် သက်သေပြချင်ဇောနှင့် အမှတ်တမဲ့ စားပွဲပေါ်က စာကို လှမ်းယူလိုက်သည်။

သူက ဖတ်ကြည့်မည့်ပုံနှင့် လက်လှမ်းသောအခါ စာပါ အကြောင်းအရာတချို့ကို လှစ်ကနဲ သတိရသည်။

ဒီလူကြီးကို ပေးဖတ်လို့ မဖြစ်ပါဘူး။ သခွားက ခရမ်းကို 'ညီမလေး' လို့ ကျီစယ်ထားတာ၊ သူတွေ့လို့ ဘယ်ဖြစ်မလဲ။

"ပေးလေ ... ဘာတွေ ရေးထားသလဲ ကျုပ် သိချင်တယ်"

"ဟင့်အင်း ...ရှင်ဖတ်လို့ မဖြစ်ဘူး"

ခရမ်းက လက်ကို အမြန်ပြန်ရုတ်သိမ်းသည်။

မိုးကောင်းကင်သည် လက်ထဲရောက်ခါနီးမှ စာအိတ်ကို ပြန်ရုတ်သိမ်းသွားသဖြင့် မကျေမနပ် ဖြုန်းကနဲ ထ,လုလိုက်ပါ၏။

သူ ဒီလို လုပ်ဖို့တော့ မရည်ရွယ်။

အမှတ်တမဲ့ ဖြစ်သွားတာ။

စာအိတ် သူ့လက်ထဲ ရောက်သွားလျှင် ခရမ်းပုံစံသည် မလုံမလဲ မျက်နှာလေး နီမြန်းပျာယာခတ်သွားသည်။

"အို ... ရှင် ဘယ်လိုလူလဲ၊ မဖတ်ပါနဲ့ဆိုတာ သူများ



တွေရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေရှင့်၊ ကျွန်မကို အခု ပြန်ပေးပါ"

"မပေးဘူးဗျာ၊ ဒါ ကျုပ်နဲ့လည်း ဆိုင်တယ်၊ သခွားရောင်တို့အကြောင်း ကျုပ်သိချင်တယ် မောင်မိုး ဘယ်လိုအချိုးချိုးတာလည်း ကျုပ်သိဖို့ လိုတယ်"

ခရမ်းက ပြန်လုလျှင် သူက မပေးဘဲ လက်ကို နောက်သို့ ဝှက်၏။

ကြည့်ပါဦး ...

ပြောတော့သာ ကုမ္ပဏီလူကြီးမင်း၊ အပြုအမူက ကလေးအတိုင်းပဲ ...

အင်မတန် ဖွတ်တရွတ် ခေါင်းမာတတ်မည့် ကလေးဆိုးကြီး ပုံစံပါလား။

ခရမ်းက ပြန်လု၍ မရသဖြင့် စိတ်လျှော့လိုက်ကာ ...

"ကဲ... ဒီလောက် ဖတ်ချင်လည်း ဖတ်ကြည့်၊ ဖတ်ကြည့် မတတ်နိုင်ဘူး၊ ပြီးရင် ကျွန်မကို ဘာတစ်ခွန်းမှ လာမမေးနဲ့တော့ ဒါပဲ၊ ဒီအိမ်မှာ ရှင်ကြိုက်သလောက်နေ၊ ကျွန်မနဲ့လည်း မဆိုင်ဘူး"

ခရမ်းက ပြောပြောဆိုဆို သူ့ကို မျက်စောင်းထိုး၍ ခြေဆောင့်ထွက်သွားလျှင် မိုးကောင်းကင် နှလုံးသားမှာ မကြုံစဖူးနှင့် ကြည်ကြည်နူးနူးကြီး ခုန်လှုပ်ကျန်ရစ်ရပါသည်။

www.burmeseclassic.com



ဘယ်နေ့ကြောင့် ကျုပ်ကို တွေ့တွေ့ချင်း ဒီလောက် ရန်တွေ့ စိတ်ဆိုးရတာပါလိမ့်။

မိုးကောင်းကင် သီချင်သော အဖြေလေးတစ်ခုက မလွဲမသွေ ရှိကို ရှိနေပါလိမ့်မည်။

ဆုလေးနွယ်

www.burmeseclassic.com